# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၁၂၁)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## Invest Myanmar Summit 2019 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၂၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ ပူးပေါင်းကျင်းပသည့် Invest Myanmar Summit 2019 ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ

*စာမျက်နှာ ၅ ကော်လံ ၁* ❍



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် **Invest Myanmar Summit 2019** ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းဆိုင်ရာပြခန်းများကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာ » ၁၀ - ၁၁


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# နိုင်ငံရေးနှင့်နိုင်ငံရေးသမားကောင်းများ ပေါ်ထွန်းရေး

ဒီမိုကရေစီစနစ်ထူထောင်သည်ဆိုခြင်းတွင် နိုင်ငံရေးယဉ်ကျေးမှု မြင့်မားအောင် ထူထောင်ရသည်ဆိုခြင်းက ယှဉ်တွဲနေ၏။ နိုင်ငံရေး ယဉ်ကျေးမှုကို ဖော်ဆောင်ကြမည့်သူများမှာ နိုင်ငံရေးသမားများ ဖြစ်၏။

ဒီမိုကရေစီစနစ်ဆိုသည်နှင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး စသည့်မဏ္ဍိုင်ကြီးများကို ပြည်သူလူထု၏ ဆန္ဒသဘောထားပေါ်မှာ အခြေခံကာ တည်ဆောက်ရသည်။ ပြီးပြည့်စုံအောင် ကောင်းမွန်ဖို့ သေချာချင်မှ သေချာမည်ဖြစ်သော်လည်း ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်စစ်စစ်များကိုသာ တာဝန်ယူစေသည့် နည်းလမ်းက အသင့်တော်ဆုံး ဖြစ်နေဆဲ။

ယင်းသို့ ပြည်သူ့ကိုယ်စားလှယ်ကောင်းများကို ပြည်သူတို့ ရွေးချယ်နိုင်ကြဖို့အတွက် နိုင်ငံရေးသမားများ အားကောင်းဖို့ လိုအပ်ပါမည်။ တစ်နည်းဆိုရသော် နိုင်ငံရေးသမားစစ်စစ်များ လိုအပ်ပါသည်။ အရည်အချင်းပြည့်ဝသော နိုင်ငံရေးသမားများ၊ အမြော်အမြင်ကြီးသော နိုင်ငံရေးသမားများ၊ ကိုယ်ကျိုးမရှာသော၊ ပြည်သူ့အကျိုးကို ရှေးရှုသော နိုင်ငံရေးသမားများ။

မြန်မာနိုင်ငံက နိုင်ငံရေး ပြဿနာများ၊ နိုင်ငံရေး မတည်ငြိမ်မှုများ၊ နိုင်ငံရေး အကျပ်အတည်းများကြားတွင် နှစ်လရှည်ကြာ ဖြတ်သန်းလာခဲ့ရသည့်အတွက် နိုင်ငံရေး ရင်ပြင်ကျယ်ကြီးက ရှိပြီးဖြစ်သည်။

နိုင်ငံရေးသမားဘဝ ခံယူပြီဆိုသည်နှင့် ပထမဆုံး ပိုင်းဖြတ်ရသည့် အလုပ်မှာ ကိုယ်ကျိုးစွန့်ရခြင်းဖြစ်ပါသည်။ နိုင်ငံရေးလုပ်ပြီး ချမ်းသာကြွယ်ဝချင်လို့မရ။ နိုင်ငံရေးကို ကိုယ်ကျိုးစီးပွားအကျိုးအမြတ်နှင့် ယှဉ်တွဲပုံဖော်လို့မရ။

နိုင်ငံရေးသမားဆိုသည်မှာ ပြည်သူလူထု ထောက်ခံမှုရသည်နှင့် နိုင်ငံရေးအာဏာနှင့်အတူ လုပ်ပိုင်ခွင့်နှင့်တာဝန်များ ရလာမည်။ ထိုလုပ်ပိုင်ခွင့်များ၊ အာဏာများသည် ကိုယ့်ကိုယ်ကျိုးအတွက်မဟုတ်။ ကိုယ့် ပြည်သူလူထုအကျိုးရှိအောင် ထိုလုပ်ပိုင်ခွင့်များ၊ အာဏာများကို မည်သို့ အသုံးပြုမည်နည်း၊ မည်သို့ အသုံးပြုခြင်းအားဖြင့် ပြည်သူလူထုအတွက် ပိုမိုထိရောက်အကျိုးရှိမည်နည်းကို တွေးခေါ်မြော်မြင် ချမှတ်အကောင်အထည်ဖော်ရ၏။

ဤသည်က နိုင်ငံရေးသမားတို့၏ စဉ်းစားတွေးခေါ်ပုံဖြစ်၏။

ပြီးတော့ နိုင်ငံရေးသမားဟူသည် မတူညီသော သဘောထားများကို စည်းရုံးဆွေးနွေးပြီး အများသဘောတူအောင် ဆောင်ရွက်ရခြင်းဖြစ်သည်။ သည့်အတွက် ပြည်သူလူထု ထောက်ခံမှုရဖို့ စည်းရုံးရေး အင်အားကောင်းဖို့လို၏။ ထို့အတူ အာဏာနှင့် လုပ်ပိုင်ခွင့် တာဝန်ကို ကျေပွန်ရန်တိုင်းပြည်အုပ်ချုပ် စီမံခန့်ခွဲနိုင်သည့် စွမ်းရည်ထက်မြက်ဖို့လည်း လိုအပ်ပါမည်။

သည်လို နိုင်ငံရေးသမားစစ်စစ်များ၊ နိုင်ငံရေးသမားကောင်းများ ရှိပါမှ အောက်ကျနောက်ကျဖြစ်နေရသော နိုင်ငံဘဝမှသည် တိုးတက်ထွန်းကား တွင်ကျယ်သော နိုင်ငံဘဝသို့ တက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။

ထို့ကြောင့် နိုင်ငံတွင် နိုင်ငံရေးနိုးကြားသူများ များပြားတိုးတက်ဖို့ လိုသကဲ့သို့ နိုင်ငံရေးသမားကောင်းများ များများပေါ်ထွန်းဖို့လည်း လိုအပ်ပါသည်။

နိုင်ငံရေးပါတီများက မျိုးဆက်သစ် နိုင်ငံရေးသမားကောင်းများ ပေါ်ထွန်းလာစေရေး လေ့ကျင့်ပျိုးထောင်ပေးဖို့လိုအပ်သလို ပြည်သူလူထုကြားထဲက နိုင်ငံရေးသမားကောင်းများ ထွက်ပေါ်လာဖို့ အားပေးနေကြရန် လိုပါမည်။

အထူးသဖြင့် လူငယ်သွေးသစ်အများအပြားကို နိုင်ငံရေးနယ်ပယ်မှာ လိုအပ်ပါသည်။ နိုင်ငံက အားကိုးရမည့်၊ ရိုးသားဖြူဖြောင့်သည့်၊ အရည်အသွေးပြည့်ဝသည့်၊ အများအကျိုးကို ရှေးရှုသည့် နိုင်ငံရေးသမားကောင်းများ ပေါ်ထွန်းရေးကို ကြိုးပမ်းခြင်းသည် မြန်မာ့အနာဂတ်အရေးအတွက် လိုအပ်သော နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်ဟု ယူဆမိပါကြောင်း တင်ပြလိုက်ရပါသည်။ ။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ငုယင်ကွတ်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာအစိုးရမှ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ အသိုက်အဝန်းအားလုံးအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ဗီယက်နမ်ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် ဗီယက်နမ်အစိုးရမှ ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်းသို့ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး ဒေါက်တာ လူသွေယောင်းနှင့် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ဗီယက်နမ်ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်သည် ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တွေ့ဆုံခဲ့ပြီး မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ထိုင်း-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ထိုင်း - မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ General Ongard Pongsakdi အား ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ထိုင်း - မြန်မာနှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ ကူးသန်းရောင်းဝယ်ရေးနှင့်စပ်လျဉ်းသည့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်သမားအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်မင်း၊ ဒေါက်တာ ဒေါ်မေဝင်းမြင့်၊ ဦးဇော်သိန်း၊ ဒေါ်ခင်စန်းလှိုင်၊ ဦးခင်အေး၊ ဦးကြည်မိုးနိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ထိုင်း-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ရာဇဝတ်အထူးအယူခံမှု (၃) မှုနှင့် တရားမအထူးအယူခံမှု(၂)မှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု(၅)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံး ပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲက ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု(၃)မှုနှင့် တရားမအထူး အယူခံမှု(၂)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု (၅) မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဦးသန့်စင်အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှုမျှော်မှန်းချက်ပြည့်မီရေး အဆင့်မြင့်ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှုမျှော်မှန်းချက်ပြည့်မီရေး အဆင့်မြင့်ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၈

**မြန်မာနိုင်ငံ၏ ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှုမျှော်မှန်းချက်ပြည့်မီရေးအဆင့်မြင့်ဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။**

**မဟာဗျူဟာကျကျ ရင်းနှီးမြှုပ်နှံ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကလေးများသည် မိမိတို့နိုင်ငံ၏ အနာဂတ်ဖြစ်ပါကြောင်း၊ နိုင်ငံတိုင်း၏ အနာဂတ်အတွက် ကလေးသူငယ်များ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် ဉာဏ်ရည် ဉာဏ်သွေးပြည့်မီရေး အလေးပေးဆောင်ရွက်ရန် အများကြီး လိုအပ်ပါကြောင်း၊ ကလေးသူငယ်များ၏ ဘဝအစ ဖွံ့ဖြိုးမှုကို ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံတော်အတွက် အရေးအကြီးဆုံး၊ တန်ဖိုးအရှိဆုံး အရင်းအမြစ်ဖြစ်သည့် လူသားအရင်းအမြစ်ကို ကောင်းစွာ တန်ဖိုးရှိအောင်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးရာ ရောက်ပါကြောင်း၊ တစ်နည်းအားဖြင့် ထိုသို့ ဆောင်ရွက်မှုများသည် သုံးဖြုန်းခြင်းမျိုးမဟုတ်ဘဲ အနာဂတ်အတွက် မဟာဗျူဟာကျကျ ရင်းနှီးမြှုပ်နှံခြင်းပင် ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် အမှာစကားအပြည့်အစုံကို စာမျက်နှာ (၄) တွင်ဖော်ပြထားပါသည်။)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ ကော်မတီများမှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ လူမှုရေးဝန်ကြီးများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းမှ ကလေးသူငယ်ဆိုင်ရာ ကိုယ်စားလှယ်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား**

ယင်းနောက် မြန်မာနိုင်ငံ၏ ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှုမျှော်မှန်းချက် ပြည့်မီရေး အဆင့်မြင့်ဖိုရမ်ဆက်လက်ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် UNICEF Executive Director Ms. Henrietta H. Fore တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဖိုရမ်တွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က **"ကလေးတိုင်းအတွက် တိုးတက်မှုများရရှိအောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးအတွက် မူဝါဒဆိုင်ရာသုံးသပ်ချက်များအပေါ် ရှုထောင့်အမြင်"** ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ သာထွန်းကျော်က **"ကလေးတိုင်းအတွက် ဘဝကို အကောင်းဆုံး နည်းလမ်းဖြင့် စတင်နိုင်အောင် ဆောင်ရွက်ပေးရေး"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက **"ကလေးတိုင်းအတွက် အရည်အသွေးမီ ပညာသင်ကြားခွင့်ရရှိစေရေး"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်း အေးက **"ကလေးများ၏ ဆင်းရဲမှုနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချပေးရေးနှင့် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ပေးရေး"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ရဲမှူးကြီး ဦးသက်နောင်က "ကလေးများအား အကြမ်းဖက်မှု၊ လူကုန်ကူးမှုနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများမှ ကာကွယ် စောင့်ရှောက် ပေးရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်က **"ထိရောက်သော စီမံချက်များ ဖြစ်စေရေးနှင့် ရန်ပုံငွေခွဲဝေချထားပေးရေး"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

**ဆွေးနွေး**

ဆက်လက်၍ ပါမောက္ခဒေါက်တာအောင်ထွန်းသက်က တိုးတက်မှုများ ရရှိအောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် တွန်းအားပေးဆွေးနွေးမှုနှင့် မိတ်ဖက်ပြုပူးပေါင်းမှုများ ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး အမျိုးသားလွှတ်တော် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီမှ ဒေါက်တာတင်တင်ဝင်း၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ ဦးကျော်ကျော်မင်းထွဋ်၊ မြန်မာနိုင်ငံအမျိုးသမီးစွမ်းဆောင်ရှင်များ အသင်းမှ ဒေါ်လှလှမျိုးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ခေါင်းစဉ်များဖြင့်လည်းကောင်း၊ GAVI Vaccine Alliance၏ အမှုဆောင်အရာရှိချုပ် Dr. Seth Berkley က နိုင်ငံတကာမိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှုများမှ ရရှိမည့် အကျိုးကျေးဇူးများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Knut Ostby က ကလေးများအတွက် ရင်းနှီးမြှုပ်နှံမှုတွင် UN ၏ အခန်းကဏ္ဍနှင့် ပါဝင်ကူညီမှုများခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြသည်။

**ကလေးတိုင်းဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်မြှင့်**

ထို့နောက် UNICEF မှ ဌာနေကိုယ်စားလှယ် Ms. June Kunugi နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က နိဂုံးချုပ်အမှာစကားပြောကြားကြသည်။

အဆိုပါဖိုရမ်ကို မြန်မာနိုင်ငံရှိ ကလေးများအတွက် ၂၀၁၆ ခုနှစ် မှ စတင်၍ ရရှိထားသော အဓိကတိုးတက်မှုရလဒ်များကို ဖော်ထုတ်ရန်၊ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) မဟာဗျူဟာများနှင့် ကိုက်ညီမှု ရှိ၊ မရှိ သုံးသပ်ဆွေးနွေးရန်၊ MSDP နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်စပ်စီမံကိန်းများကို အကောင်အထည်ဖော်မှုသည် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) သဘောတရားနှင့်အညီ မြန်မာနိုင်ငံရှိ ကလေးတိုင်းဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မည့် နယ်ပယ်များ သတ်မှတ်ဖော်ထုတ်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ **သတင်းစဉ်**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် UNICEF အမှုဆောင်ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် UNICEF အမှုဆောင်ညွှန်ကြားရေးမှူး Ms. Henrietta H. Fore အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် UNICEF တို့အကြား ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး UNICEF ဘက်မှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. June Kunugi နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် UNICEF အမှုဆောင်ညွှန်ကြားရေးမှူး Ms. Henrietta H. Fore အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှုမျှော်မှန်းချက်ပြည့်မီရေးဆိုင်ရာ အဆင့်မြင့်ဖိုရမ်တွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Park Royal Hotel ၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ၏ ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှုမျှော်မှန်းချက် ပြည့်မီရေးဆိုင်ရာ အဆင့်မြင့်ဖိုရမ် "Realizing Myanmar's Development Vision for Every Child" High Level Conference တွင် ပြောကြားသည့် မိန့်ခွန်း

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

**"မြန်မာနိုင်ငံ၏ ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှု မျှော်မှန်းချက် ပြည့်မီရေးဆိုင်ရာ အဆင့်မြင့်ဖိုရမ်" မှာ မြန်မာ့ကလေးသူငယ်များရဲ့ အနာဂတ်ကို ကဏ္ဍပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ လေ့လာသုံးသပ်ဆွေးနွေးမှုများပြုပြီး ကလေးသူငယ် သေဆုံးမှု လျော့ပါးရေး၊ ကလေးသူငယ်များရဲ့ မွေးဖွားမှု မှတ်ပုံတင်ထုတ်ပေးနိုင်ရေး၊ ကျန်းမာပြီး ဘဝနွေးထွေးလုံခြုံမှု ရှိစေရေး၊ ပညာသင်ကြားခွင့် သာတူညီမျှရရှိစေရေး၊ ကျောင်းနေသက်တမ်း ပိုမိုတိုးမြှင့်စေနိုင်ရေး၊ အရွယ်မရောက်သေးသူများအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေး၊ ကလေးသူငယ်များကို လူကုန်ကူးမှုမှ အကာအကွယ်ပေးရေး၊ ကလေးတွေရဲ့ အနာဂတ်ဘဝလုံခြုံရေးနဲ့ သာယာဝပြောမှု ရှိစေရေးတို့အတွက် အစိုးရနဲ့ပုဂ္ဂလိက ကဏ္ဍအသီးသီးမှာ အားလုံးပါဝင်"**

ယနေ့ကျင်းပတဲ့ အခမ်းအနားကတော့ မြန်မာနိုင်ငံရဲ့ ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှုမျှော်မှန်းချက်ပြည့်မီရေးဆိုင်ရာ အဆင့်မြင့်ဖိုရမ်ဖြစ်ပြီး ဒီဖိုရမ်မှာ လမ်းညွှန်ပြောပြချင်တဲ့ အကြောင်းအရာ များစွာရှိပါတယ်။ **ပထမအချက်**ကတော့ ကလေးတွေက ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်ပါ။ နိုင်ငံတိုင်းရဲ့ အနာဂတ်အတွက် ကလေးသူငယ်များ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနဲ့ ဉာဏ်ရည်ဉာဏ်သွေးပြည့်မီရေး အလေးပေးဆောင်ရွက်ဖို့ အများကြီးလိုအပ်ပါတယ်။ ကလေးသူငယ်တွေရဲ့ ဘဝအစ ဖွံ့ဖြိုးမှုကို ဆောင်ရွက်ခြင်းဟာ ကျွန်မတို့ နိုင်ငံတော်အတွက် အရေးအကြီးဆုံး၊ တန်ဖိုးအရှိဆုံး အရင်းအမြစ်ဖြစ်တဲ့ လူသားအရင်းအမြစ်ကို ကောင်းစွာတန်ဖိုးရှိအောင်နဲ့ ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးရာ ရောက်ပါတယ်။ တစ်နည်းအားဖြင့် ဒီလိုဆောင်ရွက်မှုတွေဟာ သုံးဖြုန်းတာမျိုးမဟုတ်ဘဲ အနာဂတ်အတွက် မဟာဗျူဟာကျကျ ရင်းနှီးမြှုပ်နှံခြင်းပဲ ဖြစ်ပါတယ်။

**ပြုစုပျိုးထောင်ရေးဟာ အလွန်အရေးကြီး**

အထူးသဖြင့် ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်ကို ဆက်လက်ထုဆစ်ပုံဖော်ကြမယ့် ယနေ့ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးဟာ အလွန်အရေးကြီးတာမို့ မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာကိုလည်း လက်တွေ့ကျကျ ရေးဆွဲခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလထဲမှာ ပြည်သူတွေကို မိတ်ဆက်ဖြန့်ချိပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ မဟာဗျူဟာပါ လုပ်ငန်းစဉ်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ဖို့အတွက် မိဘများ၊ ဆရာ ဆရာမများသာမက သက်ဆိုင်ရာဌာနစုံများက ပေါင်းစပ်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

**ဒုတိယအချက်**ကတော့ ဒီကနေ့ဖိုရမ်မှာ ကဏ္ဍဆိုင်ရာ စီမံချက်တွေကို ပြန်လည်သုံးသပ်ဆောင်ရွက်ဖို့၊ အချိန်နဲ့တစ်ပြေးညီ ဦးစားပေးလုပ်ငန်းစီမံချက်တွေ ခွဲခြမ်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးဖို့ အချိန်ကောင်းတစ်ရပ်ဖြစ်ပါတယ်။ အားလုံးသိရှိကြတဲ့အတိုင်း ကမ္ဘာ့နိုင်ငံတွေမှာလည်း ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးအတွက် Sustainable Development Goals (SDGs) တွေကို အကောင်အထည်ဖော်ဆောင်နေကြသလို ကျွန်မတို့နိုင်ငံမှာလည်း မြန်မာနိုင်ငံရဲ့ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan - MSDP) ကို လွန်ခဲ့တဲ့ လအနည်းငယ်က အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ MSDP မှာ မဏ္ဍိုင်ကြီး ၃ ရပ်၊ ပန်းတိုင် ၅ ခု၊ မဟာဗျူဟာ ၂၈ ခုနဲ့ အဆိုပါ မဟာဗျူဟာ တစ်ခုချင်းစီအောက်မှာ စီမံကိန်း အကောင် အထည်ဖော်ရေး အစီအစဉ်များ ဖော်ထုတ်သတ်မှတ်ထားပြီး လုပ်ငန်းစဉ်ပေါင်း ၂၅၁ ခု ပါဝင်ရေးဆွဲထားပါတယ်။ MSDP လုပ်ငန်းစဉ်တွေဟာ ရှင်သန်အသက်ဝင်နေတဲ့ ပြုစုစာတမ်း Living Document တစ်ခုအဖြစ် ပုံဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

MSDP ကို ရေးဆွဲရာမှာလည်း ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်တွေ၊ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ စီးပွားရေးမူဝါဒ (၁၂) ချက်၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း၊ မဟာမဲခေါင်ဒေသခွဲ မဟာဗျူဟာမူဘောင် အပါအဝင် နိုင်ငံတော်အစိုးရက ပေးအပ်ထားတဲ့ အမျိုးမျိုးသော ဒေသတွင်းနဲ့ နိုင်ငံတကာ ကတိကဝတ်တွေကို အကောင်အထည်ဖော်နိုင်စေရန် ချိန်ညှိရေးဆွဲခဲ့ပါတယ်။ တစ်နည်းဆိုရရင် ကျွန်မတို့နိုင်ငံရဲ့ လိုအပ်ချက်အပေါ်မူတည်ပြီး ရေရှည်ဖွံ့ဖြိုးမှုအတွက် အကောင်အထည်ဖော်နိုင်စေဖို့ ဦးစားပေးဆောင်ရွက်မှုများနဲ့အတူ နိုင်ငံရဲ့ အခြေအနေနဲ့ကိုက်ညီတဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များအဖြစ် ဆောင်ရွက်တာလည်း ဖြစ်ပါတယ်။

MSDP ရဲ့ "မဏ္ဍိုင်(၃) ပြည်သူများနှင့် ကမ္ဘာမြေဆိုတဲ့ မဏ္ဍိုင်အောက်မှာ ပါရှိတဲ့ ပန်းတိုင်(၄) အဖြစ် "၂၁" ရာစု လူမှုအဖွဲ့အစည်းအတွက် လူ့စွမ်းအား အရင်းအမြစ်များနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး" ဆိုတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ပြဋ္ဌာန်းထားပါတယ်။ အဲဒီပန်းတိုင်ကိုရောက်ရှိဖို့ မဟာဗျူဟာများ ချမှတ်ထားရာမှာလည်း ကျွန်မတို့နိုင်ငံမှာရှိတဲ့ ကလေးတိုင်း ကလေးတိုင်းကို နိုင်ငံရဲ့အနာဂတ်အတွက် တန်ဖိုးမြင့်မားတဲ့ လူသားအရင်းအမြစ်တွေ ဖြစ်လာစေဖို့အတွက် ပညာရေးနဲ့ ကျန်းမာရေးကဲ့သို့သော လူမှုရေးဝန်ဆောင်မှုကဏ္ဍများ အရည်အသွေးမြင့်မားစေရေး၊ အစားအစာနှင့် အာဟာရအရည်အသွေး မြင့်မားစေရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များကို ဦးစားပေး ဆောင်ရွက်ရန် ရှိပါတယ်။

**ထိထိမိမိ အကောင်အထည်ဖော်**

ယခုအခါမှာ ဝန်ကြီးဌာနများနဲ့ အဖွဲ့အစည်းများ စွမ်းဆောင်ရည်ရှိရှိနဲ့ ထိထိမိမိ အကောင်အထည်ဖော်နိုင်အောင် စီမံချက်တွေကို စီမံကိန်းဘဏ် (Project Bank) ထဲ ထည့်သွင်း ဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက်နေတဲ့အချိန်ပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုအကာအကွယ်ပေးရေး စတာတွေနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနအသီးသီးရဲ့ လူမှုရေးကဏ္ဍ (၅)နှစ် မဟာဗျူဟာစီမံကိန်းအသီးသီးကို ၂၀၁၆ ခုနှစ်ကတည်းက စတင်မိတ်ဆက်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ (၂)နှစ်တာ အချိန်အတွင်း မိမိတို့ရဲ့အကောင်အထည် ဖော်ဆောင်မှုတွေကို ပြန်လည်သုံးသပ်ပြီး အချိန်နဲ့တစ်ပြေးညီ ဦးစားပေးလုပ်ငန်း စီမံချက်တွေကို ခွဲခြမ်းဆောင်ရွက်နိုင်ရေးအတွက် ယခုဖိုရမ်မှာ လူမှုရေးမဏ္ဍိုင်အနေနဲ့ ဆွေးနွေးပေးကြဖို့ ဖြစ်ပါတယ်။

MSDP နဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဆက်စပ်စီမံကိန်းများကို စီမံချက်များအဖြစ် အကောင်အထည်ဖော်ရာမှာ "မည်သူမှ ကျန်နေခဲ့ခြင်း မရှိစေရ" ဆိုတဲ့ SDGs စည်းမျဉ်း၊ လုပ်ငန်းစဉ်များနဲ့အညီ မြန်မာနိုင်ငံရှိ ကလေးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မယ့် နယ်ပယ်များကို သတ်မှတ်ဖော်ထုတ်ကြဖို့ လိုအပ်ကြောင်း ပြောလိုပါတယ်။

**တတိယအချက်**ကတော့ ပူးပေါင်းဆောင်ရွက်မှုရဲ့ အရေးပါပုံကို ပြောချင်ပါတယ်။ MSDP ရဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး၊ သာယာဝပြောမှုနဲ့ ပူးပေါင်းဆောင်ရွက်မှု၊ လူသားများနဲ့ ကမ္ဘာမြေ စတဲ့ မဏ္ဍိုင် (၃) ရပ်လုံးဟာ အပြန်အလှန် ညီညွတ်မျှတစွာနဲ့ ဆက်စပ်အကျိုးပြုလျက်ရှိတာကြောင့် ဒီမဏ္ဍိုင်(၃) ရပ်လုံးရဲ့ပန်းတိုင်တွေ၊ မဟာဗျူဟာတွေကို အကောင်အထည်ဖော်တဲ့အခါ ကိစ္စရပ်ချဉ်းကပ်မှု (Thematic Approach) နဲ့ အကောင်အထည်ဖော်တာမို့ ဆက်စပ်ချိတ်ဆက်တဲ့ကိစ္စရပ်တွေမှာ ဝန်ကြီးဌာနတစ်ခုမက ပေါင်းစပ်အကောင်အထည်ဖော်ရတဲ့ ကိစ္စမျိုးတွေမှာ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြဖို့ အရေးကြီးကြောင်း မှာကြားလိုပါတယ်။ မိမိနိုင်ငံအတွက် ကောင်းမွန်တဲ့ အရွေ့တစ်ခုကို ဖန်တီးရာမှာ မဟာဗျူဟာရဲ့ လားရာကို သဘောပေါက်နားလည်ဖို့ လိုအပ်သလို ပြိုင်တူ တွန်းနိုင်ဖို့လည်း လိုအပ်ပါတယ်။

**ဘဏ္ဍာရန်ပုံငွေရှာနည်းစီမံကိန်းတွေကို တီထွင်ဖန်တီး**

ဒီနေ့ မနက်ပိုင်းက မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) မှာ ဆောင်ရွက်နေတဲ့ Invest Myanmar Summit ကလည်း စီးပွားရေးမဏ္ဍိုင်ကနေ စီမံချက်တွေကို စီမံကိန်းဘဏ်ထဲ ထည့်သွင်းဆောင်ရွက်ဖို့ ပုဂ္ဂလိက ကဏ္ဍတွေနဲ့ ဆွေးနွေးနေကြတာ ဖြစ်ပါတယ်။ စီမံချက်တွေကို အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်ဘတ်ဂျက်၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုအကူအညီများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းများ၊ အခြေခံအဆောက်အအုံဆိုင်ရာ ငွေတိုက်စာချုပ်များဖြင့် သစ်ဆန်းသော ဘဏ္ဍာရန်ပုံငွေရှာနည်းစီမံကိန်းတွေကို တီထွင်ဖန်တီးနိုင်ဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် MSDP ရဲ့ မဏ္ဍိုင်များအကြားလည်း ညီညွတ်မျှတပြီး ခိုင်မာအားကောင်းစေဖို့ ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

**သက်ဆိုင်ရာအလိုက် တာဝန်ခွဲဝေယူ**

အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ဌာနအဖွဲ့အစည်းတစ်ခုတည်းသာ လုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ အစိုးရ၊ လွှတ်တော်၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနဲ့ အကျိုးသက်ဆိုင်သူအားလုံးတို့မှ အသီးသီးသက်ဆိုင်ရာအလိုက် တာဝန်ခွဲဝေယူပြီး ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မိမိလုပ်ငန်းတာဝန်အရ ဆောင်ရွက်တယ်ဆိုတာ ထက် စေတနာနဲ့ နိုင်ငံ့အကျိုးအတွက် မျှော်ကိုးဆောင်ရွက်နိုင်မှုများ အင်မတန်လိုအပ်နေတဲ့ အချိန်အခါ ဖြစ်ပါတယ်။ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအနေနဲ့ မိမိတို့နိုင်ငံအတွက် နိုင်ငံဆိုင်ရာ အစီအစဉ်တွေဟာ MSDP ပါ ပန်းတိုင်များ၊ မဟာဗျူဟာများနဲ့ ကိုက်ညီစေဖို့၊ ထိရောက်တဲ့ အကူအညီများဖြစ်စေဖို့ ဆောင်ရွက်ပေးရန် အထူးပန်ကြားလိုပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်း တွေကို ထိထိရောက်ရောက်အကောင်အထည်ဖော်ရာမှာ ပုဂ္ဂလိကလုပ်ငန်းကဏ္ဍအပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ ပါဝင်ဆောင်ရွက်မှုများနဲ့ ကတိကဝတ်တွေကလည်း မရှိမဖြစ် လိုအပ်ချက်များ ဖြစ်ပြီး လွန်စွာအရေးကြီးပါတယ်။

စာမျက်နှာ ၇ သို့




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Invest Myanmar Summit 2019 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

❍ *ရှေ့ဖုံးမှ*

အကြီးအကဲများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ သံရုံးများမှ သံအမတ်ကြီးများ၊ ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ထာဝရမြန်မာသီချင်းဖြင့် တေးသရုပ်ဖော်အကဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

**ဝမ်းမြောက်ဝမ်းသာကြိုဆို**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမှာစကားပြောကြားရာတွင် ပထမဆုံးအနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ကျင်းပသည့် Invest Myanmar Summit 2019 ကို တက်ရောက်ကြသည့် စီးပွားရေးနယ်ပယ်ကဏ္ဍစုံမှ ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါကြောင်း ဦးစွာပြောကြားလိုပါကြောင်း။

ယနေ့အခမ်းအနားသည် မိမိတို့မြန်မာနိုင်ငံ၏ စိတ်လှုပ်ရှားဖွယ်ကောင်းပြီး အမြဲတမ်း ပြောင်းလဲတိုးတက်နေသည့် ရင်းနှီးမြှုပ်နှံမှု အခင်းအကျင်းမြင်ကွင်းများကိုသိရှိပြီး ပြည်တွင်းနှင့် ပြည်ပ လုပ်ငန်းရှင်များအတွက် အကောင်းဆုံး အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးကျင်းပပြုလုပ်သည့် အရေးပါသည့် ဆွေးနွေးပွဲတစ်ခုအဖြစ် ယုံကြည်သည်ဟု ပြောကြားလိုပါကြောင်း။

ယခုအခမ်းအနား ကျင်းပသည့် နှစ်ရက်တာကာလအတွင်း ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် မိမိတို့၏ ပုဂ္ဂလိကကဏ္ဍမှ မိတ်ဖက်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုအလားအလာနှင့် အခွင့်အလမ်းများကိုဖော်ထုတ်ပြသနိုင်သည့်၊ အဖိုးတန်သည့် အခွင့်အလမ်းကို ရကြမည်ဖြစ်သည့်အတွက် မိမိအနေဖြင့် အားရကျေနပ်မိပါကြောင်း။

ယနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (MOIFER)၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မှုကိုလည်း အထူးပင် အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲက အားလုံးကို အကျိုးများ၍ နှစ်လိုဖွယ်ကောင်းသည့် အမှတ်တရများ ရရှိစေပြီး မြန်မာနိုင်ငံကို အကြိမ်ကြိမ် ပြန်လာချင်အောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

**ငြိမ်းချမ်းချောမွေ့စွာ လုပ်ဆောင်နိုင်**

ယနေ့သည် မိမိတို့ မြန်မာနိုင်ငံ၏ သမိုင်းတွင် လူသိများပြီး ထင်ရှားသည့် ဟံသာဝတီခေတ် ဘုရင် ရာဇဓိရာဇ်၏ မွေးနေ့နှင့်လည်း တိုက်ဆိုင်နေပါကြောင်း၊ နန်းစံခဲ့သည့်ကာလတွင် ရာဇဓိရာဇ် အရေးတော်ပုံ မှတ်တမ်းကို ပြုစုခဲ့ပြီး ယင်းမှတ်တမ်းသည် ရှေးဟောင်းဘုရင့်နိုင်ငံတစ်ခုကို ထိုခေတ်က ကုန်သွယ်မှုတွင် အင်အားကြီးမားသည့် နိုင်ငံတစ်ခုဖြစ်အောင် ဆောင်ကြဉ်းပေးနိုင်သည့် အထင်ကြီး အားကျစရာကောင်းလှသည့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို ငြိမ်းချမ်းချောမွေ့စွာ လုပ်ဆောင်နိုင်ခဲ့ပါကြောင်း။

**ထောက်ပံ့ရေးလမ်းကြောင်း ထူထောင်နိုင်**

ထို့အပြင် လွန်ခဲ့သည့် ၇၄ နှစ်ကာလ ၁၉၄၅ ခုနှစ် ယနေ့မှာပင် အသစ်ဖွင့်လှစ်ခဲ့သည့် Burma Road မှ တစ်ဆင့် တရုတ်နိုင်ငံကို ရောက်ရှိနိုင်မည့် ထောက်ပံ့ရေးလမ်းကြောင်းကို ထူထောင်နိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ယနေ့သည် မြန်မာနိုင်ငံ သမိုင်းတွင် ထင်ရှားလှသည့် ပြုပြင်ပြောင်းလဲရေးများကို လုပ်ဆောင်ခဲ့သည့် ဘုရင်၏ မွေးနေ့နှင့် ဒုတိယကမ္ဘာစစ်၏ အရှေ့တောင်အာရှ၏ ဇာတ်ခုံတွင် ဒုတိယကမ္ဘာစစ်၏ အလှည့်အပြောင်းအပေါ် သက်ရောက်မှု ကြီးမားခဲ့သည့် လွန်စွာမဟာဗျူဟာအရ အရေးပါလှသည့် အခြေခံအဆောက်အအုံ စီမံကိန်းတစ်ခုကို စတင်ခဲ့သည့် နေ့များနှင့် တိုက်ဆိုင်နေသည့်အတွက် အမှန်တကယ် ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ယနေ့တွင် တွေ့ဆုံခွင့်ရကြခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် အဘယ်ကြောင့် ရင်းနှီးမြှုပ်နှံကြသလဲဟု မေးစရာရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ၏ တည်နေရာသည် ပထဝီအနေအထားအရ အလွန်အားကျစရာကောင်းလောက်သည့် နေရာတွင် ရှိနေခြင်းကြောင့် မဟာဗျူဟာအရ အရေးပါလှသည့် ဈေးကွက်နေရာတစ်ခု ဖြစ်သကဲ့သို့ တရုတ်၊ အိန္ဒိယ ၊ ဘင်္ဂလားဒေ့ရှ် ၊ လာအို ၊ ထိုင်းနိုင်ငံတို့ကို ကုန်သွယ်ကူးသန်း ဖြတ်သန်းနိုင်သည့် လမ်းဆုံနေရာတွင်လည်း တည်ရှိနေခြင်းကြောင့် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအပါအဝင် အာဆီယံ ၁၀ နိုင်ငံနှင့်အတူ တရုတ်၊ အိန္ဒိယတို့ ပါဝင်သည့် ၃ ဒသမ ၅ ဘီလီယံကျော်ရှိသည့် စားသုံးသူ ဈေးကွက်ကို ကိုယ်စားပြုပါကြောင်း၊ ယင်းဈေးကွက်၏ စီးပွားရေးပမာဏသည် အမေရိကန် ဒေါ်လာ ၁၅ ထရီလီယံဝန်းကျင်ရှိပြီး ကမ္ဘာ့ ဂျီဒီပီ၏ ၂၀ ရာခိုင်နှုန်းကို ကိုယ်စားပြုပါကြောင်း၊ ယင်းဈေးကွက်၏ ဆက်စပ်မှုသည် ခေတ်သစ်ကမ္ဘာတွင် တွေ့မြင်ဖူးသမျှထဲတွင် ထူးခြားအထင်ရှားဆုံး ဈေးကွက်တစ်ခုအဖြစ် တိုးတက်ပြောင်းလဲ ပေါ်ပေါက်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

မက္ကင်းဆေး ဂလိုဘယ် အင်စတီကျူ၏ ခန့်မှန်းချက်အရ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့စားသုံးဦးရေ၏ တစ်ဝက်ကျော်ရှိသည့် တစ်နေ့ဝင်ငွေ ၁၀ ဒေါ်လာအထက်ရှိသည့် ဦးရေပမာဏသည် မြန်မာနိုင်ငံ၏ လေကြောင်းခရီးအားဖြင့် ၅ နာရီတွင်းမှာ နေထိုင်လိမ့်မည်ဟု ခန့်မှန်းထားပါကြောင်း၊ မိမိတို့တွင် ၅၃ သန်းလောက်ဆိုသည့် အတော်အတန်ကြီးမားသည့် လူဦးရေပမာဏရှိပြီး တစ်ဝက်ကျော်သည် အသက် ၃၀ နှစ်အောက် လူငယ်များဖြစ်ပါကြောင်း။

**ပမာဏရှိသည့် ဈေးကွက်တစ်ခုဖြစ်**

ထို့ကြောင့် မြန်မာနိုင်ငံသည် သင့်လျော်သော ပမာဏရှိသည့် ဈေးကွက်တစ်ခု ဖြစ်သကဲ့သို့ တစ်နေ့တခြား ကျယ်ပြန့်ကြီးမားနေသည့်အတွက် နိုင်ငံတကာဈေးကွက်နှင့် ပူးပေါင်းချိတ်ဆက်ပြီး အကျိုးရှိစွာ အသုံးချနိုင်မှာ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် မြေနေရာ အကျယ်ဝန်းဆုံးကို ပိုင်ဆိုင်ထားသည့်အတွက် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် သာလွန်သည့် အလားအလာကောင်းများရှိနေသကဲ့သို့ သဘာဝသယံဇာတနှင့် သဘာဝဓာတ်ငွေ့ကြွယ်ဝစွာရှိသည့် နိုင်ငံလည်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတောင်ပိုင်းရှိ ကမ်းခြေဒေသသည်လည်း ကမ္ဘာ့အရေးပါဆုံး စီးပွားရေးစင်္ကြံတစ်ခုဖြစ်သည့် ထိုင်းနိုင်ငံ၏ အအောင်မြင်ဆုံးလည်းဖြစ်သည့် ထိုင်းအရှေ့ပိုင်း စီးပွားရေးစင်္ကြံနှင့် ချိတ်ဆက်နေခြင်းကြောင့် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့ကတစ်ဆင့် အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကိုသာမက ပတ်ဝန်းကျင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ် အပါအဝင် တရုတ်နိုင်ငံများနှင့်လည်း ကူးသန်းသွားလာရန် လမ်းကြောင်းများ ဖော်ဆောင်ပေးနေပါကြောင်း။

**အဓိကနေရာမှ အထောက်အကူပြုလျက်ရှိ**

ထို့ကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာကုန်သွယ်မှု လမ်းကြောင်း ကို ဒေသတွင်း ဈေးကွက်များမှတစ်ဆင့် အချိတ်အဆက်ပြုပြီး များစွာအကျိုးပြုလျက်ရှိနေသည့်အပြင် အာရှပစိဖိတ်ဒေသကိုသာမက တစ်ကမ္ဘာလုံး၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အဓိကနေရာမှ အထောက်အကူပြုလျက်ရှိသည်ဟု ယုံကြည်ပါကြောင်း။

လက်ရှိတွင် မြန်မာနိုင်ငံ၌ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ တိုးတက်ပြောင်းလဲမှုများတွင် အရှိန်အဟုန်နှင့် တစ်ချိန်တည်း ပြောင်းလဲဖြစ်ပေါ်လျက်ရှိနေသကဲ့သို့ မိမိတို့၏ ကမ္ဘာကြီးတွင်လည်း ခေတ်ပြိုင်ပြုပြင်ပြောင်းလဲမှုအမျိုးမျိုးနှင့် တစ်ပြိုင်တည်း ဖြစ်ပေါ်နေပါကြောင်း၊ လွန်ခဲ့သည့်

❖ **အရေးပါသည့် ဆောင်ရွက်မှုတစ်ခုအနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့သစ် အနေဖြင့် စီမံခန့်ခွဲမှုပုံသဏ္ဌာန်အသစ်နှင့် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအဖွဲ့သည် မြန်မာနိုင်ငံကို ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အချက်အချာဒေသအဖြစ် ပြောင်းလဲနိုင်ရန် သန္နိဋ္ဌာန်ချထားပြီး ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ထုတ်ပေးသည့် ကိစ္စရပ်များတွင် ပွင့်လင်းမြင်သာပြီး လွယ်ကူချောမွေ့စေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။**

*စာမျက်နှာ ၆ သို့*




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် **Invest Myanmar Summit 2019** အခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၅ မှ*

နှစ်လေးဆယ်အတွင်း မိမိတို့ဒေသသည် ကမ္ဘာတွင် စီးပွားရေးဖွံ့ဖြိုးအတိုးတက်ဆုံး ဒေသတစ်ခုဖြစ်ခဲ့ပြီး ထိုသို့လျင်မြန်သည့် အာဆီယံနိုင်ငံများနှင့် ကျန်အာရှနိုင်ငံများအကြား ကုန်သွယ်မှု ဆက်ဆံရေးအသစ်များကို ဦးဆောင်ဖန်တီးပေးခဲ့သကဲ့သို့ နည်းပညာအသစ်များ တီထွင်နိုင်မည့် အခွင့်အလမ်းများကို ဖန်တီးပေးခဲ့ပြီး ပြည်သူများ၏ အတွေးအခေါ်အယူအဆများ၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများကို ဒေသတွင်း လွယ်ကူလျင်မြန်စွာ၊ ချောမွေ့စွာရွှေ့ပြောင်းနိုင်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ယခင်က ဖြစ်နိုင်မည်ဟုမထင်ခဲ့သောအရာများ ဖြစ်ပါကြောင်း။

**အခွင့်အလမ်းကောင်းများ**

အမှန်တကယ်တွင် မိမိတို့သည် ကမ္ဘာကို တည်ငြိမ်စွာ ပုံဖော်စေခဲ့သည့် အာရှ၏ အအောင်မြင်ဆုံးကာလများတွင် နေထိုင်ရှင်သန်နေခြင်းဖြစ်ပါကြောင်း၊ တစ်ဆက်တည်းမှာပင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တီထွင်ဆန်းသစ်မှုများ၊ လွတ်လပ်စွာကုန်သွယ်မှုနှင့် ဒေသတွင်း ပြည်သူများအကြား ဆက်ဆံရေးနှင့် ဒေသတွင်း အချိတ်အဆက် တိုးတက်မှုများသည် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအတွက် များပြားလှသည့် အခွင့်အလမ်းကောင်းများပင် ဖြစ်ပါကြောင်း။

မိမိတို့၏ ပထဝီအနေအထားအားသာချက်၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လုပ်အားခသက်သာမှုနှင့် မိမိတို့ပြည်သူများ၏ ကြီးမားသည့် စွမ်းပကားများသည် တစ်ချိန်က အနောက်နိုင်ငံများအနေဖြင့် အရှေ့နိုင်ငံများဆီသို့ ကမ္ဘာ့စီးပွားရေး ခွဲဖြာထွက်မှုဖြစ်ပေါ်ခဲ့သကဲ့သို့ ပြန်လည်ပေါ်ထွန်းလာအောင် ဆောင်ကြဉ်းပေးနိုင်မည့် အခွင့်အလမ်းများကို ဖမ်းဆုပ်ရန် အချိန်အခါကောင်းပင်ဖြစ်ပါကြောင်း။

မည်သို့ပင်ဖြစ်ဖြစ် မိမိတို့ အောင်မြင်အောင် ကျော်လွှားရမည့် စိန်ခေါ်မှုများစွာလည်း ရှိနေဆဲပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများအနေဖြင့် ကမ္ဘာ့စီးပွားရေးနှင့် ပူးပေါင်းချိတ်ဆက်ရာတွင် အားနည်းချက်များရှိနေဆဲကြောင့် စီးပွားရေး နောက်ကျကျန်ခဲ့ရနိုင်သော ကြီးမားသည့်အန္တရာယ်အတွက်ကိုလည်း စိတ်ထဲတွင် စွဲမှတ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာနှင့် ဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုချိတ်ဆက်ပူးပေါင်း လုပ်ဆောင်မှုများမှ သေချာသည့် အကျိုးအမြတ်များ ရရှိရန်အတွက် နည်းလမ်းများ ရှာဖွေလုပ်ဆောင်ရန်သည် မိမိတို့ နိုင်ငံအတွက် အဓိက စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါကြောင်း။

**စိန်ခေါ်မှုများစွာရှိ**

မိမိတို့နိုင်ငံ ဖွံ့ဖြိုးရန်အတွက် စိန်ခေါ်မှု များစွာရှိသည့်အနက် ဈေးကွက်ကို အခြေခံ ဖြေရှင်းသည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်မှုသည် အားလုံး ပြေလည်စေမည့် နည်းလမ်းမဟုတ်သော်လည်း မြန်မာနိုင်ငံတွင် အားလုံးပါဝင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက မောင်းနှင်အင်အားဖြစ်သည့် အပြင် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးသည့် နေရာတွင်လည်းအခြေခံ တွန်းအားတစ်ရပ်ဖြစ်သည့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ အတူတကွ နီးနီးကပ်ကပ် ပူးပေါင်း လုပ်ဆောင်နိုင်ရေးသည် အရေးတကြီးလိုအပ်ချက်အဖြစ် မိမိတို့ အသိအမှတ်ပြုပါကြောင်း။

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် အခြေအနေကို နားလည်နိုင်ရန် မြန်မာနိုင်ငံတွင် လက်တွေ့ကျင့်သုံးနေသည့် မူဝါဒလုပ်ထုံးလုပ်နည်းများကို ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်ရန် လိုအပ်ပါကြောင်း။

**စီးပွားရေးမူဝါဒများချမှတ်**

ဈေးကွက်နှင့်ကိုက်ညီသည့် စီးပွားရေး မူဝါဒများ ချမှတ်ခြင်းနှင့်အတူ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းမှု အလျင်အမြန်တိုးတက်လာခြင်းတို့သည် အာရှပစိဖိတ်ဒေသနိုင်ငံများအတွက် များစွာအကျိုးရှိသကဲ့သို့ မိမိတို့ဒေသတွင်းတွင်ရှိသည့် ပြည်သူအများစုကို တိုးတက်မှုနိမ့်ကျပြီး ဝင်ငွေနည်းသည့်ဘဝမှ အလယ်အလတ်တန်းနှင့် ဝင်ငွေမြင့်မားသည့် ဘဝများသို့ ရောက်ရှိအောင် လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ယင်းနည်းလမ်းအတိုင်း လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း။

မိမိတို့ကိုယ်တိုင် ကိုယ်ပိုင်ရွေးချယ်မှုနှင့် ယနေ့မြန်မာနိုင်ငံသည် ပြင်ပဈေးကွက်များနှင့် နိုင်ငံရေး အင်အားစုများကို ယခင်ကထက် ပိုမိုထိတွေ့ဆက်ဆံလျက်ရှိပါကြောင်း၊ ထိုမှတစ်ဆင့် မျှတသည့် အကျိုးရလဒ်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာရန် အခွင့်အလမ်းများ၊ နည်းပညာသစ်များနှင့် အသိပညာဗဟုသုတများ လွှဲပြောင်း ရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

ထိုကဲ့သို့ ပြောရခြင်းသည် ဂလိုဘယ်လ်လိုက်ဇေးရှင်း၏ ဆိုးကျိုးရှုထောင့် အချို့ရှိနေသည့်အပေါ် ထိခိုက်မှုမရှိဘဲ အလွယ်တကူ တုံ့ပြန်နိုင်သည့် အခြေအနေရှိနေသည့် သဘောမျိုးကို မဆိုလိုပါကြောင်း။

ယနေ့ကဲ့သို့ အလျင်အမြန် အရှိန်အဟုန်နှင့် ကူးသန်းသွားလာနေသည့် ကမ္ဘာကြီးတွင် နိုင်ငံတစ်ခုက သာမန်အအေးမိ ဖျားနာရုံလောက်သာ ခံစားရသော်လည်း အများစုမှာ ရောဂါကူးစက်မှု အန္တရာယ်ကျရောက်ခြင်းကို ခံနေရပါကြောင်း။

ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု အလားအလာကို ကြည့်မည်ဆိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်းသည် ၂၀၁၇ ခုနှစ်မှာ ၂၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၂၀၁၈ ခုနှစ်တွင်လည်း ဆက်လက်ကျဆင်းနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အာရှပစိဖိတ်ဒေသသည်လည်း ယင်းရင်းနှီးမြှုပ်နှံမှု ကျဆင်းမှု အခြေအနေမှ မလွတ်ကင်းနိုင်ခဲ့ပါကြောင်း။

နောက်ဆုံးရထားသည့် သတင်းအချက်အလက်များအရ အာရှပစိဖိတ်ဒေသတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် အနည်းငယ်တုံ့ဆိုင်းခဲ့ခြင်းကို တွေ့ရပါကြောင်း၊ သို့သော် မိမိတို့အာရှပစိဖိတ်ဒေသသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်ရေးအတွက် အဓိကဒေသတစ်ခုအဖြစ် ရှိနေဆဲဖြစ်ပြီး ၂၀၁၇ ခုနှစ် ကမ္ဘာ့ပြည်ပ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းစီးဝင်မှု၏ ၃၉ ရာခိုင်နှုန်းရှိကာ ၂၀၁၆ ခုနှစ်ကထက် ၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ကို တွေ့ရမည် ဖြစ်ပါကြောင်း။

**အကျိုးအမြတ်ရရှိ**

ထို့အပြင် အာရှပစိဖိတ်ဒေသနိုင်ငံများသည် ၂၀၁၇ ခုနှစ်အတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအများဆုံး လက်ခံခဲ့သည့် ဒေသဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဒေသတွင်းနိုင်ငံအချင်းချင်းအကြား အပြန်အလှန် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မှုကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၄၅ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး အကျိုးအမြတ်ရရှိသည့် နိုင်ငံများအထဲမှ တစ်ခုဖြစ်ပါကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်တွင် မလေးရှားနိုင်ငံအခြေစိုက် Kiam Joo Group က စက်ရုံအသစ်တစ်ခု ရင်းနှီးမြှုပ်နှံခဲ့သည်ကို ကြည့်လျှင် သိနိုင်ပါကြောင်း။

မြန်မာနိုင်ငံသည် မိမိနိုင်ငံ၏ တည်နေရာ ပထဝီအနေအထား၏ အားသာချက်အပေါ် အကျိုးကျေးဇူး ခံစားနေရသည်ဆိုသည်မှာ သံသယရှိစရာမလိုပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင် မိုးရွာတုန်း ရေခံဆိုသည့် ဆိုရိုးစကားတစ်ခု ရှိပါကြောင်း၊ ASEAN + 3 Macroeconomic Research Office က လတ်တလော ပြုလုပ်သည့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု အလားအလာ ခန့်မှန်းချက်အရ မြန်မာ့စီးပွားရေးဟာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ၇ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လိမ့်မည်ဟု မျှော်မှန်းထားပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ၅ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ၆ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင် ပိုမိုတိုးတက်လာမည်ဟု ခန့်မှန်းသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ယင်းအစီရင်ခံစာမှာပင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်းကို ၅ ရာခိုင်နှုန်းနှင့် တည်ငြိမ်နေလိမ့်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ယင်းခန့်မှန်းချက်သည် မိမိတို့ မျှော်မှန်းထားသည်ထက် မြင့်နေသော်လည်း ယခင်နှစ်ကထက်စာပါက တိုးတက်မှုရှိလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အမြင့်ဆုံးငွေကြေးဖောင်းပွမှုနှုန်း ၉ ဒသမ ၉၉ ရာခိုင်နှုန်း ရှိခဲ့ပါကြောင်း။

**ရဲရဲဝံ့ဝံ့ကြိုးပမ်း**

ယခုကဲ့သို့ အပေါင်းလက္ခဏာဆောင်သည့် နိုင်ငံ့စီးပွားရေး အလားအလာ ခန့်မှန်းချက်များအပေါ် အကောင်းဘက်မှ ရှုမြင်ပါက ဒေသတွင်းနှင့် မြန်မာနိုင်ငံအတွက် ယခုအချိန်သည် ရည်မှန်းချက်မြင့်မြင့်ထားပြီး ရဲရဲဝံ့ဝံ့ ကြိုးပမ်းဆောင်ရွက်ရမည့်အချိန် ဖြစ်ပါကြောင်း။

ကမ္ဘာ့အသိုက်အဝန်းထဲမှ နိုင်ငံတစ်ခုအနေဖြင့် မြန်မာအစိုးရသည် ကုလသမဂ္ဂ အဖွဲ့အစည်းက ချမှတ်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ (SDG) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆုံးဖြတ်ထားပြီးလည်း ဖြစ်ပါကြောင်း။

လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုများ၊ ဆက်လက်ဆောင်ရွက်မည့် ပြုပြင်ပြောင်းလဲမှုများ၏ လမ်းပြမြေပုံဖြစ်သည့် မြန်မာ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MSDP)ကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း။

မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MSDP) ကို မဏ္ဍိုင်ကြီး ၃ ရပ်၊ ပန်းတိုင် ၅ ရပ်၊ နည်းဗျူဟာ ၂၈ ခုနှင့် လက်တွေ့လုပ်ငန်းစဉ် ၂၅၁ ခု တို့ဖြင့် ရေးဆွဲထားပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးမှု မျှော်မှန်းချက်အဖြစ် တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MSDP) သည် နိုင်ငံ၏ နှစ်ရှည်မျှော်မှန်းချက်ဖြစ်ပြီး ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ဒီမိုကရေစီနိုင်ငံအဖြစ် မျှော်မှန်း တည်ဆောက်သွားရန် ရည်ရွယ်ပါကြောင်း။

ယင်း MSDP က တိုင်းဒေသကြီး ပြည်နယ်များအကြား စီးပွားရေးနှင့် လူမှုရေးကဏ္ဍ အသီးသီးအကြား ရင်းနှီးမြှုပ်နှံမှုနှင့် မဟာဗျူဟာမြောက် ဖွံ့ဖြိုးမှုအတွက် ဦးစားပေး အစီအစဉ်အလိုက် အကောင်အထည်ဖော်ရာတွင် အသေးစိတ် မဟာဗျူဟာ စီမံကိန်းအဖြစ် အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

**ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး**

ပထမပန်းတိုင်သည် နိုင်ငံရေး တည်ငြိမ်မှု ရရှိအောင် ဆောင်ရွက်ပြီး ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့ကို ဦးတည်ထားခြင်း ဖြစ်ပါကြောင်း၊ ဒုတိယပန်းတိုင်အနေဖြင့် စီးပွားရေး တည်ငြိမ်မှုကို ထိန်းသိမ်းပြီး မေခရို စီးပွားရေးစီမံခန့်ခွဲမှုကို ဦးတည်လုပ်ဆောင်သွားရန် ဖြစ်ပါကြောင်း၊ တည်ငြိမ်မှုမရှိသည့် စီးပွားရေးသည် ကျယ်ပြန့်ပြီး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့လုပ်ဆောင်ရာတွင် မဖြစ်နိုင်ပါကြောင်း၊ အဆိုပါ မျှော်မှန်းချက် (၁) နှင့် (၂) တို့သည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးကြီးဆုံး အခြေခံထားရမည့် အုတ်မြစ်များထဲမှ အရေးပါသည့် အပိုင်းထဲတွင် ပါဝင်ပါကြောင်း။

ပန်းတိုင် (၃) သည် အလုပ်အကိုင်ဖန်တီးမှုနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်ရန်ဖြစ်ပြီး ပန်းတိုင် (၄) သည် ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုကို ဦးတည်ထားသည့် လူသားစွမ်းဆောင်ရည်နှင့် လူမှုဖွံ့ဖြိုးမှု အရည်အသွေးရှိစေရန်အတွက် ထူထောင်ရန်ဖြစ်ပါကြောင်း။

ပန်းတိုင် (၅) သည် သဘာဝသယံဇာတ စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို ဦးတည်ထားခြင်းဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများကို စီမံခန့်ခွဲမှုမှတစ်ဆင့် မိမိနိုင်ငံကို သာမက ကမ္ဘာကြီးကိုပါ ကာကွယ်နိုင်ရန် ဖြစ်ပါကြောင်း။

မဟာဗျူဟာ ၃.၃ သည် ယနေ့အခမ်းအနားနှင့် တိုက်ရိုက်သက်ဆိုင်နေပြီး ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးနိုင်ရန်အတွက် မိမိတို့၏ ကတိကဝတ်များကို ဖော်ပြရာရောက်ပါကြောင်း၊ ထို့ကြောင့် ယနေ့အခမ်းအနားသည် အဆိုပါ မဟာဗျူဟာစီမံကိန်း၏ အနှစ်သာရကို တစ်စိတ်တစ်ပိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ပြောဆိုနိုင်ပါကြောင်း။

မိမိတို့ အစိုးရတာဝန်ယူခဲ့သည့် အချိန်မှစပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် ဖြေလျှော့မှုများ လွယ်ကူချောမွေ့အောင် ဆောင်ရွက်မှုများကို တက်တက်ကြွကြွ လုပ်ဆောင်ခဲ့ပါကြောင်း။

မကြာသေးမီနှစ်များအတွင်း ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ခဲ့ရာတွင် တချို့က သိသာထင်ရှားကာ တချို့က သိမ်မွေ့ပြီး ထူးခြားသည့်အပြောင်းအလဲများ လုပ်နိုင်ခဲ့သည်မှာ အတူတူပင် ဖြစ်ပါကြောင်း။

ယင်းပြုပြင်ပြောင်းလဲမှုများသည် အားလုံးပါဝင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နိုင်ရန် ရည်ရွယ်သည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါကြောင်း။

**အကျိုးရလဒ်များရရှိ**

ထို့အပြင် ကမ္ဘာ့စီးပွားရေးနှင့် အကောင်းဆုံး ပိုမိုပူးပေါင်းချိတ်ဆက်နိုင်မှုကတစ်ဆင့် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ရန် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုလည်း လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ယင်းပြုပြင်ပြောင်းလဲမှုများသည် မိမိတို့၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို အခြေခံကျကျ တိုးတက်ပြောင်းလဲရန် ဆောင်ရွက်ရာတွင် ကောင်းမွန်သည့် အကျိုးရလဒ်များ ရရှိခဲ့ပါကြောင်း။

**ပထမဆုံး ပြုပြင်ပြောင်းလဲမှု အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်ပြီး ယင်းဥပဒေသည် ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုပွင့်လင်းမြင်သာမှု၊ ပိုမိုဖြေလျှော့မှုများ ပြုလုပ်ထားသည့်အပြင် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုအကာအကွယ်ပေးသည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားသကဲ့သို့ နိုင်ငံတကာနှင့် ဒေသတွင်း သဘောတူညီမှုများနှင့်အညီလည်း ရေးဆွဲထားခြင်း ဖြစ်ပါကြောင်း။**

**ထို့အပြင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာကုမ္ပဏီများဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် အသက်ဝင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခင် မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေအရ နိုင်ငံသားပိုင် ကုမ္ပဏီတစ်ခုသည် နိုင်ငံခြား**

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

**ရှယ်ယာ ပါဝင်မှုရှိပါက နိုင်ငံခြား ကုမ္ပဏီအဖြစ် သတ်မှတ်ခဲ့ပါကြောင်း။**

**ယခုဥပဒေအသစ်၏ ပြဋ္ဌာန်းချက်အရ နိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုသည် နိုင်ငံခြားသားရှယ်ယာ ၃၅ ရာခိုင်နှုန်းအထိ ပါဝင်သည့်တိုင် မြန်မာနိုင်ငံသား ကုမ္ပဏီအဖြစ်နှင့်သာ သတ်မှတ်သည့်အတွက် နိုင်ငံသားကုမ္ပဏီ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။**

**ကုမ္ပဏီဥပဒေအသစ်သည် စီးပွားရေး လုပ်ကိုင်မှု လွယ်ကူမှု ညွှန်းကိန်းတွင် မြန်မာနိုင်ငံ၏ အဆင့်တိုးတက်စေရန် အထောက်အကူပြုရန်အတွက် အနည်းစုရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်ကိုလည်း ထည့်သွင်းထားပါကြောင်း။**

အဓိက ပြုပြင်ပြောင်းလဲကြိုးပမ်းအားထုတ်မှုအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ရာတွင် မှတ်ပုံတင်ရုံးကို ကိုယ်တိုင်သွားရောက်ရန် မလိုတော့ဘဲ အွန်လိုင်းမှတ်ပုံတင်စနစ် (MyCo) ကတစ်ဆင့် ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ပါကြောင်း။

အွန်လိုင်းမှတ်ပုံတင်စနစ် စတင်ခဲ့သည့် ငါးလတာကာလအတွင်း ကုမ္ပဏီပေါင်း ၈၄၀၀ ကို အွန်လိုင်းစနစ်ဖြင့် အသစ် မှတ်ပုံတင်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထိုအရာသည် ၁၉၈၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ နှစ်ပေါင်း ၃၀ အတွင်း စုစုပေါင်း မှတ်ပုံတင်ခဲ့မှု၏ ၁၀ ရာခိုင်နှုန်း ရှိပါကြောင်း။

ယင်းတိုးတက်အောင်မြင်မှုကို အတုယူပြီး အခြားနယ်ပယ်များတွင်ပါ ပိုမိုကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောက်တစ်ဆင့်အနေဖြင့် လူနှင့်လုပ်ဆောင်ရသည့် လုပ်ငန်းများကို အွန်လိုင်းဖြင့် ဆောင်ရွက်သည့်စနစ်ကို ပြောင်းလဲဆောင်ရွက်နိုင်ရန် တစ်ဆင့်ချင်း တိုးတက်ဆောင်ရွက်သွားမည်ဖြစ်၍ နောင်အခါတွင် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဌာနများစွာ နေရာများစွာကို သွားရောက်လုပ်ကိုင်စရာ မလိုအောင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**လက်လီကဏ္ဍတွင်**
**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ခြင်း**

ကုမ္ပဏီဥပဒေပြဋ္ဌာန်းမှုနှင့် အတူ စီးပွားရေးကဏ္ဍ အသစ်များကိုလည်း ရင်းနှီးမြှုပ်နှံသူများအတွက် ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ဥပမာအားဖြင့် ၂၀၁၈ ခုနှစ်တွင် နိုင်ငံခြားသား ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်သည့် ကုမ္ပဏီများကို လက်ကားနှင့် လက်လီကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့သည့်အတွက် ဥရောပ၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများအပြင် အခြားနိုင်ငံများကိုပါ ဆွဲဆောင်နိုင်ခဲ့ပါကြောင်း။




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Invest Myanmar Summit 2019 အခမ်းအနား၌ ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍများ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။**
သတင်းစဉ်

**ပညာရေးကဏ္ဍကိုဖြေလျှော့ပေးခဲ့ခြင်း**

ထို့အပြင် မြန်မာနိုင်ငံ၏ ပညာရေးဝန်ဆောင်မှုကဏ္ဍတွင် နိုင်ငံခြားသား ၁၀၀ ရာခိုင်နှုန်းပိုင်သည့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံခွင့်ပေးခဲ့ပါကြောင်း၊ ယင်းအပြင် ဖက်စပ်ကုမ္ပဏီများအဖြစ် ထူထောင်ခွင့်ပြုခဲ့ပါကြောင်း။

**ရင်းနှီးမြှုပ်နှံမှုကော်မရှင် ပြုပြင်ပြောင်းလဲမှု**

**အရေးပါသည့် ဆောင်ရွက်မှုတစ်ခုအနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့သစ်အနေဖြင့် စီမံခန့်ခွဲမှုပုံသဏ္ဌာန်အသစ်နှင့် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအဖွဲ့သည် မြန်မာနိုင်ငံကို ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အချက်အချာ ဒေသအဖြစ် ပြောင်းလဲနိုင်ရန် သန္နိဋ္ဌာန်ချထားပြီး ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ထုတ်ပေးသည့် ကိစ္စရပ်များတွင် ပွင့်လင်းမြင်သာပြီး လွယ်ကူချောမွေ့စေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။**

**ရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့သစ်သည် ကော်မရှင်၏လုပ်ငန်းများ အပေါ်မှာသာမက အခြားအစိုးရဌာနများမှ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် လုပ်ငန်းဆောင်ရွက်မှုများကိုပါ ပိုမိုလွယ်ကူ ရှင်းလင်းပြီး ကြိုတင်ခန့်မှန်းနိုင်စွမ်းရှိသည့် စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ (Standard Operating Procedure - SOPs) ရေးဆွဲချမှတ် ဆောင်ရွက်နိုင်ရန်အတွက်သာမက ဝန်ဆောင်မှုများ ပေးရာတွင် (Single Window) စနစ်ကိုပါ ကျင့်သုံးဆောင်ရွက်နိုင်ရန် ပြန်လည်သုံးသပ် လုပ်ဆောင်လျက်ရှိပါကြောင်း။**

**ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်း**

မိမိတို့အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းကို မကြာသေးမီကပင် ရေးဆွဲထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ယင်းစီမံကိန်းသည် နောင်အနှစ် ၂၀ အတွင်း အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံ ကျော်ရှိသည့် တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားပြီး မိမိနိုင်ငံကို ဝင်ငွေ အလယ်အလတ်ရှိသည့် နိုင်ငံတစ်ခုအဖြစ် ရောက်ရှိရန် မျှော်မှန်းထားပါကြောင်း။

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အထောက်အကူပြုစေရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန (MOIFER) ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ MOIFER အနေဖြင့် **ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်း ဖြစ်ပေါ်ရေး၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အဓိကထား ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း။**

ဦးစားပေးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဖော်ထုတ်ရာတွင် ပိုမိုမဟာဗျူဟာကျပြီး ပွင့်လင်းမြင်သာမှုရှိစေရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနတို့က စီမံကိန်းဘဏ်ကို ရေးဆွဲခဲ့ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် အဓိကကျသည့် စီမံကိန်းများကို စိစစ်သုံးသပ်အကဲဖြတ်ပြီး ဦးစားပေးစီမံကိန်းများအဖြစ် သတ်မှတ်ကာ အစိုးရဘတ်ဂျက်၊ ဖွံ့ဖြိုးမှုအကူအညီ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုစသည့် အသင့်လျော်ဆုံး ဘဏ္ဍာရေးအရင်းအမြစ်များကို ရယူအသုံးချသည့် ပုံသဏ္ဌာန်အပြင် အစိုးရ ပုဂ္ဂလိက ဆောင်ရွက်သွားမည့် ပုံသဏ္ဌာန်နှင့် အကောင်အထည် ဖော်နိုင်ရန် စုစည်းထားသည့် အချက်အလက်ဘဏ် (Data Bank) ဖြစ်ပါကြောင်း။

**ကမ္ဘာ့ဘဏ်မှ အသိအမှတ်ပြု**

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပြုပြင်ပြောင်းလဲမှုများအပေါ် ကြိုးပမ်းဆောင်ရွက်မှုကို ကမ္ဘာ့ဘဏ်မှ အသိအမှတ်ပြုခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် Star Reformer Award ကို အပ်နှင်းခဲ့ပါကြောင်း၊ ယင်းအောင်မြင်မှုအပေါ် မိမိတို့ နိုင်ငံသည် ကျေနပ်မနေဘဲ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်များ ပိုမိုကောင်းမွန်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**စိန်ခေါ်မှုများစွာလည်း ရှိနေ**

မြန်မာ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံ အဆောက်အအုံလိုအပ်ချက် ကွာခြားချက်ရှိနေခြင်း ကဲ့သို့သော စိန်ခေါ်မှုများစွာလည်း ရှိနေပါသေးကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များ ပေါကြွယ်ဝသော်လည်း ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု အနည်းဆုံး နိုင်ငံတစ်ခုအဖြစ် ရှိနေပါသေးကြောင်း။

မြန်မာ့ဆိပ်ကမ်းများကိုလည်း အဆင့်မြှင့်တင်ပြီး တစ်နေ့တခြား တိုးပွားလာသည့် ကုန်သွယ်မှု လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လိုအပ်နေပါကြောင်း။

ထိုကဲ့သို့ စိန်ခေါ်မှုများရှိနေသည့် နယ်ပယ်များသည် ရင်းနှီးမြှုပ်နှံသူများအတွက် ကြီးမားသည့် အခွင့်အလမ်းများအဖြစ် ရှိနေသည့်အတွက် စိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများသည် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နာယကကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ UMFCCI ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)အတွင်း ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **သတင်းစဉ်**

စာမျက်နှာ ၄ မှ

**စတုတ္ထအချက်** ကတော့ အကောင်အထည်ဖော် ဆောင်ရွက်မယ့် စီမံချက်လုပ်ငန်းစဉ်များနဲ့ အချိန်ကာလတွေဟာ အစီအစဉ် တကျဖြစ်ရန် လိုအပ်လျက်ရှိပါတယ်။ ဒါ့ကြောင့် ကဏ္ဍဆိုင်ရာ စီမံကိန်းနဲ့ ဒေသန္တရစီမံကိန်းတွေ ရေးဆွဲတဲ့အခါ စီမံချက်တွေဟာ လိုအပ်ချက်တစ်ခုတည်းကိုသာ စဉ်းစားဆောင်ရွက်ရတာမျိုးမဟုတ်ဘဲ အကောင်အထည်ဖော်ဖို့ဖြစ်နိုင်ခြေရှိတဲ့ လက်တွေ့ကျ အကောင်အထည်ဖော်နိုင်တဲ့ စီမံချက်တွေ (Implementable) ဖြစ်ဖို့ လိုအပ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများအနေနဲ့ နှစ်စဉ်စီမံကိန်း တွေမှာ ထည့်သွင်းဖို့၊ အချိတ်အဆက်မိဖို့ ဆက်စပ်စဉ်းစား ဆောင်ရွက်ကြဖို့ အလွန်ပဲအရေးကြီးပါတယ်။

**ရင်းနှီးမြှုပ်နှံရကျိုးနပ်ဖို့ လိုအပ်**

**ပဉ္စမအချက်**ကတော့ စီမံချက်တွေကို အကောင်အထည်ဖော်တဲ့အခါမှာ စောင့်ကြပ်ကြည့်ရှုအကဲဖြတ်ခြင်း အခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ အစဉ်အလာအရ စီမံချက်တွေကို အကောင်အထည်ဖော်ရုံနဲ့မပြီးဘဲ ဘယ်လောက်အတိုင်းအတာအထိ အကျိုးကျေးဇူးရှိသလဲ၊ စီမံချက်တွေအတွက် ငွေကြေးကုန်ကျခံ ရင်းနှီးမြှုပ်နှံရကျိုးနပ်ဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် စီမံကိန်းရေးဆွဲစဉ်ကတည်းက မှန်ကန်တဲ့ စာရင်းအင်းနဲ့ ကိန်းဂဏန်း အချက်အလက်တွေအပေါ် အခြေခံပြီး ရေးဆွဲမှသာ လက်တွေ့ကျပြီး လူထုကိုအကျိုးပြုစေတဲ့ စီမံကိန်းမျိုးတွေ ဖြစ်လာမှာဖြစ်ပါတယ်။ အလားတူပဲ စီမံကိန်းတွေကို အကောင် အထည်ဖော်ရာမှာ စောင့်ကြပ်ကြည့်ရှုနိုင်ဖို့ စီမံချက်ယူနစ်တွေ ဖွဲ့စည်းပြီး တိုးတက်မှုအခြေအနေကို တိုင်းတာဖို့အတွက် စာရင်းအင်းအချက်အလက်တွေ ပြုစုထားရှိရမှာဖြစ်ပါတယ်။ MSDP ကို အကောင်အထည်ဖော်ဆောင်ရာမှာ ကဏ္ဍအသီးသီးအတွက် တိုင်းတာနိုင်ဖို့ "အမျိုးသားညွှန်းကိန်းမူဘောင်" သတ်မှတ်ဆောင်ရွက်တိုင်းတာမှာ ဖြစ်ပါတယ်။ ယခုဆိုရင် စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့အနေနဲ့ အမျိုးသားညွှန်းကိန်းမူဘောင် သတ်မှတ်ရေးကိစ္စရပ်ကို ဌာနအဖွဲ့အစည်းပေါင်း (၁၀၀) ကျော်နဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ ဆောင်ရွက်ခဲ့တာဟာ ညွှန်းကိန်းပေါင်း (၃၀၀) နီးပါးရှိမှာ ဖြစ်ပါတယ်။ အမျိုးသား ညွှန်းကိန်းမူဘောင်ဟာ စီမံကိန်းရေးဆွဲခြင်း၊ ကဏ္ဍများအကြား ဘတ်ဂျက်ခွဲဝေမှုများ၊ ရင်းနှီးမြှုပ်နှံမှုနဲ့ စီမံချက်များဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်း စတာတွေအတွက် အချက်အလက်တွေ ပံ့ပိုးပေးနိုင်မှာ ဖြစ်ပါတယ်။

**အားနည်းချက်တွေကို အတူတကွဖြေရှင်း**

ဒါ့ကြောင့် "မြန်မာနိုင်ငံ၏ ကလေးတိုင်းအတွက် ဖွံ့ဖြိုးမှု မျှော်မှန်းချက် ပြည့်မီရေးဆိုင်ရာ အဆင့်မြင့်ဖိုရမ်" မှာ မြန်မာ့ကလေးသူငယ်များရဲ့ အနာဂတ်ကို ကဏ္ဍပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ လေ့လာသုံးသပ်ဆွေးနွေးမှုများပြုပြီး ကလေးသူငယ်သေဆုံးမှုလျော့ပါးရေး၊ ကလေးသူငယ်များရဲ့ မွေးဖွားမှုမှတ်ပုံတင်ထုတ်ပေးနိုင်ရေး၊ ကျန်းမာပြီး ဘဝနွေးထွေးလုံခြုံမှုရှိစေရေး၊ ပညာသင်ကြားခွင့် သာတူညီမျှရရှိစေရေး၊ ကျောင်းနေ သက်တမ်း ပိုမိုတိုးမြှင့်စေနိုင်ရေး၊ အရွယ်မရောက်သေးသူများအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေး၊ ကလေးသူငယ်များကို လူကုန်ကူးမှုမှ အကာအကွယ်ပေးရေး၊ ကလေးတွေရဲ့အနာဂတ်ဘဝလုံခြုံရေးနဲ့ သာယာဝပြောမှုရှိစေရေးတို့အတွက် အစိုးရနဲ့ပုဂ္ဂလိက ကဏ္ဍအသီးသီးမှာ အားလုံးပါဝင်ပြီး ကဏ္ဍတစ်ခုချင်းစီရဲ့အားနည်းချက်တွေကို အတူတကွ ဖြေရှင်းကြပြီး အားသာချက်ကို ပေါင်းစပ်ဆောင်ရွက်သွားကြဖို့ကိုလည်း မှာကြားလိုပါတယ်။

လက်ရှိ UNICEF ရဲ့ နိုင်ငံဆိုင်ရာ လုပ်ငန်းစဉ်အရ

စာမျက်နှာ ၁၁ သို့

# အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ပြည့်မီစေရန် ဒစ်ဂျစ်တယ်စာတတ်မြောက်မှုသည် အထောက်အကူဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားတင်သွင်းခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း၏ **ကျောင်းသားမိဘ နာမည်ကွဲလွဲမှုများဖြစ်ပေါ်နေရာတွင် အမည်မှန်ပြောင်းလဲ ပြင်ဆင်ခွင့်ပြုရန်အတွက် လုပ်ဆောင်ရသောလုပ်ငန်းစဉ်များ ဖြေလျှော့ပေးရန်**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းအုပ်ချုပ်မှု မွမ်းမံသင်တန်းတွင် ကျောင်းအုပ်ကြီးများအတွက် စီမံဘာသာရပ်ဆိုင်ရာ ပို့ချချက် အခန်း(၇)၌ ဖော်ပြသတ်မှတ်ထားချက်များအတိုင်း ရှင်းလင်းပို့ချဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနအနေဖြင့်လည်း နှစ်စဉ်တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူတို့၏ အချက်အလက်ဆိုင်ရာ မှတ်တမ်းများကို တိကျမှန်ကန်သေသပ်စွာ သိမ်းဆည်းထားရှိပါကြောင်း၊ လိုအပ်ပါက အချက်အလက်အထောက်အထားများကို စိစစ်ဆောင်ရွက်ပေးရသောကြောင့် မိခင်၊ ဖခင်အမည်မှန်ဖြစ်ရန်အတွက် အလွန်အရေးကြီးပါကြောင်း၊ အခြားဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ နိုင်ငံတကာတက္ကသိုလ်များက အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရာတွင် အထောက်အထားများကို မှန်၊ မမှန် စိစစ်ပေးရသောကြောင့် ခိုင်လုံတိကျမှန်ကန်သည့် မှတ်တမ်းအထောက်အထားများကို ပြည့်စုံရန် လိုအပ်ပါကြောင်း။

## မိဘအမည်ကွဲလွဲမှုများကို အမည်မှန် ပြောင်းလဲပြင်ဆင်နိုင်ရန် သတ်မှတ်ထားသည့် အထောက်အထားများနှင့် တိုက်ဆိုင် စိစစ်ရ

ကျောင်းသား၊ ကျောင်းသူများ၏ အမည်၊ မိဘအမည်၊ မွေးသက္ကရာဇ်များ ပြင်ဆင်လိုပါက တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းမထွက်မီ ပြင်ဆင်ရပါကြောင်း၊ အောင်စာရင်းထွက်ပြီးပါက ပြင်ဆင်ရန် အခက်အခဲရှိပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူအမည်၊ မိဘအမည်ကွဲလွဲမှုများကို အမည်မှန် ပြောင်းလဲပြင်ဆင်နိုင်ရန် သတ်မှတ်ထားသည့် အထောက်အထားများနှင့် တိုက်ဆိုင်စိစစ်ရသောကြောင့် သတ်မှတ်ထားသည့် အထောက်အထားများအတိုင်းသာ စီစဉ်ဆောင်ရွက်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၏ မက်မန်းမြို့နယ်တွင် **မြို့နယ်ကော်မရှင်**



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး



မြိုင်မဲဆန္ဒနယ်မှ
ဦးအောင်ခင်ဝင်း

**အဖွဲ့ခွဲရုံးအဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေးက ရှမ်းပြည်နယ် မက်မန်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအတွက် ရုံးအဆောက်အဦဆောက်လုပ်ရန် အမှတ်(၁) ရပ်ကွက် မက်မန်း-အေးကျန့်သွား ကားလမ်းဘေး မြေဧရိယာ ၀ ဒသမ ၂၃ ဧကတွင် မြေနေရာရရှိပြီးဖြစ်ပါသဖြင့် ရုံးဆောက်လုပ်နိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၌ ဘဏ္ဍာငွေလျာထား တောင်းခံတင်ပြသွားမည်ဖြစ်ပြီး ရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် Right to Recall ဥပဒေကို မည်သည့်အချိန်တွင် လွှတ်တော်သို့ တင်မည်၊ မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ ကြန့်ကြာနေရသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေးက ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းကာလတွင် ပြည်ထောင်စုလွှတ်တော်က မဲခွဲဆုံးဖြတ်၍ ဆိုင်းငံ့ထားပါကြောင်း ဖော်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြန်လည်ပေးပို့ထားသည့် ကိစ္စရပ်ဖြစ်သောကြောင့် ပြည်ထောင်စုလွှတ်တော်၏ ဆိုင်းငံ့ထားကြောင်း အဆုံးအဖြတ်သည် အတည်ဖြစ်နေဆဲဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အဆိုပါဥပဒေမူကြမ်းကို အသင့်ရေးဆွဲပြီးဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်မှ ဆက်လက်လမ်းညွှန်လာပါက ယင်းလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားရန် အဆင့်သင့်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်၊ မာန်အောင် မဲဆန္ဒနယ်မှ ဦးတင်နု(ခ) ဦးတင်နုအောင်၊ ကျိုက်မရော မဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင်နှင့် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီဝင် ဦးအောင်သိန်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## မိုဘိုင်းဖုန်းအသုံးပြုသူအရေအတွက် တိုးတက်များပြားလာသော်လည်း အကျိုးရှိစွာ သုံးစွဲရမည်ကို သိရှိကျင့်သုံးနိုင်မှုအခွင့်အလမ်းနှင့် အသိပညာနည်းပါးနေ

ဆက်လက်၍ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်က **ဒစ်ဂျစ်တယ် စာတတ်မြောက်မှု (Digital Literacy) အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် စီမံကိန်းနှင့် (Digital Literacy Framework) မူဘောင်ရေးဆွဲ ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းအသုံးပြုသူအရေအတွက် တိုးတက်များပြားလာသော်လည်း မိုဘိုင်းဖုန်းနည်းပညာကို မည်ကဲ့သို့ လုံခြုံစိတ်ချစွာနှင့် အကျိုးရှိစွာ သုံးစွဲရမည်ကို သိရှိကျင့်သုံးနိုင်မှုအခွင့်အလမ်းနှင့် အသိပညာနည်းပါးနေခြင်းတို့သည် နောက်ခံအကြောင်းရင်းတစ်ရပ်ဖြစ်နေပါကြောင်း၊ မြန်မာနိုင်ငံသည် မကြာသေးမီက ဒေသတွင်း အာဆီယံနိုင်ငံများအကြားတွင် အွန်လိုင်းဈေးရောင်းခြင်းနှင့် ငွေပေးချေခြင်းဆိုင်ရာ ASEAN e-Commerce တွင် လက်မှတ်ရေးထိုး၍ အဖွဲ့ဝင်ဖြစ်လာခဲ့ပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်ဖြစ်သည့် ပန်းတိုင်အမှတ်(၄)တွင် အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ်နှင့်အမှတ်(၈)တွင် ဂုဏ်သိက္ခာရှိသည့်၊ ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ပြည့်မီစေရန်အတွက် Digital Literacy သည် အလွန်အထောက်အကူဖြစ်စေသောကြောင့် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း။

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

# ဟသ်ာတမြို့နယ်၌ ကမ်းပြိုကာကွယ်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ဦးစားပေးအဖြစ် တင်ပြတောင်းခံသွားမည်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကျောက်ရဲကျေးရွာ၊ သဲရိုးကျေးရွာ၊ တာငုတ်ကျေးရွာနှင့် ဖောင်ဆိပ်ကျေးရွာတို့တွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျနေမှုကိုဟန့်တားရန်အတွက် မြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ပေးရန်နှင့် တစ်ဖက်ကမ်းကျွန်းသောင်အား မြစ်ဖြတ်တူးမြောင်းဖော်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဟသ်ာတမြို့နယ် ကျောက်ရဲကျေးရွာနှင့် သဲရိုးကျေးရွာ ကမ်းပြိုကာကွယ်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ရန်ပုံငွေကျပ်သန်း ၅၇၀ တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေမပါရှိခဲ့ပါသဖြင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေတွင် ပထမဦးစားပေးအဖြစ် ထပ်မံတင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း။

ထို့ပြင် တစ်ဆက်တစ်စပ်တည်း ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်သော တာငုတ်ကျေးရွာနှင့် ဖောင်ဆိပ်ကျေးရွာ ကမ်းပြိုကာကွယ်ရေးအတွက် ရန်ပုံငွေကျပ်သန်း ၈၂၀ ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံး ငွေရင်း ရန်ပုံငွေတွင် ဒုတိယဦးစားပေးအဖြစ် ထပ်မံတင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း။

## မြစ်ဖြတ်မြောင်း တူးဖော်ရန်ကိစ္စနှင့်ပတ်သက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကွင်းဆင်းလေ့လာ

ထို့ပြင် မြစ်ဖြတ်မြောင်း တူးဖော်ရန်ကိစ္စနှင့်ပတ်သက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကွင်းဆင်းလေ့လာခဲ့ရာ တူးဖော်ရမည့် တူးမြောင်းအလျားမှာ ၃ ဒသမ ၅ မိုင်နှင့် အကျယ်မီတာ ၁၀၀ ဖြစ်ပြီး အနက်မှာလည်း ပင်မရေလမ်းကြောင်းတွင် ဖြစ်ပေါ်နေသော ရေအနက်ထက် တူးဖော်မှသာ ရေကြောင်းဖြစ်ပေါ်နိုင်သဖြင့် အနည်းဆုံး ၁၀ မီတာ တူးဖော်ရမည်ဖြစ်သောကြောင့် တူးဖော်ရမည့် ပမာဏမှာ ကုဗမီတာ ၆ သန်းခန့်ဖြစ်ပြီး ငွေကျပ်သန်း ၆၀၀၀ ခန့် ကုန်ကျမည်ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံရမည့်တန်ဖိုးမှာ အလွန်များပြားမည်ဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး
ဦးကျော်မျိုး



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးထိန်ဝင်း

မြစ်ဖြတ်မြောင်းတူးဖော်ပါကလည်း မြစ်ကွေးအလျားနှင့် မြစ်ဖြောင့်လေးကြိုးမျဉ်းတို့၏ အချိုးသည် ၁ ဒသမ ၅ နှင့် ၂ ဒသမ ၅ ရှိရမည်ဖြစ်ပြီး လက်ရှိအနေအထားအရ အဆိုပါ အချိုးမှာ (၁) နီးပါးသာရှိသဖြင့် ရေလမ်းကြောင်းပေါက်နိုင်မှု အခွင့်အလမ်းနည်းပါးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျောက်ရဲကျေးရွာနှင့် သဲရိုးကျေးရွာကမ်းထိန်းလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေရရှိပါက ရေလမ်းထိန်း အစီအမံများ ဆောင်ရွက်ပေးမှုကြောင့် ဖြစ်ပေါ်တိုးတက်လာမည့် အခြေအနေရလဒ်အပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်သင့်သော အစီအမံများကို တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၏ **မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကျောက်ကာအုပ်စုရှိ ကျောက်တံခါးဆည်တမံတွင် ရေထိန်းတံခါးတစ်ခု မိုးရာသီအမီ တပ်ဆင်ပေးရန် အစီအစဉ် ရှိ မရှိမေးခွန်းနှင့် စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က တမံမှ ရေပေးဝေမှု လွယ်ကူအဆင်ပြေစေရန် ရေထုတ်ပြွန်ကို စနစ်တကျတည်ဆောက်ပေးခြင်းနှင့် ရေပိုလွှဲ အခိုင်အမာတည်ဆောက်ပေးခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်ပေးခြင်းက ပိုမိုသင့်လျော်မှုရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊

ထို့ကြောင့် ကျောက်တံခါးရေလှောင်တမံတွင် ရေထုတ်ပြွန် စနစ်တကျတည်ဆောက်ခြင်းနှင့် ရေပိုလွှဲအခိုင်အမာ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လိုအပ်သည့် စူးစမ်းတိုင်းတာလေ့လာမှုလုပ်ငန်းများကို ဦးစွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများအရ ခန့်မှန်းကုန်ကျငွေတွက်ချက်ကာ လိုအပ်ရန်ပုံငွေကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်နှင့် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ဒေါ်နွယ်နွယ်အောင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် နေပြည်တော်ကောင်စီဝင် ဦးညီထွန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် **ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## လက်ထပ်ထိမ်းမြားခြင်းစာချုပ်ချုပ်ဆို၍ ထိမ်းမြားလက်ထပ်ခြင်းဖြစ်ပါက ထိမ်းမြားလက်ထပ်ရန် ပဋိညာဉ်ပြုနိုင်သည့် အသက်သည် ၁၈ နှစ်ပြည့်ပြီးဖြစ်ရမည်ဟုပါရှိ

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း က အခန်း(၇) အပိုဒ်- ၂၃ အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့် အသက်သည် ၎င်းတို့၏ သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေများတွင် သတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။ သို့ရာတွင် လက်ထပ်ထိမ်းမြားခြင်း စာချုပ်ချုပ်ဆို၍ ထိမ်းမြားလက်ထပ်ခြင်းဖြစ်ပါက ထိမ်းမြားလက်ထပ်ရန် ပဋိညာဉ်ပြုနိုင်သည့် အသက်သည် ၁၈ နှစ်ပြည့်ပြီးဖြစ်ရမည်ဟု ပါရှိပါကြောင်း၊ မိမိအနေဖြင့် အပိုဒ်- ၂၃ တစ်ပိုဒ်လုံးကို ပယ်ဖျက်လိုပါကြောင်း၊ ဥပဒေ၏ အပိုဒ်တစ်ခုတည်းတွင် အသက် ၁၈ နှစ်အောက်နှင့် ၁၈ နှစ်အထက် ဖြစ်နေပါကြောင်း၊ ဥပဒေတစ်ခုတည်းတွင် ဒွိဟဖြစ်စရာဖြစ်နေပါကြောင်း၊ ကလေးအကျိုးစီးပွားနှင့်လည်း သက်ဆိုင်ခြင်းလည်း မရှိသောကြောင့် ပယ်ဖျက်လိုခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထွန်းအောင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း အခန်း ၁၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသည့်နှင့် အခြားခိုင်လုံသော အထောက်အထားစာတမ်း အမှတ်အသား ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရန်နှင့် ၎င်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော ပုဒ်မ ၁၁၀ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၆)တွင် ပါရှိသည့် ပုဒ်မခွဲငယ် (၁) မှ (၅)အထိ သတ်မှတ်ထားသော အထောက်အထားများမရရှိပါက အခြားခိုင်လုံသော အထောက်အထားစာတမ်းအမှတ်အသားတစ်ခုခု ဟူသည့် စကားရပ်ကို ပယ်ဖျက်ရန် အဆိုပြုဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

ကျိုးကြောင်းဖော်ပြချက်အနေဖြင့် အခြားခိုင်လုံသော အထောက်အထား စာတမ်းအမှတ်အသားဟူသည့်စကားရပ်သည် ယေဘုယျဆန်၍ အဓိပ္ပာယ်တိတိကျကျဖော်ပြနိုင်ခြင်းမရှိသည့်အပြင် အထောက်အထားခိုင်လုံမှုကိုတာဝန်ခံ သတ်မှတ်မည့်သူမပါရှိပါသောကြောင့် ပယ်ဖျက်လိုခြင်းဖြစ်ပါကြောင်း။

*စာမျက်နှာ ၉ ကော်လံ ၄ သို့*

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ထိုင်း-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ထိုင်း-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းဥက္ကဋ္ဌ General Ongard Pongsakdi နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံလွှတ်တော်ချင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံလွှတ်တော်များ၏ ဖွဲ့စည်းမှု၊ ဥပဒေ ပြုရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ထိုင်း-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** သတင်းစဉ်

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် အစ္စရေးနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr. Ronen Gilor အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အစ္စရေး-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကူအညီပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရေအရင်းအမြစ်အသုံးချရေး ကိစ္စရပ်များ၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ အမျိုးသားလွှတ်တော် ပြည်တွင်း ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူး ကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် အစ္စရေးနိုင်ငံသံအမတ်ကြီး H. E. Mr. Ronen Gilor အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

***ပြည်သူ့လွှတ်တော် မှ***

မိမိတို့ အများအသုံးပြုနေသည့် ၇၅ ရာခိုင်နှုန်းသော မိုဘိုင်းဖုန်းသည် စမတ်ဖုန်းများဖြစ်ပါကြောင်း၊ စမတ်ဖုန်းများသည် ကွန်ပျူတာတစ်လုံးကဲ့သို့ စွမ်းဆောင်ရည်ရှိသော်လည်း အပြည့်အဝအသုံးမချနိုင်ခြင်းဖြစ်နေပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာရေးအခွင့်အလမ်းတို့အတွက် အထောက်အကူပြု အသုံးချနိုင်သည့်အထိ အသုံးမပြုနိုင်ကြဘဲ လူမှုကွန်ရက်တွင်သာ အချိန်ကုန်နေကြပါကြောင်း။

အာဆီယံမှပေးနေသည့် အဝန်းအဝိုင်းမိသားစုထဲတွင် ပါဝင်နေသော်လည်း မိမိနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ပညာရေးနှင့် စီးပွားရေးအလုပ်အကိုင် အခွင့်အလမ်းများတွင် Digital Age မှ ပေးသည့် အကျိုးအမြတ်များကို ခံစားနိုင်မည် မဟုတ်ပါကြောင်း၊ အစိုးရမှ နိုင်ငံတော်အဆင့်စီမံကိန်း အနေဖြင့် Digital Literacy Framework ရေးဆွဲချမှတ်ဆောင်ရွက်ရန်လိုပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက အဆိုအား လက်ခံဆွေးနွေး ရန်ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်များကို ကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဇန်နဝါရီ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

***အမျိုးသားလွှတ်တော်မှ***

ဥပဒေကြမ်းပါ ပုဒ်မ ၃၊ ပုဒ်မခွဲ ည၊ ၄၊ ၅၊ ၃ တို့ကို ပြင်ဆင်အဆိုပြုရသည့် အကြောင်းအရင်းမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ စိစစ်ကြီးကြပ်မှုရှိမှသာလျှင် သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီ စောင့်ရှောက်ရေးဂေဟာ၊ အခြားနည်းဖြင့် ပြုစုစောင့်ရှောက်မှုတို့၏ လုပ်ဆောင်ချက်များသည် ဥပဒေပါပြဋ္ဌာန်းချက်များ၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ၊ တာဝန်ခံမှု၊ တာဝန်ယူမှု ရှိ မရှိ စိစစ်ကြီးကြပ်နိုင်မည်ဖြစ်သကဲ့သို့ ဥပဒေနှင့်အညီ မှတ်ပုံတင်တည်ထောင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများဖြစ်သင့်ပါသောကြောင့် ပြင်ဆင်၊ ဖြည့်စွက်၊ အဆိုပြုရခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ ဦးဆန်းမြင့်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲအောင်စော၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဇန်နဝါရီ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**

## ကချင်ပြည်နယ်၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ သီပေါမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ မိုးမိတ်မြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့၊ လွိုင်လင်မြို့၊ ညောင်ရွှေမြို့နှင့် မိုးကုတ်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီ တို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၄ / ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် )**

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၂၆) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ပါသည် -

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မပြင်ကျေးရွာနေ မမိတုတ်သည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁-၂၀၁၉ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မပြင်ကျေးရွာနေ မမိတုတ်(ခ) မနန်းမိုးအေး (၃၅)နှစ်၊ (ဘ)ဦးစံသောင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးတုံ) မယ(ပ)၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဘီလူးမြို့ကျေးရွာ၊ မြို့ဟောင်းရပ်ကွက်တွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၁-၂၀၁၉ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ ဘီလူးမြို့ကျေးရွာ၊ မြို့ဟောင်းရပ်ကွက်၊ လယ်ကွင်းအတွင်း၌ သတင်းအရ စောင့်ဆိုင်းစိစစ်ရာ ၎င်းရပ်ကွက်နေ မိုးဦး(၃၀)နှစ်၊ (ဘ) ဦးအောင်ထွေးနှင့် ကန်တော်ကုန်းရပ်ကွက်နေ ထွန်းနု(၄၀)နှစ်၊ (ဘ)ဦးစောဖေတို့(၂) ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုးညှင်း) မယ(ပ)၁၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ အမှတ်(၁) ရပ်ကွက်၊ ဘူတာ(က)ရပ်နေ ပေါက်စီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁-၂၀၁၉ ရက်နေ့တွင် ရွှေဘိုမြို့ အမှတ်(၁)ရပ်ကွက်၊ ဘူတာ(က) ရပ်နေ လှမိုး(ခ)ပေါက်စီ(၄၀)နှစ်၊ (ဘ) ဦးညွန့်ရှောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရွှေဘို) မယ(ပ)၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သရောင်းကျေးရွာနေ မြင့်အောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သရောင်းကျေးရွာနေ မြင့်အောင်(၄၀)နှစ်၊ (ဘ)ဦးအောင်တင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် မင်းယားကျေးရွာနေ မင်းအောင်(၃၀)နှစ်၊ (ဘ)ဦးအံ့သိန်းတို့အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ဖောင်းပြင်) မယ(ပ)၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀ (က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့ တောင်ဘုံကျေးရွာ၊ ရပ်ကွက်(၄)၊ အမှတ်(၄/ ၂၈)နေ ဒေါ်အိရတ်၊ အမှတ်(၄/ ၂၇)နေ အငုံးနှင့်ဇနီး မခင်စန်းဝင်းတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၂၃-၁-၂၀၁၉ ရက်နေ့တွင်ရေးမြို့နယ်၊ လမိုင်းမြို့ တောင်ဘုံကျေးရွာ၊ ရပ်ကွက်(၄)၊ အမှတ်(၄/ ၂၈)နေ ဒေါ်အိရတ်(ခ) ဒေါ်လှတင်(၅၀)နှစ်၊ (ဘ)ဦးဒိ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လမိုင်း) မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) / ၂၀(က)ဖြင့်လည်းကောင်း၊ ၎င်းရပ်ကွက်၊ အမှတ်(၄/ ၂၇)နေ သိန်းဟန်(ခ)အငုံး(၄၂)နှစ်၊ (ဘ) ဦးငွေ့၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်ဇနီး မခင်စန်းဝင်း (၄၂)နှစ်၊ (ဘ)ဦးမောင်ပြူးတို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ICE များနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား နမစ(လမိုင်း) မယ(ပ)၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၃)ရပ်ကွက်၊ ၁၀/တောင်၊ ဇေယျဝတီ (၂) လမ်းနေ သက်ဦး၊ နိုင်ဦး၊ နွေဦး၊ ဝိုင်းအံ့ချစ်နှင့် မျိုးသန္တာထွန်းတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၁-၂၀၁၉ ရက်နေ့တွင် သာကေတမြို့နယ်၊ ဇေယျဝတီ (၂)လမ်း၌ သတင်းအရ စောင့်ဆိုင်းစိစစ်ရာ သာကေတမြို့နယ်၊ (၁၃)ရပ်ကွက်၊ ၁၀/တောင်၊ ဇေယျဝတီ(၂)လမ်းနေ သက်ဦး (၅၉)နှစ်၊ (ဘ)ဦးထွန်းကြည်နှင့် သားဖြစ်သူ နိုင်ဦး(၃၁)နှစ်၊ နွေဦး(၂၉)နှစ်၊ သန်လျင်မြို့နယ်၊ ဇီးကုန်းရပ်ကွက်နေ မဇင်မီမီဦး(ခ)ဝိုင်းအံ့ချစ်(၂၀)နှစ်၊ (ဘ)ဦးမင်းသီဟ တို့(၄)ဦး အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး စိစစ်ရာ ဇေယျဝတီ(၂)လမ်း၊ အမှတ်-၂၀၂(က)နေ မျိုးသန္တာထွန်း (၂၅)နှစ်၊ (ဘ)ဦးအောင်ကြည်ထွန်းထံမှ ဝယ်ယူခဲ့သော ပစ္စည်းများ ဖြစ်ကြောင်း သိရှိရသဖြင့် နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိရပြီး မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းတို့ (၅)ဦးအား နမစ(သာကေတ) မယ(ပ) ၁/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက်(၄)၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကား ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃၇)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၃၅)ဦး၊ မ(၃)ဦး၊ပေါင်း(၃၈)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၀-၁-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့ နန့်ဟူးရွာဟောင်း၌ ပန်ကူစုစည်းရွာနေ အိုက်ငို့(၂၈)နှစ်၊ (ဘ)ဦးအိုက်ဆိုင်နှင့် မော်ဟစ်စုစည်းရွာနေ အိုက်ဆမ်(၄၅)နှစ်၊ (ဘ)ဦးမော်ဟိန်းတို့ စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ကွတ်ခိုင်)မယ(ပ)၁၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့်လည်းကောင်း၊ ၂၅-၁-၂၀၁၉ ရက်နေ့တွင် ၎င်းမြို့ အမှတ် (၇)ရပ်ကွက်နေ မလီဆိုက်ရင့် (၂၃)နှစ်၊ (ဘ) ဦးလီရှင်ပေါင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် တစ်ရပ်ကွက်တည်းနေ အားကျူ(ခ)ရန်ခိုက်ကျူ (၃၆) နှစ်၊ (ဘ) ဦးရန်ကွေအမ်းတို့အား 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား မမစ(ကွတ်ခိုင်) မယ(ပ)၁၂/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၆)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁၂) ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်း ထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၂-၁-၂၀၁၉ ရက်နေ့တွင် ယခင် ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်၊ ပန်းနေကြာလမ်း၊ အမှတ်(၂၀၆) နေ ရန်ထက်တင်ဝင်း(၁၈)နှစ်၊ (ဘ)ဦးအောင်တင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ အေးသာယာမြို့ နယ်မြေ(၁၀)နေ စိုင်းရွှေငွေးဦး(၂၆)နှစ်၊ (ဘ)ဦးသိန်းငွေး၊ တောင်ကြီးမြို့ ရတနာသီရိရပ်ကွက်နေ ဝေယံဖြိုး(၂၀)နှစ်၊ (ဘ)ဦးစိုးသိန်း၊ ရေအေးကွင်းရပ်ကွက်၊ နယ်မြေ(၁၅)နေ ညီညီထွေး(၁၇)နှစ်၊ (ဘ)ဦးထွန်းမြင့်၊ စဝ်စံထွန်းရပ်ကွက်နေ ဇော်ငြိမ်းသူ(၁၇)နှစ်၊ (ဘ)ဦးလော်ဦးတို့(၄) ဦးအား ဘိန်းဆီခဲများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ)၁၁/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ ဇာတ်စုရပ်ကွက်၊ နယ်မြေ(၃)၊ ဒုဋ္ဌဝတီမြစ်ဘေးနေ ဒေါ်အေးအောင်သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁-၂၀၁၉ ရက်နေ့တွင် သီပေါမြို့ ဇာတ်စုရပ်ကွက်၊ နယ်မြေ (၃)၊ ဒုဋ္ဌဝတီမြစ်ဘေးနေ ဒေါ်အေးအောင်(ခ) သီတာအောင် (၄၆)နှစ်၊ (ဘ) ဦးဗဟာဒူး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားတွေ့ရှိခြင်းမရှိဘဲ သမီးဖြစ်သူ မထက်ထက်နိုင်(၁၉)နှစ်၊ (ဘ)ဦးကျော်နိုင်ထွန်းနှင့် ချွေးမဖြစ်သူ မသဒ္ဒါမျိုးလွင်(၁၉)နှစ်၊ (ဘ)ဦးမျိုးလွင်တို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(သီပေါ) မယ(ပ)၁/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့ ရပ်ကွက်(၃)၊ အောင်ဆန်းလမ်း၊ အမှတ် (၃/ ၃-က)နေ ဇော်မင်းဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၁-၂၀၁၉ ရက်နေ့တွင် ကျောက်မဲမြို့ ရပ်ကွက်(၃)၊ အောင်ဆန်းလမ်း၊ အမှတ်(၃/၃-က)နေ ဇော်မင်းဦး(ခ) စခန်း ကုန်းရီ(၃၅)နှစ်၊ (ဘ) ဦးစိုင်းအိုက်လုံ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကျောက်မဲ) မယ(ပ)၆/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ ငွေအိုးအုပ်စု၊ ပြချောင်းကျေးရွာနေ ဆယ်ဘို သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၁-၂၀၁၉ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ငွေအိုးအုပ်စု၊ ပြချောင်း ကျေးရွာနေ ဆယ်ဘို(၄၁)နှစ်၊ (ဘ)ဦးဘိုဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း) မယ(ပ)၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့ အမှတ်(၃)ရပ်ကွက်၊ (၃)လမ်းနေ အောင်ပိုင်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၁-၂၀၁၉ ရက်နေ့တွင် မအူပင်မြို့ အမှတ်(၃)ရပ်ကွက်၊ (၃)လမ်းနေ အောင်ပိုင်ဦး(၄၄)နှစ်၊ (ဘ)ဦးအောင်မြင့်ဆွေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ တစ်ဆင့် ပြန်လည်ရောင်းချသူ အမှတ်(၉)ရပ်ကွက်၊ မြနန္ဒာ(၁)လမ်းနေ မိုးအောင်(၂၇)နှစ်၊ (ဘ)ဦးကျော်စိုးအား ထပ်မံဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(မအူပင်)မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ ရုံးကြီးရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၆၇)နေ သန်းထွေးစိုးသည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၁-၂၀၁၉ ရက်နေ့တွင် ဟင်္သာတမြို့ ရုံးကြီးရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၆၇)နေ သန်းထွေးစိုး(၅၀)နှစ်၊ (ဘ) ဦးစစ်ကွေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဟင်္သာတ) မယ(ပ)၁/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၇ မှ

ကျန်းမာရေးနဲ့ အာဟာရ၊ ရေနှင့်သန့်ရှင်းရေးနဲ့ တစ်ကိုယ်ရေ သန့်ရှင်းမှု၊ ပညာရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ လူမှုရေး မူဝါဒနဲ့ ကလေးသူငယ်အခွင့်အရေး စောင့်ကြပ်ကြည့်ရှုရေး စတဲ့နယ်ပယ်တွေမှာ ချဉ်းကပ်ဆောင်ရွက်နေတာတွေရှိရပါတယ်။ ကိုယ်ဝန်ဆောင်မိခင်နဲ့ ကလေးငယ်များအား အာဟာရအတွက် ငွေကြေးထောက်ပံ့တဲ့အစီအစဉ်၊ ကျောင်းတွေမှာ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အစီအစဉ်၊ ကလေးမွေးဖွားမှု မှတ်ပုံတင်ခြင်းအစရှိတဲ့ လုပ်ငန်းစဉ်တွေမှာ တိုးတက်မှုတွေကို တွေ့ရှိနေရပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ပျံ့နှံ့ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံရဲ့ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ကုလသမဂ္ဂရဲ့မြန်မာနိုင်ငံဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့ (Country Task Force on Monitoring and Reporting-CTFMR) တို့အကြား ပူးပေါင်းဆောင်ရွက်နေတဲ့ အရွယ်မရောက်သေးသူများအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကိစ္စမှာ UNICEF ဟာ ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ အရွယ်မရောက်သေးသောသူများအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေး၊ စုဆောင်းခံခဲ့ရသူများအား နုတ်ထွက်ခွင့်ရရှိရေး၊ နုတ်ထွက်ခွင့်ရရှိပြီးသူများ လူမှုအသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် UNICEF က ကူညီဆောင်ရွက်ပေးနေတာတွေကို ကျေးဇူးအထူးတင်ရှိပါတယ်။ ဆက်လက်ပြီး အပြုသဘော ပူးပေါင်းဆောင်ရွက်သွားဖို့နဲ့ မြန်မာနိုင်ငံအနေနဲ့လည်း အဆိုပါကိစ္စကို နိုင်ငံရေးအရ ဆန္ဒပြင်းပြစွာ ကိုင်တွယ်ဆောင်ရွက်နေကြောင်းကို ထပ်လောင်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မိမိတို့နိုင်ငံရဲ့ ကလေးသူငယ်တွေရဲ့ ဖွံ့ဖြိုးမှုအတွက် ၂၀၁၆ ခုနှစ်ကတည်းက "မြန်မာ့ကလေးများ ဖွံ့ဖြိုးဖို့ မျှော်မှန်းချက်သစ်နှင့် ရလဒ်သစ်များဖြင့် အားထုတ်စို့" ဆောင်ပုဒ်နဲ့ ကျင်းပခဲ့တဲ့ 1st High Level Conference on "New Vision, New Results for Children in Myanmar" အဆင့်မြင့်ညီလာခံပွဲကတည်းက ဒီနယ်ပယ်ကို ကူညီဆောင်ရွက်ပေးခဲ့တဲ့ UNICEF Country Office မှ တာဝန်ရှိသူတွေနဲ့ UNICEF Executive Director Ms. Henrietta H. Fore တို့ကို ကျေးဇူးတင်ပါတယ်။ ကျန်ရှိတဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေကလည်း ဝိုင်းဝန်းပံ့ပိုးပေးနိုင်ဖို့ မျှော်လင့်ပါတယ်။ တက်ရောက်ဆွေးနွေးရေးအစီအစဉ်များတွင် ပါဝင်သူများနဲ့ ဖိုရမ်ကို ဦးစီးဦးဆောင်ကျင်းပပေးတဲ့ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီကနေ့ အဆင့်မြင့်ဖိုရမ်ရဲ့ဆွေးနွေးချက်တွေဟာ မြန်မာကလေးငယ်တွေအတွက် MSDP ပါ မဟာဗျူဟာလုပ်ငန်းစဉ်တွေနဲ့ ချိန်ညှိပြီး ထိရောက်အကျိုးရှိတဲ့ အစီအစဉ်တွေ၊ စီမံချက်တွေ ပေါ်ပေါက်လာမယ်လို့ မျှော်လင့်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့အား တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Burgener ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများအား မိမိတို့ဘက်မှ ပြန်လည်လက်ခံနိုင်ရေးအတွက် တောင်ပြုဝဲနှင့် ငါးခူရတို့၌ ပြန်လည်လက်ခံရေးစခန်းများ ဖွင့်လှစ်ထားရှိမှု၊ ပြန်လည်ဝင်ရောက်လာသူများအတွက် စားသောက်နေထိုင်ရေး စီစဉ်ထားရှိမှုနှင့် ယခင်နေထိုင်ခဲ့သည့် ကျေးရွာများအနီး၌ အဆောက်အအုံများ ဆောက်လုပ်၍ ပြန်လည်နေထိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်အရ ပေးပို့ရမည့် လျှောက်လွှာများနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပေးပို့မှုစာရင်းနှင့် မိမိတို့မှ စိစစ်ပြန်ကြားမှု၊ လက်ခံရန် ပြန်ကြားပြီးသူများအား ပြန်လည်လက်ခံရန် အဆင်သင့်ရှိမှုနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ပြန်လည်ဝင်ရောက်လာသူများအား နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးပြီးနောက် နိုင်ငံသားစိစစ်နိုင်ရန် လျှောက်ထားဆောင်ရွက်နိုင်ရေးနှင့် အထောက်အထား အချက်အလက်များ အပေါ်မူတည်၍ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များ၊ လက်ရှိ NV Card ထုတ်ပေးဆောင်ရွက်မှုနှင့် နိုင်ငံသားစိစစ်ဆောင်ရွက်ပြီး ကတ်ပြားထုတ်ပေးပြီးစီးမှု၊ NV Card သည် နိုင်ငံသားစိစစ်နိုင်ရေးအတွက် ပထမဆုံးခြေလှမ်းဖြစ်ပြီး စိစစ်ခံရန် ဆက်လက်လျှောက်ထားကာ နိုင်ငံသားဖြစ်မှုအတွက် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များ၊ NV Card အကြောင်း သိကောင်းစရာများ၊ ရရှိခံစားရမည့်အကျိုးကျေးဇူးများအား ဒေသခံများ သိရှိနားလည်စေရေးအတွက် ရှင်းလင်းချပြမှုများ အပါအဝင် မောင်တောနှင့် ဘူးသီးတောင်ဒေသတို့၌ ဗမာ၊ ရခိုင်နှင့် ဘင်္ဂါလီ ဘာသာစကားသုံးမျိုးဖြင့် မေယု FM ရေဒီယိုမှ ထုတ်လွှင့်ပေးနေမှုနှင့် IDP စခန်းများ၌ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးမှု၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် မိမိနိုင်ငံသို့ ပြန်လာချင်သူများ ရှိသော်လည်း ပြန်လည်ဝင်ရောက်မည့်လုပ်ငန်းများ နှောင့်နှေးကြန့်ကြာနေရခြင်း အကြောင်းအရင်းနှင့် ယင်းလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနနှင့် UNDP ၊ UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး ဆောင်ရွက်နေမှု၊ UNDP နှင့် UNHCR တို့မှ (MoU) အရ အဆင့် သုံးဆင့်ဖြင့် ကွင်းဆင်းလေ့လာဆောင်ရွက်နေမှု၊ နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ မိမိနိုင်ငံ၌ ပြဋ္ဌာန်းထားသည့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ စိစစ်ဆောင်ရွက်မှု၊ နေရပ်စွန့်ခွာသူများ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ ပြန်လည်လက်ခံရေးနှင့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အကူအညီများ ပံ့ပိုးကူညီပေးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



စာမျက်နှာ ၁၀ မှ

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု ၂၆-၁-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၄၇၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၆၃၂)ဦး၊ မ(၁၁၉)ဦး၊ ပေါင်း(၇၅၁) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၅၆၇၃.၉၂)ဂရမ်၊ ICE(၆၇.၁၄)ဂရမ်၊ ဘိန်း (၃၈၆၀၆.၄၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၇၉၅.၂၈)ဂရမ်၊ ဘိန်းစာရွက်(၇၂၇၃.၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၂၁၁၆၉၃)ပြား၊ ဆေးခြောက် (၃၈၇၆.၀၄)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၂၇၈.၀၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၃.၄၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ (၁၄) လက်၊ ကျည်မျိုးစုံ(၂၁၁)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခု သီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/ တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်၌ သတင်းအရ Mark II ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၁၉၆၃)ပြား၊ ဘိန်းဖြူ(၁၇၉၆)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မိုးညှင်းမြို့နယ်၊ ဆယ်မိုင်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၅၁၃၀)ပြား၊ ဘိန်းဖြူ (၁၁၁၁)ဂရမ်၊ ဖားကန့်မြို့နယ်၊ ကျောက်သွေးတောင်ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီးနှင့် စစ်ဆေးဖော်ထုတ်ချက်အရ ဆိပ်မူကျေးရွာရှိ တရားခံ၏ နေအိမ်မှ စိတ်ကြွဆေးပြား(၇၆၀၀၀)ပြား၊ ဘိန်းဖြူ(၉၉၀)ဂရမ်၊ ဝေ့ခါကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၇၅၅) ပြား၊ ဘိန်းဖြူ(၁၁၀)ဂရမ်၊ ကယားပြည်နယ်၊ ရှားတောမြို့နယ်၊ ပွန်ချောင်းကျေးရွာ၊ ပွန်ချောင်းတံတားပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၂၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့ ကော့ကျိုက်ကျေးရွာ၊ ဇာသပြင်-ကျားကလေးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၌ တရားခံအမျိုးသား(၁)ဦး ထံမှ စိတ်ကြွဆေးပြား (၆၆၈)ပြား၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်း နယ်မြေရှင်းလင်းစဉ် ကြက်ရိုးပြင်ကျေးရွာ၌ လူနေထိုင်မှု မရှိသည့် နေအိမ်တစ်ခုအတွင်းရှိ ဆာလာအိတ်များအတွင်းမှ စိတ်ကြွဆေးပြား(၁၉၄၈၀၅)ပြား၊ ပြင်ဖြူချောင်းဝအနီး နှစ်နိုင်ငံ နယ်စပ်နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် (၅)ဂါလန်ဆံ့ ပလတ်စတစ်ပုံးဖြင့် နတ်မြစ်အား ဖြတ်သန်းကူးခပ်နေသည့် လူ(၁)ဦးအား သတိပေးအချက်ပြခေါ်ယူသော်လည်း ဆက်လက်ကူးခပ်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ တစ်ဖက်နိုင်ငံရေပိုင်နက်အတွင်းသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး ကျန်ရှိသည့် ပလတ်စတစ်ပုံးအတွင်းမှ စိတ်ကြွဆေးပြား(၂၉၂၅၀)ပြား၊ ရှမ်းပြည်နယ်၊ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့ အမှတ်(၃) ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၂၅)ပြား၊ ပင်လောင်းမြို့ ဘန့်ဖယ်ရပ်ကွက်အတွင်း၌ ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ ဘိန်းစိမ်း (၁၇၂၀၀)ဂရမ်၊ လားရှိုးမြို့နယ်၊ အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ AD Van ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၃)ဦး၊ ပေါင်း(၄)ဦး တို့ထံမှ စိတ်ကြွဆေးပြား(၇၈၀၀)ပြား၊ ဘိန်းဖြူ(၁၃၂)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကျောက်မဲမြို့ အိုရီယမ်တယ် တိုးဂိတ်အနီး မူဆယ်-မန္တလေးကားလမ်းမပေါ်၌ သတင်းအရ Titan ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀၀)ပြား၊ မော်တော်ယာဉ် (၁)စီး၊ နောင်ချိုမြို့အဝင်၊ အိုရီယမ်တယ်တိုးဂိတ်အနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ သီပေါမြို့ ကုန်းညောင်ရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦး တို့ထံမှ စိတ်ကြွဆေးပြား(၁၀၀၀၆)ပြား၊ လောက်ကိုင် မြို့အဝင်၊ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လောက်ကိုင်မှ ချင်းရွှေဟော်သို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၈၅၀)ပြား၊ ကျိုင်းတုံမြို့နယ်၊ ပန်ဆံကျကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀၃)ပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ အုန်းတောကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၉၉)ပြား၊ ကောလင်းမြို့နယ်၊ ပဒုမ္မာကျေးရွာနှင့် ကျွန်းတောကျေးရွာသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ ပင်လည်ဘူးမြို့နယ်၊ တောပုန်းကျေးရွာအနီး၊ ပင်လည်ဘူး- မောသာကျေးရွာသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၀)ပြား၊ ဘိန်းစိမ်း(၁၃၀၆.၄) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့ (ဂ)ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၇၈၄၀)ပြား၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ ရန်မျိုးလုံရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၅)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြောက်စက်ရိပ်ကျေးရွာအတွင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားခံအမျိုးသား(၉)ဦးထံမှ Diazepam Injection (၂၀)ပုလင်း၊ ဘိန်းဖြူ(၀.၀၀၂)ဂရမ်၊ ဆိုင်ကယ်(၁၁)စီး၊ (၁၆)မိုင် စစ်ဆေးရေးဂိတ်၌ မူဆယ်မှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၁၀)ပြား၊ ဘိန်းဖြူ (၅၅၀)ဂရမ်၊ မိုးကုတ်မြို့နယ်၊ လယ်ကြီးတံတားရဲကင်းအနီး၌ သတင်းအရ Mark-II ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၄၀)ပြား၊ ဘိန်းဖြူ(၂၄၉၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၁၆)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်ရှိ Hotel အား သတင်းအရ ဝင်ရောက်စိစစ်ရာ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၁၄)ပြား၊ ICE (၁၅)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၆၅၆)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် (၂.၄၁)ဂရမ်၊ ဆေးခြောက်(၃၄.၃၄)ဂရမ်အား လည်းကောင်း၊ နိုင်ငံခြားသား ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်း မြို့နယ်၊ ဖော့သုတ်ကျေးရွာ၌ တရားမဝင် ဝင်ရောက်နေထိုင်သည့် ထိုင်းနိုင်ငံသားအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၀)ပြား၊ ICE (၅၅)ဂရမ်၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားမဝင် ဝင်ရောက်နေထိုင်သည့် ထိုင်းနိုင်ငံသားအမျိုးသား(၁)ဦး၏ နေအိမ်အားစိစစ်ရာ ၎င်းမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား (၉၀၀)ပြား၊ ICE (၄)ဂရမ်အားလည်းကောင်း၊ လက်နက် / ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု ဖြစ်စဉ်(၃)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့ ဈေးရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၉၈၀၀)ပြား၊ ဒေသန္တရလုပ် ပစ္စတိုသေနတ်(၁)လက်၊ ၉ မမ ကျည်(၄)တောင့်၊ ကျည်အိမ်(၁)ခု၊ တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံး(၁)လုံး၊ Vigo ယာဉ်(၁)စီး၊ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်၌ သတင်းအရ Vigo ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၇)ပြား၊ ဩစတြေးလျနိုင်ငံထုတ် ပစ္စတိုသေနတ်(၁)လက်၊ ၉ မမကျည် (၁၂)တောင့်၊ ကျည်အိမ်(၁)ခု၊ Gas ဖြင့် ပစ်ခတ်ရသော သေနတ်အတို (၁)လက်၊ မော်တော်ယာဉ်(၁)စီး၊ ကျိုင်းတုံမြို့နယ်၊ သာယာကုန်းကျေးရွာ အရှေ့ဘက်လယ်စောင့်တဲ၌ တရားခံ အမျိုးသား (၆)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၀)ပြား၊ တူမီးသေနတ်(၁)လက်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၂၀-၁-၂၀၁၉ ရက်နေ့မှ ၂၆-၁-၂၀၁၉ ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း(၂၅၇)မှုတွင် တရားခံကျား(၃၀၅)ဦး၊ မ(၄၇)ဦး၊ ပေါင်း(၃၅၂)ဦးကို ဘိန်းဖြူ (၇၅၈၇.၇၃၈)ဂရမ်၊ ICE (၈၉.၄၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၂၄.၇၅)ဂရမ်၊ ဘိန်းစိမ်း (၁၉၄၇၄.၂၉၁)ဂရမ်၊ ဘိန်းဆီခဲ (၉)ဂရမ်၊ ဘိန်းစာရည်(၀.၁)လီတာ၊ စိတ်ကြွဆေးပြား(၅၃၄၄၇၄)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂.၄၁)ဂရမ်၊ ဆေးခြောက်(၄၈၉.၅၉)ဂရမ်၊ DiazepamInjection (၂၀)လုံး၊ လက်နက်မျိုးစုံ(၄)လက်၊ ၉ မမ ကျည်(၁၆)တောင့်၊ ကျည်အိမ်(၂)ခု၊ လက်ပစ်ဗုံး(၁)လုံးတို့ ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

❍ကျောဖုံးမှ

ရှေးဦးစွာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ တစ်ကမ္ဘာလုံး၏ လူဦးရေ ၁၅ ရာခိုင်နှုန်းသည် မသန်စွမ်းသူများ ဖြစ်ကြပြီး မသန်စွမ်းသူ ၆၀ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်ကြပါကြောင်း၊ မသန်စွမ်းသူများ၏ နေ့စဉ်လူနေမှုဘဝများသည် အခက်အခဲ အတားအဆီးများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲ အတားအဆီးများသည် ၎င်းတို့၏ ချို့ယွင်းအားနည်းမှုကြောင့် မဟုတ်ဘဲ ပတ်ဝန်းကျင်ဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထားဆိုင်ရာ၊ အမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများဆိုင်ရာကြောင့်သာ ဖြစ်ပါကြောင်း။

(၂၀) ရာစုနှစ်အစမှ စတင်ပြီး မသန်စွမ်းမှုနှင့် မသန်စွမ်းသူများ၏ အရေးကိစ္စတို့ကို ကမ္ဘာတစ်ဝန်းတွင် ရှုထောင့်သစ်၊ အမြင်သစ်များဖြင့် သိရှိနားလည်နိုင်ရန် ကြိုးစားဆောင်ရွက်ခဲ့ကြပါကြောင်း။

**စိန်ခေါ်မှုများရှိနေဆဲဖြစ်**

ယခုလို ဆောင်ရွက်သည့်နေရာတွင် နိုင်ငံအပေါင်းသည် မသန်စွမ်းသူများ၏ အခွင့်အရေးများအတွက် အခြေခံကျသည့် "အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်နှင့် သာတူညီမျှခွင့်"တို့ကို ကာကွယ်မြှင့်တင်ရန် အခိုင်အမာ ပြောဆိုဆောင်ရွက်ခဲ့ကြပါကြောင်း၊ သို့သော်လည်း စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါကြောင်း။

မသန်စွမ်းသူများအပေါ် မသိနားမလည်ခြင်း၊ လျစ်လျူရှုခြင်း၊ အယူသီးခြင်း၊ ကြောက်ရွံ့စိုးရိမ်ခြင်းတို့ကြောင့် အထီးကျန်ဘဝကို ရောက်ရှိခဲ့ရသည့် မသန်စွမ်းသူများ၏ အခွင့်အရေးကိစ္စသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အထူးအာရုံစိုက်ရသည့် ကိစ္စတစ်ရပ်ဖြစ်လာခဲ့ပါကြောင်း။

(၆၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention on the Rights of Persons with Disabilities-UNCRPD)ကို ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်တွင် အတည်ပြုချမှတ်ခဲ့ပါကြောင်း။




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အမှာစကားပြောကြားစဉ်။

မြန်မာနိုင်ငံအနေဖြင့်လည်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ကွန်ဗင်းရှင်းနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)၊ မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ(၂၀၁၇)၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (၂၀၁၆- ၂၀၂၅)ကို အတည်ပြုချမှတ်ခဲ့ပါကြောင်း။

**အမျိုးသားအဆင့်ကော်မတီဖွဲ့စည်း**

အဆိုပါ ဥပဒေ၊ နည်းဥပဒေနှင့် မဟာဗျူဟာတို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် အမျိုးသားအဆင့်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီးနောက် အမျိုးသားကော်မတီ၊ အထောက်အကူပြုလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော်ကောင်စီကော်မတီများနှင့် ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားအဆင့် ကော်မတီအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရေရှည်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် မူဝါဒ အစီအစဉ်များ၊ စီမံကိန်းများ၊ လုပ်ငန်းစဉ်များကိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း။

၂၀၁၈ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးသည့် "Empowering persons with disabilities and ensuring inclusiveness and equality" "အားလုံးတူညီ အခွင့်အရေးရရှိရေး၊ မသန်စွမ်းသူများအစွမ်းမြှင့်တင်ပေး"ဆိုသည့် ဦးတည်ချက်ဆောင်ပုဒ်သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၂၀၃၀ အစီအစဉ်တွင် မျှော်မှန်းထားရှိသည့် လူသားအားလုံးပါဝင်သည့် သာတူညီမျှဖြစ်သည့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေး ရည်ရွယ်ထားရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

**အလေးထားဆောင်ရွက်**

ထို့ကြောင့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့ထိပ်သီး အစည်းအဝေးတွင် အလေးထားဆောင်ရွက်ရန် ထုတ်ဖော်ကြေညာခဲ့သည့် ကတိကဝတ် (၇) ချက်ဖြစ်သည့် မူဝါဒပိုင်းဆိုင်ရာ လေ့လာဆန်းစစ်မှုများပြုလုပ်ရေး၊ လူတိုင်းအကျုံးဝင်ပညာရေး၊ မသန်စွမ်းသူများ၏ စီးပွားရေးစွမ်းဆောင်ရည်မြင့်မားရေးနှင့် မသန်စွမ်းသူများအတွက် လုပ်ငန်းခွင်အတွင်း အဆင်ပြေသင့်လျော်စေမည့် ပတ်ဝန်းကျင်များဖန်တီးရေး၊ နည်းပညာခေတ်နှင့်အညီ မသန်စွမ်းသူများ သတင်းအချက်အလက်နှင့် နည်းပညာများအသုံးပြုဆောင်ရွက်နိုင်ရေး၊ မသန်စွမ်းမှု စစ်တမ်းကောက်ယူနိုင်ရေး၊ မသန်စွမ်းမှုအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်း အစီအစဉ်များချမှတ်ဆောင်ရွက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေများတွင် မသန်စွမ်းသူများအား ကူညီကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အရှေ့တောင်အာရှအာဆီယံဒေသတွင်းနိုင်ငံများတွင် မသန်စွမ်းသူဦးရေသန်းပေါင်း ၉၀ ခန့်ရှိပြီး မြန်မာနိုင်ငံတွင် မသန်စွမ်းသူဦးရေ ၁ ဒသမ ၂ သန်း ခန့်ရှိပါကြောင်း၊ အာဆီယံ ၁၀ နိုင်ငံအနေဖြင့် ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ပါကြောင်း၊ မိမိတို့ အာဆီယံနိုင်ငံများ အနေဖြင့် အာဆီယံဒေသတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများ ရရှိရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်သည့်အခါတွင် အာဆီယံနိုင်ငံများ အချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပြုဘက်စုံစီမံချက် ၂၀၂၅ ကိုရေးဆွဲခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ ၎င်းစီမံချက်သည် ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းတို့၏ အခြေခံမူများနှင့် လူ့အခွင့်အရေးဆိုင်ရာ အာဆီယံကော်မရှင် (AICHR)၏ "မသန်စွမ်းသူများ၏ အခွင့်အရေးများကို အာဆီယံ၏ကဏ္ဍပေါင်းစုံတွင် ပေါင်းစည်းပါဝင်လာနိုင်ရေး" ဆိုသည့် အချက်များအရ ပေါ်ပေါက်လာသည့် ဒေသတွင်းမူဝါဒ စာတမ်းတစ်ခုလည်း ဖြစ်ပါကြောင်း။

**မသန်စွမ်းသူများအခွင့်အရေး**

ယနေ့ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲမှတစ်ဆင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အာဆီယံအထောက်အကူပြုဘက်စုံစီမံချက် ၂၀၂၅ ပါ လုပ်ဆောင်ရမည့်အချက်အလက်များကို အခြေခံပြီး အတွေ့အကြုံများ၊ သင်ခန်းစာများမှတစ်ဆင့် လူမှုဘဝအလွှာအသီးသီးရှိ မသန်စွမ်းသူများအားလုံး ပါဝင်လာနိုင်ကြားတွင် ဖြစ်ပေါ်နေသည့် စိန်ခေါ်မှု အတားအဆီးများကို လက်တွဲဖြေရှင်းဆောင်ရွက်ရေးနှင့် ပိုမိုပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဖော်ဆောင်ရေးအတွက် အရေးပါသည့် ပေါင်းကူးတံတားတစ်ခုဖြစ်ပါကြောင်း၊ နှစ်ရက်တာကျင်းပမည့် ဆွေးနွေးပွဲတွင်လည်း ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများ ပိုမိုလက်လှမ်းမီ ပါဝင်နိုင်စေရေးနှင့် အခွင့်အရေးများ မြှင့်တင်ဆောင်ရွက်ပေးနိုင်မည့် ရလဒ်ကောင်းများ ရရှိလာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများတွင် မသန်စွမ်းသူများ၏ အခန်းကဏ္ဍသည် အရေးပါသည့်အခန်းကဏ္ဍတစ်ခုအဖြစ် ခံယူထားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ အမှုဆောင်ဒါရိုက်တာ၊ မသန်စွမ်းသူများလက်လှမ်းမီ




မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ အမှုဆောင်ဒါရိုက်တာ၊ မသန်စွမ်းသူများ လက်လှမ်းမီပါဝင်ရေး အထွေထွေရွေးကောက်ပွဲကွန်ရက်အဖွဲ့ဝင် ဦးနေလင်းစိုး အမှာစကားပြောကြားစဉ်။




ဩစတြေးလျသံရုံးမှ
Charged Affairs Mr. Jeremy Kruse
အမှာစကားပြောကြားစဉ်။

**နိုင်ငံရေးတွင်ပါဝင်ခွင့်**

မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အခက်အခဲအတားအဆီးများထဲတွင် "နိုင်ငံရေးတွင် ပါဝင်ခွင့်"ဆိုသည့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးတစ်ခုလည်း အပါအဝင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မသန်စွမ်းသူများလက်လှမ်းမီပါဝင်ရေး အထွေထွေရွေးကောက်ပွဲကွန်ရက် (AGENDA) အဖွဲ့က ဦးဆောင်ပြီး မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အာဆီယံအထောက်အကူမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာသူများအနေဖြင့် အာဆီယံဒေသတွင်းနိုင်ငံများရှိ မသန်စွမ်းသူများ အနေဖြင့် အခွင့်အရေးများနှင့်အညီ ပါဝင်ခွင့်ရရှိအောင် ပူးပေါင်းပါဝင်ဆွေးနွေးဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားသည်။

**အရေးပါသည့်အခန်းကဏ္ဍ**

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ယနေ့ဆွေးနွေးပွဲသည့် မသန်စွမ်းသူများနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များပါဝင်ရေး အထွေထွေရွေးကောက်ပွဲကွန်ရက်အဖွဲ့ဝင် ဦးနေလင်းစိုးနှင့် ဩစတြေးလျသံရုံးမှ Charged Aff - airs Mr. Jeremy Kruse တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

---

## (၁၂)လရာသီပွဲတော်များနှင့် ပန်းများအထိမ်းအမှတ် တပို့တွဲလအတွက် ထမနဲပွဲနှင့် ပေါက်ပန်း (၂၀၀) ကျပ်တန် တံဆိပ်ခေါင်းသစ်ထုတ်ဝေ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက် လုပ်ငန်းမှ (၁၂)လ ရာသီပွဲတော်များနှင့် ပန်းများအထိမ်းအမှတ် တပို့တွဲလအတွက် ထမနဲပွဲနှင့် ပေါက်ပန်း ၂၀၀/ကျပ်တန် အထူးထုတ်စာပို့ တံဆိပ်ခေါင်းသစ်တစ်မျိုးကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁ ရက်နေ့၊ အင်္ဂါနေ့နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက် အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁ ရက်နေ့၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover)များပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




◆ ကျောဖုံးမှ

အပိုင်း(၃)ကိုဖေဖော်ဝါရီ ၁၆ ရက် ည ၉ နာရီ၌ လည်းကောင်း၊ အပိုင်း(၄)ကို ဖေဖော်ဝါရီ ၂၃ ရက် ည ၉ နာရီ၌လည်းကောင်း MRTV ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်လမ်းတွဲများတွင် ဟောင်ကောင်မှ နာမည်ကျော် သရုပ်ဆောင်များဖြစ်ကြသော Kelly Fu, Ruco Chan, Kenneth Ma, Daniel Chau နှင့် Chris Lai တို့မှ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းဆိုင်ရာ ဗဟုသုတအဖြာဖြာကို အများပြည်သူများ ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း UNICEF အမှုဆောင် ညွှန်ကြားရေးမှူးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် နယူးယောက်မြို့ရှိ UNICEF ရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Henrietta H. Fore အား ယနေ့နံနက် ၉ နာရီတွင်လည်းကောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Burgener အား ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

Ms. Henrietta H. Fore နှင့် တွေ့ဆုံစဉ် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကိစ္စ၊ စစ်ဘေးရှောင်ဒေသများသို့ UNICEF မှ ကူညီထောက်ပံ့ရေးအဖွဲ့များ သွားရောက်ခွင့်ကိစ္စ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Mrs. Christine Burgener နှင့် တွေ့ဆုံစဉ် ရခိုင်ပြည်အရေးကိစ္စ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် ဒုက္ခသည်များကိစ္စနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

တပ်မတော်သားများ၏ အားကစားစွမ်းရည်မြှင့်တင်ရေးနှင့် နိုင်ငံဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများအား နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၁၈- ၂၀၁၉ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ကြည့်ရှုအားပေးပြီး ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ (က)အဆင့်ဗိုလ်လုပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်း က သုံးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ (က)အဆင့် ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးအသင်းအား ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူး ကြီး စိုးဝင်းက တံခွန်စိုက်ဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ၂၀၁၈-၂၀၁၉ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၁၉ ခု၊ ငွေတံဆိပ် ၇၂ ခု၊ ကြေးတံဆိပ် ၆၁ ခု စုစုပေါင်း ၂၅၂ ဆုဖြင့် ဆုတံဆိပ်အများဆုံးရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများအား ပေးအပ် ချီးမြှင့်သည်။

၂၀၁၈-၂၀၁၉ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအား ဘောလုံးပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ပြေးခုန်ပစ်(ကျား/မ)ပြိုင်ပွဲ၊ မသန်စွမ်းအားကစားပြိုင်ပွဲ၊ ခြင်းလုံးပြိုင်ပွဲ၊ ဘော်လီဘော(ကျား/မ)ပြိုင်ပွဲ၊ ဂျူဒို (ကျား/မ)ပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊ အလေးမနှင့် ကာယဗလပြိုင်ပွဲ၊ ဝူရှူးပြိုင်ပွဲ၊ ကရာတေး ဒိုပြိုင်ပွဲ၊ မြန်မာ့သိုင်းပြိုင်ပွဲနှင့် တိုက်ကွမ်ဒိုပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲ ၁၄ မျိုး ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်အများဆုံးရရှိသော ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**ဗီယက်နမ်ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ**

နံနက်ပိုင်းကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒုတိယနိုင်ငံခြား ရေးဝန်ကြီး H.E. Mr. Nguyen Quoc Dung အား နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာများ နှင့် စစ်ဘက်နည်းပညာများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်မှု တပ်မတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေး ကိုလည်း ဆောင်ရွက်နေမှု၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့ တပ်မတော်၏ ထုတ်ပြန်ချက်အပေါ် ဗီယက်နမ်နိုင်ငံမှ ထောက်ခံကြိုဆိုမှုတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက် အရ သိရှိရသည်။

**သတင်းစဉ်**

# Invest Myanmar Summit 2019 ၏ မျက်နှာစုံညီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

Invest Myanmar Summit 2019 ၏ မျက်နှာစုံညီအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ ကျင်းပသည်။

မျက်နှာစုံညီ အစည်းအဝေးတွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက် စကား ပြောကြားသည်။

**အားသာချက်များရှင်းလင်း**

ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ထူးခြားသည့် ဝိသေသ လက္ခဏာများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွား ရေးလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်နိုင်သည့် အားသာချက်များကို ရှင်းလင်းပြောကြားကြသည်။

ထို့ပြင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများ၌ လည်း ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူ များအား ပညာရေးကဏ္ဍ၊ ခရီးသွား လုပ်ငန်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စားသောက်ကုန်ကဏ္ဍ၊ အထည်ချုပ် ကဏ္ဍ၊ ကျန်းမာရေး၊ အခြေခံ အဆောက် အအုံကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဆိုင်ရာ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့် အလမ်းများကို ကြည့်ရှုလေ့လာကြသူ များနှင့် စည်ကားလျက်ရှိသည်။



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ Invest Myanmar Summit 2019 ဖြစ်မြောက်ရေး အတွက် ပါဝင်ကူညီကြသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။** သတင်းစဉ်



**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Invest Myanmar Summit 2019 ဖြစ်မြောက်ရေး အတွက် ပါဝင်ကူညီကြသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။** သတင်းစဉ်

**ဆွေးနွေးပွဲများကျင်းပမှုရှင်းလင်း**

ညနေပိုင်းတွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း က Invest Myanmar Summit 2019 ၏ ဆွေးနွေးပွဲများ ကျင်းပခဲ့မှုကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာ ကြသူများ၏ သိရှိလိုသည်များ ပြန်လည် ဖြေကြားသည်။

ညပိုင်းတွင် မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ကျောက်စိမ်းခန်းမ၌ Invest Myanmar Summit 2019 သို့ တက်ရောက်လာကြသည့် ပြည်ထောင်စု ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရ အဖွဲ့ဝင်များနှင့် ပြည်တွင်း ပြည်ပ ရင်းနှီး မြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ နှင့် စီးပွားရေး ပညာရှင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။




**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း Invest Myanmar Summit 2019 ၏ မျက်နှာစုံညီ အစည်းအဝေးတွင် ရှင်းလင်းပြောကြား စဉ်။** သတင်းစဉ်

**ဂုဏ်ပြုစကားပြောကြား**

ဂုဏ်ပြုညစာစားပွဲ၌ ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် မြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က ဂုဏ်ပြုစကားပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်း ထွန်းတို့က Invest Myanmar Summit 2019 ဖြစ်မြောက်ရေးအတွက် ပါဝင် ကူညီကြသည့် Gold Sponsor KBZ Group နှင့် Siver Sponsor များ ဖြစ်ကြသည့် Eden Group of Companies, AYA Bank (Max Group), Asia World Group of Companies နှင့် Shwe Taung Group တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး မြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက Bronze Sponsor များနှင့် Knowledge Partner တို့ကို ဂုဏ်ပြုမှတ်တမ်း လွှာများ ပေးအပ်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ရေးရာ သုတေသနအဖွဲ့မှ ပညာရှင်များ၊ မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံရောက် မြန်မာ့အရေး စိတ်ဝင်စားသူများအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းက မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး ရွေးကောက်ပွဲကော်မရှင်တို့မှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)၊ ဂီတအစည်းအရုံး ရွေးကောက်ပွဲကော်မရှင်နှင့် ပြင်ပပညာရှင်များ ပါဝင်သော အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ဂီတအစည်းအရုံး၏ ဖွဲ့စည်းပုံရေးဆွဲရေး၊ ယင်းဖွဲ့စည်းပုံကို အသင်းဝင်များထံ ချပြ၍ အကြံပြုချက်များ ရယူပြင်ဆင်ပြီး အတည်ပြုရေး၊ ၎င်းဖွဲ့စည်းပုံနှင့်အညီ အသင်းဝင်များ ပြန်လည်စိစစ်အတည်ပြုရေး၊ ဆက်လက်ပြီး မြန်မာနိုင်ငံဂီတအစည်းအရုံးအသစ်ကို ရွေးချယ်တင်မြှောက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ရေးရာ သုတေသနအဖွဲ့မှ ပညာရှင်များ၊ မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံရောက် မြန်မာ့အရေး စိတ်ဝင်စားသူများအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဥက္ကဋ္ဌ) ဦးတင်ဦးလေးနှင့် အဖွဲ့ဝင်များ၊ ဂီတအစည်းအရုံး ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကြည်မင်းသိန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ရေးရာ သုတေသနအဖွဲ့မှ ပညာရှင်များ၊ မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံရောက် မြန်မာ့အရေး စိတ်ဝင်စားသူများအဖွဲ့နှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံစဉ် အခွန်တာဝန်နှင့်ပတ်သက်၍ ပိုမိုအသိပညာပေးရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအား သတင်းပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး သဘောထားနည်းလမ်းများ လေ့ကျင့်သင်ကြားပေးရေးဆိုင်ရာကိစ္စရပ်များ၊ Free Education Channel တစ်ခု ထုတ်လွှင့်နိုင်ရေး၊ သတင်းများနှင့် အချက်အလက်များကို မှတ်တမ်းပြုစုထားရေးနှင့် အများပြည်သူ အလွယ်တကူရှာဖွေနိုင်မည့် Digital Library ထူထောင်ရေး၊ ပြည်တွင်း၊ ပြည်ပမှ မြန်မာ့အပြောင်းအလဲတွင် ကူညီလိုသူများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာ့ရေးရာ သုတေသနအဖွဲ့မှ ပညာရှင်များဖြစ်သည့် ဦးအေးမောင်ကျော်၊ ဦးရဲမြင့်ကျော်၊ ဦးဇေယျာနှင့် မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံရောက် မြန်မာ့အရေး စိတ်ဝင်စားသူ ၁၀ ဦး တက်ရောက်ကြသည်။ **သတင်းစဉ်**

# လန်ချန်း-မဲခေါင်ဒေသတွင်း အနုပညာရှင်လူငယ်များတွေ့ဆုံပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

မန္တလေး ဇန်နဝါရီ ၂၈

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် လန်ချန်း-မဲခေါင် ဒေသတွင်း အနုပညာရှင်လူငယ်များ တွေ့ဆုံပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့ ဟိုတယ်ရွှေပြည်သာ သာရတနာခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ လန်ချန်း - မဲခေါင် Theme Song ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားရာတွင် မဲခေါင်-လန်ချန်း မြစ်ဝှမ်းတစ်လျှောက်မှာ ရှေးယခင်ကတည်းက ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်းနှင့် တရုတ်နိုင်ငံများသည် မဲခေါင်မြစ်ကို အမှီသဟဲပြု၍ အတူတကွ တည်ရှိနေထိုင်ခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လည်းကောင်း၊ စက်မှုလုပ်ငန်းများ မြှင့်တင်ရာတွင် လည်းကောင်း၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လည်းကောင်း စိန်ခေါ်မှုကြီးများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း။

ထို့ကြောင့် မဲခေါင်-လန်ချန်း ဒေသတွင်းရှိ အဖွဲ့ဝင်ခြောက်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု ယန္တရားကြီးကို အဆောတလျင် မြှင့်တင်ရန် လိုအပ်သောကြောင့် အဖွဲ့ဝင်ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များ တွေ့ဆုံပွဲကို ယခုလို လက်ခံကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ထို့ပြင် မျက်မှောက်ခေတ်ကာလမှာ ယဉ်ကျေးမှုဖလှယ်ခြင်းမှတစ်ဆင့် လူမှုအသိုက်အဝန်းများဖြစ်သော ဘာသာစကား၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ပွင့်လင်းမြင်သာမှုများ ခိုင်မြဲလာစေရန်နှင့် အချင်းချင်း အပြန်အလှန်နားလည်မှု တိုးမြှင့်လာစေရန် အလွန်အရေးကြီးပါကြောင်း။




ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တာဝန်ရှိသူများနှင့် လန်ချန်း-မဲခေါင်ဒေသရှိ အဖွဲ့ဝင်ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ-အောင်ဖြိုးကျော်

**စီမံကိန်းများရေးဆွဲဆောင်ရွက်**

ယခုစီမံကိန်းသည် မဲခေါင်-လန်ချန်း ဒေသတွင်းရှိသည့် အဖွဲ့ဝင်ခြောက်နိုင်ငံမှ ယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် အနုပညာရှင် လူငယ်များအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရမည့် မဲခေါင်-လန်ချန်း ယဉ်ကျေးမှုဖလှယ်ရေးနယ်ပယ် တည်ထောင်နိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများအနေနှင့် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် စီမံကိန်းများ ဆောင်ရွက်ကြရာတွင် စန်းယကြေညာစာတမ်း (Sanya Declaration) ပါဝင်သော မဏ္ဍိုင်ကြီးသုံးခု၊ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍကြီးငါးခုတို့နှင့် အညီ စီမံကိန်းများရေးဆွဲ တောင်းခံဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါမဏ္ဍိုင်ကြီး သုံးခုတွင် နိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်းဆက်ဆံရေးတို့ ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍကြီး ငါးခုတွင် ပေါင်းစည်းဆက်သွယ်မှု၊ ထုတ်လုပ်မှု စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ ဖြစ်ပါကြောင်း။

**အတွေးအမြင်သစ်များ အပြန်အလှန်ဖလှယ်နိုင်**

မြန်မာနိုင်ငံအနေဖြင့် မဲခေါင်- လန်ချန်း ပထမအကြိမ် အထူးရန်ပုံငွေနှင့် ဝန်ကြီးဌာန ငါးခုမှ စီမံကိန်း ၁၀ ခု ဆောင်ရွက်ခွင့်ရရှိခဲ့ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် စီမံကိန်းနှစ်ခုကို ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး အဆိုပါ စီမံကိန်းနှစ်ခုမှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ရမည့် လန်ချန်း-မဲခေါင်ဒေသတွင်း နိုင်ငံများ၏ ရှေးဟောင်းယဉ်ကျေးမှုနေရာဒေသများ စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် အမျိုးသားယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ဆောင်ရွက်မည့် လန်ချန်း-မဲခေါင်ဒေသတွင်း နိုင်ငံများရှိ အနုပညာရှင်လူငယ်များ တွေ့ဆုံပွဲဖြစ်ပါကြောင်း။

လန်ချန်း-မဲခေါင် ဒေသတွင်းနိုင်ငံများရှိ အနုပညာရှင် လူငယ်များ တွေ့ဆုံပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရနှင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသော လန်ချန်း - မဲခေါင် ဒေသတွင်းရှိ နိုင်ငံများမှ အနုပညာလူငယ် ကိုယ်စားလှယ်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုတွေ့ဆုံပွဲမှတစ်ဆင့် လန်ချန်း-မဲခေါင်ဒေသတွင်း နိုင်ငံများရှိ အနုပညာရှင် လူငယ်များအကြား အချင်းချင်းအပြန်အလှန် ချစ်ခင်ယုံကြည်မှု၊ တစ်ဦး၏ယဉ်ကျေးမှုကိုတစ်ဦးက အပြန်အလှန်လေးစားတန်ဖိုးထားမှု၊ အချင်းချင်း အတူတကွပူးပေါင်းဆောင်ရွက်တတ်မှု၊ အတွေးအမြင်သစ်များ အပြန်အလှန်ဖလှယ်နိုင်မှုများ တိုးတက်ရရှိစေလိုကြောင်း ပြောကြားသည်။

**ဂုဏ်ယူဝမ်းမြောက်**

ထို့နောက် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက လန်ချန်း- မဲခေါင်ဒေသတွင်း အနုပညာရှင်လူငယ်များ တွေ့ဆုံပွဲကို ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့တွင် ကျင်းပခွင့်ရသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေးတို့က အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ကျောင်းသား ကျောင်းသူများက လှမ်းခဲ့ပေါ့ မန္တလာမြေယိမ်းအက၊ နှလုံးသားထဲက မြစ်နဒီနှင့် တိုင်းရင်းသားယိမ်းအက စသည့်ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး လန်ချန်း- မဲခေါင် ပူးပေါင်းအဖွဲ့ဝင်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ လန်ချန်း-မဲခေါင်ဒေသရှိ အဖွဲ့ဝင်ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

လန်ချန်း-မဲခေါင် ဒေသတွင်းရှိ အနုပညာရှင်များ တွေ့ဆုံပွဲကို မန္တလေးမြို့ ဟိုတယ်ရွှေပြည်သာတွင် ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဖွဲ့ဝင်ခြောက်နိုင်ငံမှ တစ်နိုင်ငံလျှင် လူငယ်အနုပညာရှင် လေးဦးနှင့် ခေါင်းဆောင်တစ်ဦး စုစုပေါင်း ငါးဦးစီ ဖိတ်ကြားကာ အဖွဲ့ဝင်ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များ၏ ရိုးရာယဉ်ကျေးမှု၊ ပန်းချီ၊ ပန်းပု၊ အဆို၊ အကများ တင်ဆက်ပြသခြင်း၊ အနုပညာဆိုင်ရာ ပြခန်းများ ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ပြီး အထူးအစီအစဉ်အနေဖြင့် တက်ရောက်လာသူများက မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာတမ်းများ ဖတ်ကြားခြင်း၊ ပန်းချီ၊ ပန်းပု အနုပညာလက်ရာများ ဖန်တီးဖလှယ်ခြင်း၊ လူငယ်သင်တန်းကျောင်းများမှ ပြုလုပ်သော လက်မှုပစ္စည်းများ ရောင်းချခြင်း၊ သက်ဆိုင်ရာနိုင်ငံအလိုက် အနုပညာရပ်ဆိုင်ရာ ပစ္စည်းများ ခင်းကျင်းပြသရောင်းချခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) တေရသမအကြိမ် ဘွဲ့နှင်းသဘင် လျှောက်လွှာများ တင်သွင်းနိုင်

**မန္တလေး ဇန်နဝါရီ ၂၈**

မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်၏ တေရသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၁၉ ခုနှစ် မတ် ၂၃ ရက်တွင် တိုင်းရင်းဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

၂၀၁၈ ပညာသင်နှစ် မြန်မာ့တိုင်းရင်း ဆေးပညာ မဟာဘွဲ့ဒုတိယနှစ် စာမေးပွဲအောင်မြင်ပြီး ဘွဲ့ပေးရန် ပညာအရည်အချင်း ပြည့်စုံပြီးဖြစ်ကြောင်း ကြေညာပြီးသူများ၊ ၂၀၁၇ ပညာသင်နှစ်၊ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ စတုတ္ထနှစ် စာမေးပွဲအောင်မြင်ပြီး အလုပ်သင်တာဝန်တစ်နှစ် ထမ်းဆောင်ပြီးသူများ၊ ၂၀၁၈ ပညာသင်နှစ် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး) ဒုတိယနှစ်စာမေးပွဲ အောင်မြင်ပြီးသူများမှ ဘွဲ့တက်ရောက်ယူခြင်း၊ အဝေးရောက်ဘွဲ့ယူခြင်းများ ဆောင်ရွက်ရန် ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ၈-၃-၂၀၁၉ ရက် ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ တိုင်းရင်းဆေးတက္ကသိုလ် ကျောင်းသားရေးရာဌာနစုတွင် တင်သွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မန္တလေး(ကိုယ်ပွား)**

# ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မာဒူရိုကို ဆန့်ကျင်ကြရန် အတိုက်အခံခေါင်းဆောင် တောင်းဆို



လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူတို့ အချင်းများနေသည်ကို တွေ့ရစဉ်။

ကရာကတ် ဇန်နဝါရီ ၂၈

**ဗင်နီဇွဲလားသမ္မတဟု မိမိကိုယ်မိမိ ကြေညာထားသော အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုသည် ဗင်နီဇွဲလားသမ္မတကို ဆန့်ကျင်သည့် နောက်ထပ်ဆန္ဒပြမှု အသစ်နှစ်ခုပြုလုပ်ရန် တနင်္ဂနွေနေ့က တောင်းဆိုလိုက်သည်။**

တစ်ပတ်အတွင်း လွတ်လပ်ပြီး မျှတသောရွေးကောက်ပွဲ ကျင်းပရန် အီးယူက ရာဇသံပေးထားရာ အဆိုပါအချက်ကို ကျောထောက်နောက်ခံ ပြုထားပြီး ဗင်နီဇွဲလားတပ်ဖွဲ့သည် သမ္မတကို ဆန့်ကျင်ရာတွင် ပါလာစေရန် စည်းရုံးလှုံ့ဆော်လျက်ရှိသည်။ တွစ်တာတွင် တင်ထားသည့်ဗီဒီယိုဖိုင်အရ အတိုက်အခံများက ကြီးစိုးထားသော အောက်လွှတ်တော်ခေါင်းဆောင်က ဗုဒ္ဓဟူးနေ့တွင် ပထမဦးဆုံးအကြိမ်အဖြစ် နိုင်ငံတစ်ဝန်း အကြီးမားဆုံး ဆန္ဒပြပွဲပြုလုပ်ရန် ဗင်နီဇွဲလားတပ်ဖွဲ့ကိုလည်း ပြည်သူများနှင့်အတူ ရပ်တည်ဖို့ တောင်းဆိုသွားရန် ပြောကြားခဲ့သည်။ ဒုတိယအကြိမ်ဆန္ဒပြပွဲကို စနေနေ့တွင် ပြုလုပ်မည်ဖြစ်ပြီး အီးယူအဖွဲ့ကြီးအပါအဝင် နိုင်ငံတစ်ဝန်း ထောက်ခံမှုရရှိပြီး ဖြစ်သည်။ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ပေါ်တူဂီ၊ စပိန်နှင့် နယ်သာလန်တို့က ဖေဖော်ဝါရီ ၃ ရက်အတွင်း ရွေးကောက်ပွဲအသစ် ပြန်လည်မကျင်းပပါက မစ္စတာဂွိုက်ဒိုကို ကြားဖြတ်သမ္မတအဖြစ် လက်ခံလိုက်မည်ဟု ကြေညာခဲ့သည်။

တိုင်းပြည်၏ ခေါင်းဆောင်ပိုင်းကို အသိအမှတ်ပြုသည့် ကိစ္စအပါအဝင် လာမည့်ရက်များအတွင်း ရွေးကောက်ပွဲမကျင်းပဖြစ်ခဲ့ပါက မည်သို့ဆက်လက်လုပ်ဆောင်သွားမည်ကို အီးယူအဖွဲ့ဘက်မှလည်း မသေမချာ ဖြစ်နေသည်။ ဩစတြေးလျနိုင်ငံကလည်း အတိုက်အခံခေါင်းဆောင် မစ္စတာဂွိုက်ဒိုကို ကြားဖြတ်သမ္မတအဖြစ် လက်ခံမည်ဟု ပြောကြားခဲ့ပြီး အီတလီနိုင်ငံကလည်း စစ်မှန်သည့်ဒီမိုကရေစီ ပြန်ပေးရန် တောင်းဆိုခဲ့သည်။

ဗင်နီဇွဲလားသမ္မတ မာဒူရိုကမူ ၎င်းကို မည်သည့်နိုင်ငံကမှ ရာဇသံမပေးနိုင်ဟု ပြန်လည်တုံ့ပြန်ခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်များအတွင်း လုံခြုံရေးတပ်ဖွဲ့များနှင့် ပဋိပက္ခများအတွင်း လူပေါင်း ၃၀ခန့် သေဆုံးခဲ့ပြီး ၃၅၀ ခန့် အဖမ်းခံခဲ့ရသည်။

**အေအက်ဖ်ပီ**

## အာဖဂန်တပ်မတော်က လူ ၃၈ ဦးကို တာလီဘန်တို့၏ အကျဉ်းတိုက်မှ လွှတ်ပေးခဲ့

**ကဘူးလ် ဇန်နဝါရီ ၂၈**

အာဖဂန်တပ်မတော်သည် ဂါဇနီအရှေ့ပိုင်းပြည်နယ်၌ ညလုံးပေါက်စစ်ဆင်ရေးတစ်ခု ဆင်နွှဲခဲ့ပြီး တာလီဘန်တို့၏ အကျဉ်းတိုက်တစ်ခုမှ လူ ၃၈ ဦးကို လွှတ်ပေးလိုက်ကြောင်း အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

အာဖဂန်အမျိုးသားတပ်မတော်သည် ပြီးခဲ့သည့်တနင်္ဂနွေနေ့ညက ဂါဇနီပြည်နယ် အက်လ်ဘန်းဒေသရှိ ဂတ်ကာလီကျေးရွာ၌ အထူးစစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲလိုက်ပြီး ကျေးလက်ပြည်သူ ၃၈ ဦးကို တာလီဘန်တို့ ဖမ်းဆီးထားရာ အကျဉ်းတိုက်ထဲမှ လွှတ်ပေးလိုက်ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

အဆိုပါ စစ်ဆင်ရေးအတွင်း တာလီဘန်စစ်သွေးကြွများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပြန်အလှန်တိုက်ခိုက်ခဲ့ကြရာ စစ်သွေးကြွကိုးဦးသေဆုံးသွားခဲ့သည်။ လွတ်မြောက်သွားသူများကို စစ်အခြေစိုက်စခန်းတစ်ခုဆီသို့ ရွှေ့ပြောင်းခဲ့ကြောင်း သိရသည်။

တပ်မတော်၏ စီးနင်းတိုက်ခိုက်မှုအပြီးတွင် သံသယရှိသည့် စစ်သွေးကြွကိုးဦးကိုလည်း ဖမ်းဆီးခဲ့ပြီး လက်နက်သိုလှောင်ရုံသုံးခု၊ အကျဉ်းတိုက်အဖြစ် စစ်သွေးကြွများက အသုံးပြုခဲ့သည့် အဆောက်အအုံနှစ်ခုတို့ကို လုံခြုံရေးအင်အားစုများက ဖျက်ဆီးခဲ့သည်။

တနင်္ဂနွေနေ့ညက ဖြစ်ပွားခဲ့သည့် နှစ်ဖက်တိုက်ခိုက်မှုများအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များဘက်တွင်လည်း အကျအဆုံးရှိကြောင်း တာလီဘန်စစ်သွေးကြွအုပ်စုက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်ရှိ ကက်သလစ်ဘုရားကျောင်း တိုက်ခိုက်ခံရမှုကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာများရှိလာ

**မနီလာ ဇန်နဝါရီ ၂၈**

ပဋိပက္ခများဖြစ်ပွားနေသည့် ဖိလစ်ပိုင်တောင်ပိုင်းတွင် ကက်သလစ်ဘာသာဝင်တို့၏ ဘုရားရှိခိုးကျောင်းတစ်ခုကို အိုင်အက်စ်စစ်သွေးကြွများက ဗုံးခွဲတိုက်ခိုက်ခဲ့မှုကြောင့် လူအယောက် ၂၀ သေဆုံးခဲ့ရာ အဆိုပါ ဖြစ်ရပ်သည် ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်သည့် ခွဲထွက်ရေးသမားများ၏ ပုန်ကန်ထကြွမှုများကို အဆုံးသတ်သွားစေရန် ရည်ရွယ်သည့် ငြိမ်းချမ်းရေးကြိုးပမ်းမှုများအပေါ် ဖိအားများကျရောက်လာစေခဲ့ကြောင်း သိရသည်။

အစ္စလာမ်ဘာသာဝင်အများစု နေထိုင်ရာ ဂျိုလိုကျွန်းပေါ်ရှိ ဘုရားရှိခိုးကျောင်း၌ တနင်္ဂနွေနေ့က ပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားခဲ့ပြီး ပြတင်းတံခါးများကွဲကျေပျက်စီးခဲ့သည်။ ဆုတောင်းဝတ်ပြုသူအများအပြားသေဆုံးခဲ့ပြီး ယင်းတိုက်ခိုက်မှုသည် နှစ်များစွာအတွင်း ဖိလစ်ပိုင်နိုင်ငံ၏ အဆိုးရွားဆုံး ဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် ဆယ်စုနှစ်များစွာကြာအောင်အကောင်အထည်ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကျိုးသက်ရောက်မှု ရှိလာနိုင်သည့်အတွက် စိုးရိမ်ရကြောင်း ကျွမ်းကျင်သူများက တနင်္လာနေ့တွင် သတိပေးခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က ဖိလစ်ပိုင်တောင်ပိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထူထောင်ရေးအတွက် မဲပေးထောက်ခံမှုများ လုပ်ဆောင်ခဲ့သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထူထောင်ရန် မဲပေးမှုသည် ၁၉၉၀ပြည့်နှစ်များအတွင်းက ဖိလစ်ပိုင်၏ အကြီးဆုံးသူပုန်အဖွဲ့ဖြစ်သည့် မိုရိုအစ္စလာမ့်စ် လွတ်မြောက်ရေးတပ်ဦးအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးမှုများ စတင်ခဲ့မှု၏ရလဒ်ဖြစ်သည်။

အိုင်အက်စ်တို့ဘက်က တရားဝင်သတင်းထုတ်ပြန်ချက်တစ်ခုတွင် အသေခံဖောက်ခွဲရေးသမားနှစ်ဦးက ပေါက်ကွဲပစ္စည်းများကို ထောင်ထားခဲ့ကြောင်း ဂျီဟတ်စစ်သွေးကြွတို့၏ လှုပ်ရှားမှုများ ကို စောင့်ကြည့်ထိန်းချုပ်မှုများလုပ်ဆောင်နေသည့် SITE ထောက်လှမ်းရေးအဖွဲ့က ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**




ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

## ပြင်သစ်သမ္မတ မက်ခရွန် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ သွားရောက်

**ကိုင်ရို ဇန်နဝါရီ ၂၈**

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် အီဂျစ်နိုင်ငံမြို့တော်ကိုင်ရိုသို့ တနင်္ဂနွေနေ့က သွားရောက်ခဲ့ကြောင်း သိရသည်။ ထိုသို့သွားရောက်စဉ် အီဂျစ်သမ္မတ အဗ္ဗဒယ်ဖက်တက်အယ်စီစီနှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြောင်း၊ အီဂျစ်နိုင်ငံသို့ သုံးရက်ကြာခရီးသွားရောက်ခဲ့ခြင်းဖြစ်ကြောင်း အီဂျစ်နိုင်ငံပိုင်ရုပ်သံဌာနမှ ထုတ်လွှင့်ခဲ့သည်။

အီဂျစ်ဝန်ကြီးချုပ် မိုစတာဖာက ကိုင်ရို အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြင်သစ်သမ္မတကို ကြိုဆိုခဲ့သည်။ ပြင်သစ်သတင်းမီဒီယာများ၏ ဖော်ပြချက်အရ ပြင်သစ်သမ္မတ မက်ခရွန်သည် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့အပါအဝင် ပြင်သစ်စီးပွားရေးလုပ်ငန်းကြီးများမှ ကိုယ်စားလှယ်အဖွဲ့များကို ဦးဆောင်ပြီး လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြင်သစ်- အီဂျစ် ယဉ်ကျေးမှုဆိုင်ရာ နှစ်တစ်နှစ်အဖြစ်ကျင်းပရန် စီစဉ်နေသည့် အတောအတွင်း ယခုလိုအီဂျစ်နိုင်ငံသို့ လာရောက်ခဲ့ခြင်း ဖြစ်သည်။ ယခုတစ်ကြိမ်သည် ပြင်သစ်သမ္မတ မက်ခရွန်၏ ပထမဆုံးအကြိမ် အီဂျစ်ခရီးစဉ်ဖြစ်သည်။

၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်းက ပြင်သစ်နိုင်ငံ ပါရီမြို့တွင် အီဂျစ်သမ္မတ စီစီနှင့် ပြင်သစ်သမ္မတ မက်ခရွန်တို့ တွေ့ဆုံဆွေးနွေးခဲ့ဖူးရာ ယခုတစ်ကြိမ် တွေ့ဆုံဆွေးနွေးမှုမှာ ဒုတိယအကြိမ်မြောက် ဖြစ်သည်။

ပြင်သစ်နိုင်ငံလမ်းမများထက်တွင် ဆန္ဒပြပွဲများ ပေါ်ပေါက်ပြီး သမ္မတ မက်ခရွန်၏ မူဝါဒကို ဆန့်ကျင်မှုများ ပေါ်ပေါက်နေသည့်အချိန်တွင် အီဂျစ်သို့ သုံးရက်ကြာခရီးထွက်လာခဲ့ခြင်း ဖြစ်သည်။ လွန်ခဲ့သော နှစ်လခန့်ကလည်း ပြင်သစ်သမ္မတ မက်ခရွန်သည် ပြည်တွင်းတွင် ဆန္ဒပြပွဲများနှင့် ရင်ဆိုင်နေရသည်။

**ဆင်ဟွာ**

## အီရန်၏ အကျိုးစီးပွားကိုကာကွယ်ရန် စစ်ရေးအရတိုက်ခိုက်သည့် နည်းလမ်းကို ကျင့်သုံးသွားဖွယ်ရှိကြောင်း စစ်ဘက်အကြီးအကဲပြော

**တီဟီရန် ဇန်နဝါရီ ၂၈**

အီရန်သည် နိုင်ငံ၏အကျိုးစီးပွားကို ကာကွယ်ရန်အတွက် စစ်ရေးအရ တိုက်ခိုက်သည့်နည်းကို ကျင့်သုံးနိုင်ဖွယ်ရှိကြောင်း အီရန်တပ်မတော်အင်အားစု စစ်ဦးစီးချုပ်ရုံးအကြီးအကဲ မိုဟာမက်ဘက်ကရီက ပြောကြားခဲ့သည်။

ကျယ်ပြန့်သည့် ကာကွယ်ရေးဆိုင်ရာဩဝါဒကို ဆက်လက်လိုက်နာစောင့်ထိန်းလျက်ရှိချိန်တွင် အီရန်တပ်မတော်သည် လိုအပ်လာပါက စစ်ရေးအရ ကျူးကျော်တိုက်ခိုက်သည့် နည်းဗျူဟာများကို ကျင့်သုံးမည်ဖြစ်သည်ဟု ဘက်ကရီ၏ ပြောကြားမှုကို ပရက်စ်တီဗွီသတင်းက ကိုးကားဖော်ပြခဲ့သည်။

နိုင်ငံ၏ကျယ်ပြန့်သည့် နည်းဗျူဟာများအနက် ကာကွယ်ရေးဆိုင်ရာနည်းဗျူဟာ တစ်ခုရှိနေပြီး ကျွန်ုပ်တို့အနေဖြင့် နိုင်ငံ၏လွတ်လပ်ရေးနှင့်အမျိုးသားအကျိုးစီးပွားကို တတ်စွမ်းသမျှ ကာကွယ်သွားမည်ဖြစ်သည်ဟု ဘက်ကရီက ဆိုသည်။

အီရန်အနေဖြင့် အခြားနိုင်ငံများ၏ နယ်မြေပိုင်နက်ကို သိမ်းပိုက်လိုသောရည်ရွယ်ချက်မရှိသကဲ့သို့ ပြည်ပနိုင်ငံများ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေလိုသောရည်ရွယ်ချက်လည်းမရှိကြောင်း၊ သို့သော် နိုင်ငံ၏အကျိုးစီးပွားနှင့် အမျိုးသားရေးကို ကာကွယ်ရန်လိုအပ်လာပါက ကျူးကျော်တိုက်ခိုက်သည့် နည်းလမ်းကိုလည်း ကျင့်သုံးကောင်း ကျင့်သုံးနိုင်ကြောင်း ၎င်းက အလေးအနက် ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အမြင်

**ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ ရှာဖွေတွေ့ရှိနိုင်ရန် ရည်ရွယ်ပြီး Invest Myanmar Summit 2019 ကို နေပြည်တော်တွင် ကျင်းပလျက်ရှိသည်။ Invest Myanmar Summit 2019 တွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် တစ်နေရာတည်းတွင် တစ်နိုင်ငံလုံးနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို မြင်တွေ့ခွင့်၊ လေ့လာခွင့်ရရှိကြပြီး ဝယ်သူနှင့်ရောင်းသူတို့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးခွင့် ရရှိနေပြီဖြစ်သည်။**

Invest Myanmar Summit 2019 သို့ တက်ရောက် လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေး ပညာရှင်များ၏အမြင်များကို စုစည်း ဖော်ပြလိုက်ပါသည်။


ဒေါက်တာမောင်မောင်လေး


ဒေါက်တာအောင်ထွန်းသက်


ဦးရဲအောင်မိုး


ဦးစည်သူမိုးမြင့်


ဦးမောင်ဝိတ်


ဒေါ်ခင်အေးဝင်း


ဦးဇော်လင်းအောင်


ဦးကျော်သက်လှိုင်

**ဒေါက်တာမောင်မောင်လေး**
**(မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ)**

အရင်လို ဝယ်သူနဲ့ရောင်းသူ ဟောပြောပို့ချသွားတဲ့ ပုံစံမဟုတ်ဘဲနဲ့ အခုဟာက ဝယ်သူနဲ့ရောင်းသူ လက်တွေ့ တွေ့ဆုံဆွေးနွေးတဲ့ ပွဲဖြစ်ပါတယ်။ ပြည်တွင်း ပြည်ပလုပ်ငန်းရှင် တချို့က မြန်မာနိုင်ငံရဲ့အရွေ့နဲ့ ငြိမ်းချမ်းရေးကို စောင့်ကြည့်နေတာ ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးက ဆိုရှယ်လစ်စနစ် စီးပွားရေးစနစ်ကနေ ပြောင်းလာခဲ့တာ။ အပြောင်းအလဲမှာ တော်တော်များများက စောင့်ကြည့်လေ့ရှိပါတယ်။ နိုင်ငံရေး တည်ငြိမ်ဖို့တော့လိုပါတယ်။ နိုင်ငံရေး တည်ငြိမ်အောင် နိုင်ငံတော်ကလည်း လုပ်ဆောင်နေပါတယ်။ တည်ငြိမ်မှုကို အဓိကကြည့်ပြီး သွားကြတာတွေလည်း ရှိပါတယ်။

အခုပွဲက ရောင်းမယ့်သူနဲ့ ဝယ်မယ့်သူကို တစ်နေရာတည်းမှာတွေ့ပေးတယ်။ တွေ့ပေးပြီးတော့ ရောင်းမယ့်သူက သူ့ Project တွေကို အများကြီးတင်တယ်။ Project ၂၀၀ လောက်ကိုတင်တယ်။ ပြည်ထောင်စုရော၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေကရော Project တွေတင်တယ်။ ပြည်တွင်းပြည်ပက လုပ်ငန်းရှင်တွေက သူတို့အဖွဲ့တွေခေါ်လာပြီး ဘယ် Project တော့ကောင်းတယ်။ လုပ်ချင်တယ်ဆိုရင် တစ်ထိုင်တည်းမှာ သက်ဆိုင်ရာ ဝန်ကြီးချုပ်တွေနဲ့ ဆွေးနွေးလို့ရပါတယ်။ ဒီအချိန်မှာပဲ အကောက်ခွန်တို့၊ မြေစာရင်းတို့နဲ့ ဆွေးနွေးလို့ရပါတယ်။ တစ်နေရာတည်းမှာ အလုပ်ဖြစ်သွားနိုင်ပါတယ်။ အရင်လို စကားပြောပြီး ဖိတ်ခေါ်တဲ့ပုံစံမျိုးမဟုတ်ဘဲနဲ့ လက်တွေ့ကျကျ အလုပ်လုပ်တဲ့ ပုံစံဖြစ်ပါတယ်။

၂၀၁၉ မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပြန်တက်လာဖို့ ရှိနိုင်ပါတယ်။ ဒီ Project တွေ ပေါ်လာပြီဆိုတော့ Project တွေကို အသိပေးလာပြီ။ အရင်တုန်းက ပွင့်လင်းမြင်သာမှု မရှိပါဘူး။ အခုက ထင်သာမြင်သာနဲ့ လုပ်ကိုင်သွားတော့ တော်တော်များများက ယုံကြည်မှုတွေ ရလာပါတယ်။

**ဒေါက်တာအောင်ထွန်းသက် (စီးပွားရေးပညာရှင်)**

စီးပွားရေးလုပ်တဲ့အခါမှာ အမြတ်ရဖို့၊ လူတွေကို စောင့်ရှောက်ဖို့၊ ပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့ လိုပါတယ်။ သိက္ခာသမာဓိ ရှိဖို့လည်းလိုပါတယ်။ နိုင်ငံတစ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုတဲ့အခါမှာ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အခြေခံတွေက အရေးကြီးပါတယ်။ ကိုယ့်နိုင်ငံ စီးပွားရေးတိုးတက်ဖို့ဆိုရင် ကိုယ့်နိုင်ငံရဲ့နိုင်ငံရေးကလည်း အခြေအနေကောင်းမှရမှာပါ။ တရားဥပဒေစိုးမိုးတာကလည်း အရေးပါတဲ့ ကိစ္စဖြစ်တဲ့အတွက် ဟန်ချက်ညီညီလုပ်မှရပါမယ်။ စီးပွားရေးတစ်ခုတည်း အာရုံစိုက်နေလို့ မဖြစ်ပါဘူး။ နိုင်ငံရေးကို အာရုံစိုက်ဖို့လိုပါတယ်။ လူမှုရေးကိုလည်း အာရုံစိုက်ဖို့လိုပါတယ်။ အဲဒီလိုသာ လုပ်နိုင်ရင် လိုချင်တဲ့ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာလိမ့်မယ်လို့ ထင်ပါတယ်။ ဝင်လာတဲ့ ရင်းနှီးမြှုပ်နှံမှုဟာ ပြည်သူတွေအတွက် အကျိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်ဖို့ အရေးကြီးပါတယ်။ ကျန်းမာရေးလုပ်ငန်းတွေ၊ ပညာရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံဖို့ လိုအပ်ပါတယ်။ အဂတိလိုက်စားမှု လျော့ပါးဖို့လည်းလိုပါတယ်။ အဂတိလိုက်စားမှုရှိသရွေ့ ရင်းနှီးမြှုပ်နှံမယ့်သူတွေခက်နေပါမယ်။ အစိုးရဝန်ကြီးဌာနတွေအားလုံး အလုပ်လုပ်တဲ့အခါမှာ သွက်လက်ဖို့၊ မြန်ဆန်ဖို့လိုပါတယ်။ အဲဒါတွေရှိမှ လိုချင်တဲ့ ရင်းနှီးမြှုပ်နှံမှု ရနိုင်မယ်လို့ ထင်ပါတယ်။

ဒီလိုပွဲတွေလုပ်တဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် သိလာမယ်။ ချိတ်ဆက်မှုတွေ ရလာပါမယ်။ နိုင်ငံခြားသားတွေ လာကြတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေ လာကြတယ်။ ဒီနေ့ပွဲမှာ တစ်ယောက်နဲ့တစ်ယောက် ဆိုကြ၊ ပြောကြ၊ ဆွေးနွေးကြ၊ ညှိနှိုင်းကြပါတယ်။ ရင်းနှီးမြှုပ်နှံမှု အများဆုံးရအောင် လုပ်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ဦးရဲအောင်မိုး**
**(ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ရခိုင်ပြည်နယ်တာဝန်ခံ၊ ညွှန်ကြားရေးမှူး)**

ရခိုင်ပြည်နယ်မှာ အဓိက ခရီးစဉ်ဒေသနှစ်ခုဖြစ်တဲ့ ငပလီကမ်းခြေဒေသနဲ့ မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသ ရှိပါတယ်။ အလားတူ ငပလီကမ်းခြေလို လှပတဲ့ ကမ်းခြေနေရာတွေလည်း အများကြီးရှိပါတယ်။ ဂွတို့၊ မာန်အောင်ကျွန်းတို့၊ ရမ်းဗြဲကျွန်းတို့ဟာလည်း အင်မတန် လှပသာယာတဲ့ နေရာတွေပါ။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီးဌာနနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဟိုတယ်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံနိုင်သလို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ စက်မှုလုပ်ငန်းတွေမှာပါ ရင်းနှီးမြှုပ်နှံနိုင်တဲ့ အခွင့်အလမ်းတွေရှိပါတယ်။ ရခိုင်ပြည်နယ်ရဲ့ ဘယ်လို နေရာမှာ၊ ဘယ်လိုကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံနိုင်တယ်ဆိုတာကို Rakhine State Investment Fair ဆိုပြီး လာမယ့် ဖေဖော်ဝါရီလမှာ ငပလီကမ်းခြေဒေသမှာ ကျင်းပဖို့ အစီအစဉ်ရှိပါတယ်။ ပြည်နယ်ရဲ့ ရင်းနှီးမြှုပ်နှံနိုင်မှု အခွင့်အလမ်းတွေ ချပြမယ်။ စိတ်ပါဝင်စားတဲ့ ရင်းနှီးမြှုပ်နှံ လိုသူတွေကို ရင်းနှီးမြှုပ်နှံနိုင်မယ့် အခွင့်အလမ်းတွေကို ရှင်းပြမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုအတွက် လမ်းပန်းဆက်သွယ်ရေးကလည်း အရေးပါပါတယ်။

**ဦးစည်သူမိုးမြင့်၊ Exective Director နှင့် Country Manager MPRL E & P ကုမ္ပဏီအုပ်စု**

ဒီပွဲမှာ ကျွန်တော်တို့ကုမ္ပဏီက လုပ်ကွက် A6 ရဲ့ ဝန်ဆောင်မှုတွေကို အဓိကထားပြီး ပြထားပါတယ်။ နောက်ပြီး A6 ကို ပံ့ပိုးပေးမယ့် ကမ်းလွန်ထောက်ပံ့ရေးစခန်းကို ပြထားပါတယ်။

ကုမ္ပဏီကဆောင်ရွက်နေတဲ့ ရာဝတီတိုင်းဒေသကြီးထဲက ကမ်းလွန်လုပ်ကွက် A6 မှာ ရှာဖွေရေးလုပ်ငန်းတွေ အောင်အောင်မြင်မြင် ပြီးဆုံးသွားပြီဖြစ်တဲ့အတွက် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးအပိုင်းကို စတင်ဆောင်ရွက်ဖို့အတွက် ပြင်ဆင်နေပါတယ်။ သဘာဝဓာတ်ငွေ့ကို နောက် ငါးနှစ်ကြာတဲ့အခါ စတင်ထုတ်လုပ်ဖို့ ရည်ရွယ်ထားပါတယ်။ ကမ်းလွန်လုပ်ကွက် A6 မှာရှိတဲ့ စီမံကိန်းအမျိုးအစားဟာ ခက်ခဲတဲ့ စီမံကိန်းဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ဒီလိုရေအနက်အပိုင်းမှာ ဆောင်ရွက်နေတဲ့ စီမံကိန်း အခုလောလောဆယ် အခု ၂၀ ပဲရှိပါတယ်။ ဒီစီမံကိန်းဟာ ၂၁ ခုမြောက် စီမံကိန်းဖြစ်ပါတယ်။

ဒီစီမံကိန်းကို ငါးနှစ်နဲ့အကောင်အထည်ဖော် ဆောင်ရွက်ဖို့ဆိုတာ အင်မတန် မြန်ဆန်တယ်လို့ ယူဆလို့ရပါတယ်။ ငါးနှစ်နဲ့ စီမံကိန်းဖြစ်မြောက်လာဖို့အတွက်လည်း စီမံကိန်းကို အထောက်အကူပြုမယ့် ကမ်းလွန်အထောက်အကူပြုစခန်း တစ်ခုလည်း တည်ဆောက်ဖို့လိုပါတယ်။ ကမ်းလွန်လုပ်ကွက်တွေမှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းတော်တော်များများက စင်ကာပူနိုင်ငံမှာရှိတဲ့ အထောက်အကူပြုစခန်းတွေကို မှီခိုပြီး လုပ်ငန်းတွေကို ဆောင်ရွက်ရတာဖြစ်တဲ့အတွက် မလိုလားအပ်တဲ့ ကုန်ကျစရိတ်တွေ ကုန်ဆုံးစေပါတယ်။ ဒါကြောင့် အထောက်အကူပြုစခန်းကို နှစ် နှစ်နဲ့ ပြီးအောင်တည်ဆောက်ခဲ့ပါတယ်။ အဲဒီစခန်းက A6 စီမံကိန်းဖြစ်မြောက်လာအောင်လည်း အထောက်အကူပြုသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ပထဝီမြေမျက်နှာသွင်ပြင် အနေအထားအားဖြင့် အရှေ့တောင်အာရှနိုင်ငံတွေကို အိန္ဒိယသမုဒ္ဒရာနဲ့ ချိတ်ဆက်ပေးထားတဲ့ နေရာမှာရှိပါတယ်။ အာဆီယံအနေနဲ့ အရှေ့နဲ့အနောက် ချိတ်ဆက်ပေးတဲ့ စင်္ကြံလမ်း (East West Corridor)ကို ဗီယက်နမ်နိုင်ငံ ဒါနန်းကနေ ထိုင်းနိုင်ငံကို ဖြတ်ပြီး ကျွန်တော်တို့ရဲ့ E & A OSB Project နေရာအထိ ချိတ်ဆက်ပေးနိုင်ခဲ့မယ်ဆိုရင် ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအထောက်အကူပြုလာစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့လက်ရှိ စီမံကိန်းနေရာမှာ ကမ်းလွန်ထောက်ပံ့ရေး ဆိပ်ကမ်းမျိုးသာမက နောက်မှာဘက်စုံသုံးပင်လယ်ရေနက် ဆိပ်ကမ်းအထိပါ ရည်မှန်းဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

**ဦးမောင်ဝိတ်၊ ဥက္ကဋ္ဌ**
**SAE PAING DEVELOPMENT LIMTED**

ဒီနေ့အခမ်းအနားမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောသွားတဲ့ သတင်းစကားတွေက တော်တော်ကောင်းပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်သွားပါတယ်။ မြန်မာနိုင်ငံမှာ အခြေအနေကောင်းတွေရှိတယ်။ လာရောက်ရင်းနှီးမြှုပ်နှံဖို့အတွက် သက်ဆိုင်ရာဌာနတွေအားလုံးကလည်း ကူညီပေးမယ်။ သက်ဆိုင်ရာ ဝန်ကြီးချုပ်တွေကလည်း ဥပဒေဘောင်ထဲကနေပြီး ဖြေလျှော့ပေးနိုင်တာတွေကို ဖြေလျှော့ပေးမယ်လို့ ပြောသွားတာ တော်တော်လေး အားရဖို့ ကောင်းပါတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံသူတွေ နောက်ထပ်အများကြီးရောက်လာကြမယ်လို့ မြင်မိပါတယ်။

စီးပွားရေးအခြေအနေက ၂၀၁၉ မှာ ကျန်ခဲ့တဲ့နှစ်တွေထက် အများကြီးပိုကောင်း လာလိမ့်မယ်လို့ ထင်ပါတယ်။ လုပ်ငန်းတိုင်းမှာ အခက်အခဲဆိုတာရှိပါတယ်။ အခက်အခဲတွေရှိတယ်ဆိုပေမယ့် လက်ရှိ ရှိတဲ့အခြေအနေပေါ်မှာပဲ ပိုကောင်းအောင် ဘယ်လို ဆောင်ရွက်သွားမလဲဆိုတာကိုပဲ စဉ်းစားထားပါတယ်။ ရင်းနှီးမြှုပ်နှံမှုအရေအတွက်က ကျန်ခဲ့တဲ့နှစ်တွေနဲ့ နှိုင်းယှဉ်ကြည့်ရင် တိုးလာပါတယ်။ ဒါပေမယ့် အများကြီးတိုးပြီး ပိုပြီးတော့အောင်မြင်ဖို့ဆိုရင် ဆက်ပြီးတော့ ကြိုးစားရဦးမှာပါ။ ဒီအတွက်ပဲ ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကိုကျင်းပပြီး ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဖို့ ဆောင်ရွက်နေတာလို့ မြင်ပါ တယ်။ ဒီလိုပွဲတွေ အများကြီးဆက်ပြီး ကျင်းပသွားဖို့လိုပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးတွေ၊ ဝန်ကြီးချုပ်တွေ အားလုံးက ဒီလိုပွဲတွေမှာ ရင်းနှီးမြှုပ်နှံသူတွေကို မြန်မာနိုင်ငံမှာ ရဲရဲတင်းတင်း လာရောက်ရင်းနှီးမြှုပ်နှံပါ။ မြန်မာနိုင်ငံမှာ အခွင့်အလမ်းတွေ အများကြီးရှိပါတယ်လို့ မှတ်ချက်ပေးသွားတာဟာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေအတွက် အားရှိစေပါတယ်။

နိုင်ငံခြားကနေ လာရောက်ရင်းနှီးမြှုပ်နှံတဲ့အခါ ပြည်တွင်းကုမ္ပဏီတွေရဲ့ယှဉ်ပြိုင်နိုင်တဲ့စွမ်းအား လျော့ကျသွားမယ်ဆိုတာ မဟုတ်ပါဘူး။ ကျွန်တော်တို့က အိမ်ရှင်တွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအကြောင်းကို နိုင်ငံခြားသား တွေထက် ကျွန်တော်တို့ ပိုပြီးသိပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ ပါလာမှာက အုပ်ချုပ်မှုစနစ်၊ နည်းပညာတွေပါလာ မယ်။ ဒေသခံတွေဖြစ်တဲ့ ကျွန်တော်တို့က နိုင်ငံသားတွေဖြစ်တဲ့အတွက် အားသာချက်တွေ ရှိပါတယ်။ သူတို့ရဲ့ အားသာချက်တွေလည်း ရှိပါတယ်။ သူတို့ရဲ့ အားသာချက်တွေနဲ့ ကျွန်တော်တို့ရဲ့ အားသာချက်တွေ ပူးပေါင်းပြီး ပိုပြီးတော့ကောင်းတဲ့ အဖွဲ့အစည်းတွေ ပေါ်ထွက်လာဖို့၊ ပိုပြီးတော့ကောင်းတဲ့ နိုင်ငံတော်ကြီး ဖြစ်လာဖို့ဆိုတဲ့ ဒီလိုနည်းလမ်းတွေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အနေနဲ့လည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်ပါတယ်။ ထိုနည်းတူပါပဲ ။ မြန်မာနိုင်ငံသားတွေလည်း ရင်းနှီးမြှုပ်နှံမှုတွေမှာ ပါဝင်လာဖို့လည်း လိုပါတယ်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာဖို့လည်း ကျွန်တော်တို့ ဆက်ပြီးတော့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလိုပွဲတွေကို ခြောက်လ တစ်ကြိမ် ဒါမှမဟုတ် တစ်နှစ် တစ်ကြိမ် ဆောင်ရွက်သွားဖို့ အကြံပြုလိုပါတယ်။ ဒါမှလည်း ရင်းနှီးမြှုပ်နှံသူတွေနဲ့ နိုင်ငံတော်အကြီးအကဲတွေကြားမှာ ပိုပြီးတော့ ရင်းနှီးမှုတွေ ရလာမယ်။ တင်ပြစရာတွေရှိရင်လည်း တင်ပြလာနိုင်မယ်။ နိုင်ငံတော်အကြီးအကဲတွေရဲ့ လုပ်ငန်းစဉ်တွေ ဘယ်လိုရှိတယ် ဆိုတာကိုလည်း ပိုပြီးတော့ သိခွင့်ရလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် အခုလိုပွဲမျိုးတွေကို များများလုပ်သွားဖို့ အကြံပြုပါတယ်။

**ဒေါ်ခင်အေးဝင်း၊ မန်နေဂျင်းဒါရိုက်တာ**
**STI MYANMAR UNIVERSITY**

ဒီပွဲမှာတော့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှာ တင်ထားတဲ့ ပညာရေးဝန်ဆောင်မှု လုပ်ငန်းတွေကို ပါဝင်ပြသထားပါတယ်။ လက်ရှိမှာတော့ သင်ကြားရေးဌာနကြီး လေးခုရဲ့အောက်ကနေပြီးတော့ ကျန်းမာရေးသိပ္ပံအပိုင်း၊ ပညာရေးနှင့် ဘာသာစကားဆိုင်ရာ သင်ကြားရေးဌာနကြီး၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ သင်ကြားရေးဌာနကြီးနဲ့ အင်ဂျင်နီယာပိုင်းဆိုင်ရာနဲ့ပတ်သက်တဲ့ သင်ကြားရေးဌာနကြီးအောက်မှာ ဘွဲ့ကြိုနဲ့ ဘွဲ့လွန်သင်တန်းတွေကို သင်ကြားပို့ချပေးနေပါတယ်။ အဓိကကတော့ ကျွန်မတို့ အင်္ဂလန်နိုင်ငံနဲ့ ပူးပေါင်းပြီး သင်ကြားပေးနေတာ ဖြစ်ပါတယ်။

MIC အတည်ပြုချက်ရပြီး ပညာရေးဥပဒေထွက်ပြီးသွားတဲ့အခါ နည်းဥပဒေတွေ အကုန်လုံး ရှင်းရှင်းလင်းလင်း ဖြစ်သွားပြီး လိုင်စင်ရသွားရင် မြန်မာနိုင်ငံမှာ ဂုဏ်သိက္ခာရှိတဲ့ အရည်အသွေးအလွန်မြင့်မားတဲ့ အိမ်နီးနားချင်းနိုင်ငံတွေမှာ ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်မယ့် အဆင့်မြင့်ပုဂ္ဂလိက တက္ကသိုလ်ကြီးတစ်ခု တည်ထောင်နိုင်ဖို့ ရည်ရွယ်ပြီး ကြိုးစားဆောင်ရွက်နေတာဖြစ်ပါတယ်။ အဓိကကတော့ နိုင်ငံတကာက ကျောင်းသားတွေကို လက်ခံသွားချင်တာပါ။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံက လူသိလည်းနည်းတယ်။ စီးပွားရေးကိုလည်း တိုးတက်အောင်ပြန်ပြီးတော့ ကြိုးစားနေရတဲ့အချိန်မှာ ကမ္ဘာမှာ နိုင်ငံတကာ ကျောင်းသားတွေကနေပြီးတော့ တစ်ဆင့်ပြန်ပြီးတော့ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုပိုင်းတွေ၊ ရိုးရာဓလေ့တွေနဲ့ မြန်မာနိုင်ငံအကြောင်းကို ပိုပိုပြီး လူတွေသိလာပြီးတော့ တိုင်းပြည်တည်ဆောက်ကြမယ့် အနာဂတ်လူငယ်တွေကို တကယ်လိုအပ်တဲ့ အသိပညာ၊ အတတ်ပညာတွေကို အိမ်နီးနားချင်းနိုင်ငံတွေက လူငယ်တွေနဲ့ အတူတူ ရင်ပေါင်တန်းပြီး နိုင်ငံတာဝန်တွေကို ကျတဲ့နေရာမှာ ထမ်းဆောင်နိုင်အောင်လို့ ဂုဏ်သိက္ခာရှိရှိနဲ့ ဒီတိုင်းပြည်ကို ပိုပြီးကောင်းမွန်အောင် တည်ဆောက်နိုင်ဖို့ ကြိုးစားဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် သွားချင်နေတဲ့ လမ်းကြောင်းဆိုရင်လည်း မမှားပါဘူး။

ဒီပွဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေလည်း ရင်းနှီးမြှုပ်နှံမှုနဲ့ဆိုင်တဲ့ အခွင့်အလမ်းတွေ အများကြီးလာပြကြတယ်။ ပြည်တွင်းနဲ့ အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံချင်သူတွေလည်း

*စာမျက်နှာ ၁၇ သို့*



လန်ချန်း - မဲခေါင်ဒေသတွင်းရှိ အဖွဲ့ဝင်ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များ တွေ့ဆုံပွဲတွင် နိုင်ငံအလိုက်ရိုးရာယဉ်ကျေးမှုနှင့် အနုပညာရပ်များ ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းများ ဖတ်ကြားခြင်းအခမ်းအနား ကျင်းပစဉ်။

# လန်ချန်း - မဲခေါင်ဒေသတွင်းရှိ အဖွဲ့ဝင် ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များ ရိုးရာယဉ်ကျေးမှုဆိုင်ရာ စာတမ်းများဖတ်ကြား

**မန္တလေး ဇန်နဝါရီ ၂၈**

လန်ချန်း - မဲခေါင်ဒေသတွင်းရှိ အဖွဲ့ဝင်ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များ တွေ့ဆုံပွဲတွင် နိုင်ငံအလိုက်ရိုးရာယဉ်ကျေးမှုနှင့် အနုပညာရပ်များ ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းများ ဖတ်ကြားခြင်းကို ယနေ့နံနက် ၁၁ နာရီတွင် မန္တလေးမြို့ ဟိုတယ်ရွှေပြည်သာတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ စာတမ်းဖတ်ကြားပွဲကို သဘာပတိအဖြစ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာနှင့် တွဲဖက် သဘာပတိအဖြစ် ရုပ်သေးပညာရှင် ဒေါ်မမနိုင်တို့က ဆောင်ရွက်ခဲ့ပြီး လန်ချန်း- မဲခေါင်ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများဖြစ်သော တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ စုစုပေါင်းလူငယ်အနုပညာရှင် ၂၉ ဦး တက်ရောက်ခဲ့ကာ နိုင်ငံအလိုက် ကိုယ်စားလှယ်တစ်ဦးချင်းစီမှ ရိုးရာယဉ်ကျေးမှုနှင့် အနုပညာရပ်များ ထိန်းသိမ်းခြင်းဆိုင်ရာ စာတမ်းများ ဖတ်ကြားကြသည်။

လန်ချန်း - မဲခေါင် ဒေသတွင်းရှိ အဖွဲ့ဝင်ခြောက်နိုင်ငံမှ အနုပညာရှင်လူငယ်များအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ ရွှေချည်ထိုးလုပ်ငန်း၊ ကုသိုလ်တော်ဘုရား၊ ရွှေကျောင်း၊ အတုမရှိ ကျောင်းတော်ကြီးနှင့် မန္တလေးတောင်သို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြပြီး ညပိုင်းတွင် ဟိုတယ်ရွှေပြည်သာ၌ အထိမ်းအမှတ် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ - အောင်ဖြိုးကျော်**

# "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော် စတုတ္ထနေ့ဆက်လက်ကျင်းပ၊ တိုင်းရင်းသားအလှမယ်ရွေးချယ်ပွဲ နောက်ဆုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက် ညပိုင်းတွင် ဆက်လက်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်အဖြစ် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်၏ စတုတ္ထနေ့ကို ဆက်လက်ကျင်းပလျက်ရှိပြီး Miss Ethnic Myanmar ၏ နောက်ဆုံးပြိုင်ပွဲဖြစ်သည့်တိုင်းရင်းသား အလှမယ်ရွေးချယ်ပွဲကို ပွဲတော်ပဥ္စမနေ့ ညပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော် သတင်းပြန်ကြားရေးအဖွဲ့မှ သိရသည်။



"သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော် စတုတ္ထနေ့တွင် လာရောက်ကြသူများအား စည်စည်ကားကား တွေ့ရစဉ်။

ယနေ့ကျင်းပသည့် စတုတ္ထနေ့ ပွဲတော်တွင် ခရီးသွားလုပ်ငန်းရှင်များ၏ ပြခန်းများနှင့် ဒေသအလိုက်သဘာဝ တန်ဖိုးမြှင့် ထုတ်ကုန်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားတို့၏ ဒေသအလိုက် ခရီးသွားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ခရီးသွားဒေသများနှင့် အထင်ကရနေရာများ၊ ဒေသထွက်ကုန် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းပြခန်းများ၊ တိုင်းရင်းသားရိုးရာ စားသောက်ကုန် အရောင်းဆိုင်ခန်းများသို့ လာရောက်ကြည့်ရှုအားပေးကြသူများနှင့် စည်ကားလျက်ရှိသည်။

"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်တွင် မြန်မာပြည်ဒေသအနှံ့အပြားမှ တိုင်းရင်းသား ၁၃၅ မျိုးတို့၏ ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့၊ အဝတ်အထည်နှင့် စားသောက်ကုန်များ၊ စာပေ၊ ဂီတ တူရိယာများ၊ ရိုးရာဓလေ့လုပ်ငန်းသုံး ပစ္စည်းများ၊ တိုင်းရင်းဆေးများ၊ တိုင်းရင်းသားလူမျိုးအလိုက်သမိုင်း၊ လွတ်လပ်ရေး အတူကြိုးပမ်းရယူခဲ့ကြသည့် သမိုင်းများ၊ စာအုပ်စာပေများ၊ စီးပွားရေးလုပ်ငန်းများ၊ ဒေသထွက်ကုန်များကိုခင်းကျင်း ပြသထားသည်။

"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်ကို မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း၌နံနက် ၁၁ နာရီခွဲမှ ည ၁၀ နာရီကျော် အထိကျင်းပလျက်ရှိရာ ဇန်နဝါရီ ၃၀ ရက် အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း၊ဓာတ်ပုံ-ဇော်မင်းလတ်**

*စာမျက်နှာ ၁၆ မှ*

လာကြပါတယ်။ တစ်နေရာတည်းမှာပဲ တစ်နိုင်ငံလုံးနဲ့ ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို မြင်တွေ့ရတဲ့အတွက်ကြောင့် အင်မတန်ကောင်းပါတယ်။

**ဦးဇော်လင်းအောင်၊ မန်နေဂျင်းဒါရိုက်တာ ကမ္ဘောဇဘဏ်**

ကျွန်တော်တို့ ကမ္ဘောဇဘဏ်အနေနဲ့ KBZ Pay ကို အခုပွဲမှာ အဓိကထားပြီး ပြသသွားမှာ ဖြစ်ပါတယ်။ KBZ Pay ဆိုတာ ၁၀၀ ရာခိုင်နှုန်းအပြည့်ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုအဖြစ် ရည်ရွယ်ပြီးဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ပုံမှန်ဘဏ်လုပ်ငန်း ဝန်ဆောင်မှုစနစ်ကနေပြီး ဒီဂျစ်တယ်ဘဏ်လုပ်ငန်း ဝန်ဆောင်မှုကို မိုဘိုင်းလ်ဖုန်း အသုံးပြုပြီး တစ်နိုင်ငံလုံးက ပြည်သူတွေ ရရှိခံစားနိုင်ဖို့အတွက် ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ဆက်လက်ပြီး ဒီဂျစ်တယ်ဘဏ်လုပ်ငန်း စနစ်ကို တိုးချဲ့ဆောင်ရွက်သွားဖို့ ရှိပါတယ်။

**ဦးကျော်သက်လှိုင် (Myanmar Developer Association ဒုတိယဥက္ကဋ္ဌ)**

ဒီပွဲမျိုးက တော်တော်ကောင်းတဲ့ပွဲပါ။ နိုင်ငံတကာကနေ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေကို မျက်ဝါးထင်ထင် ထိတွေ့ခံစားနိုင်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေအပြင် လက်ရှိနိုင်ငံတော်မှာ နိုင်ငံရေး၊ စီးပွားရေးနဲ့ စီးပွားရေးမူဝါဒတွေ တည်ငြိမ်နေပါတယ်။ နိုင်ငံတော်အစိုးရကလည်း စီးပွားရေးကို အခုလိုအားပေးနေတယ်။ ပြည်သူလူထုကလည်း လာရောက် ရင်းနှီးမြှုပ်နှံမယ့်သူတွေကို နွေးနွေးထွေးထွေးကြိုဆိုတာကို သူတို့ တကယ်လက်တွေ့ ခံစားသွားရအောင် ပြသနိုင်တာ ဖြစ်တဲ့အတွက် ဒီလိုပွဲမျိုး မကြာမကြာလုပ်သင့်ပါတယ်။ မြန်မာနိုင်ငံက ပြဋ္ဌာန်းလိုက်တဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေဟာ တစ်ကမ္ဘာလုံးကို ပျံ့နှံ့ပြီး တစ်ကမ္ဘာလုံးမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ နားလည်အောင် အချိန်နည်းနည်း ယူရပါမယ်။ ဒါတွေ နားလည်ပြီး အခွင့်အရေးတွေကိုသိပြီး မြန်မာနိုင်ငံမှာ သွားပြီးရင်းနှီးမြှုပ်နှံသင့်တယ်လို့ သိသွားပါလိမ့်မယ်။ အခုကတော့ သူတို့ကို ဒီလိုပွဲမျိုးတွေ ကျင်းပပြီးတော့ မကြာမကြာ ရှင်းပြနေရဦးမှာဖြစ်ပါတယ်။

**အမေး၊ အရေး- မော်စီ၊ ထက်သူ**
**ဓာတ်ပုံ- ရွှေကိုလေး၊ အေးသန်း**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၈-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၄၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၄၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၅/၇၁၀ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၃ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၄၉ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၄ ・ ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၂၂ ・ ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၀ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၀၃ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ ・ ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၆၂၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၇ ・ ၂၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၂ ・ ၈၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၆၈၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

မျက်မှောက်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် တတိယအကြိမ်မြောက် ပါဝါအရွေ့အပြောင်းကာလဖြစ်ပြီး စူပါပါဝါအမေရိကန်နှင့် အနောက်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံများ စန်းထသောကာလဟူ၍ အမေရိကန်ဂျာနယ်လစ် ဖာရိဒ်ဇက္ကရီးယားက ဆိုခဲ့ဖူးသည်။ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူသော အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူသော တရုတ်နိုင်ငံတို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်လှမ်းခဲ့ပြီးနောက်တွင် "သမုဒ္ဒရာနှစ်စင်း သီအိုရီ" ပေါ်ထွက်လာသည်။ အဆိုပါ သီအိုရီသည် စူပါပါဝါနိုင်ငံကြီးနှင့်တကွ ပါဝါနိုင်ငံသစ်များ၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းမှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွက်သာမက မိမိတို့မြန်မာနိုင်ငံအတွက်ပါ အရေးပါသလို စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာနားလည်ရန်လိုအပ်သည့်အတွက် စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦး လေ့လာပြုစုရေးသားထားသည့် " သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို- ပစိဖိတ်မဟာဗျူဟာ" ဆောင်းပါးကို အပတ်စဉ် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြအပ်ပါကြောင်း။

(စာတည်းအဖွဲ့)



# သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို-ပစိဖိတ်မဟာဗျူဟာ

တက္ကသိုလ် ဟန်စိုးဦး



အိန္ဒိယဝန်ကြီးချုပ်နှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့ ၂၀၁၈ ခုနှစ် မတ်လအတွင်း နယူးဒေလီမြို့တွင် တွေ့ဆုံစဉ်။

*ယခင်အပတ်မှအဆက်*

**အိန္ဒိယ-ဗီယက်နမ်ဆက်ဆံရေး**

အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ ဗီယက်နမ်နိုင်ငံဟာ အိန္ဒိယနိုင်ငံအတွက် မဟာဗျူဟာအမြောက်ဆုံး မိတ်ဖက်နိုင်ငံ တစ်နိုင်ငံဖြစ်တယ်လို့ နိုင်ငံရေးလေ့လာသူတွေက သုံးသပ်ကြပါတယ်။ တရုတ်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံအကြား တောင်တရုတ်ပင်လယ်အတွင်း နယ်မြေပိုင်ဆိုင်မှု အငြင်းပွားတဲ့ ကိစ္စနဲ့ပတ်သက်ပြီး တင်းမာမှုတွေ မြင့်မားလာနေတဲ့ အခြေအနေရယ်၊ တောင်တရုတ်ပင်လယ်နဲ့ အင်ဒိုချိုင်းနားဒေသမှာ ဗီယက်နမ်နိုင်ငံဟာ မဟာဗျူဟာမြောက် ပထဝီနိုင်ငံရေးအနေအထားမှာ တည်ရှိနေတဲ့အချက်တွေရယ်ဟာ အိန္ဒိယနိုင်ငံအနေနဲ့ တရုတ်နိုင်ငံကို သူ့ရဲ့အနီးပတ်ဝန်းကျင်နားမှာပဲ အင်အားထိန်းညှိနိုင်ဖို့အတွက် အသင့်လျော်ဆုံး အနေအထားမှာ ရှိနေတယ်လို့ သုံးသပ်ကြပါတယ်။

နှစ်နိုင်ငံအကြား နိုင်ငံရေး၊ ကာကွယ်ရေး၊ လုံခြုံရေးအပြင် စီးပွားရေး၊ သိပ္ပံနဲ့နည်းပညာ၊ ယဉ်ကျေးမှုကဏ္ဍတွေမှာ ပိုမိုနီးကပ်စွာထိတွေ့ဆောင်ရွက်နိုင်ဖို့ အိန္ဒိယနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ဟာ သူတို့ရဲ့ဆက်ဆံရေးကို ၂၀၀၇ ခုနှစ် နိုဝင်ဘာလမှာ မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဆင့်ကို တိုးမြှင့်ခဲ့ကြပါတယ်။ ဝန်ကြီးချုပ်မိုဒီလက်ထက်မှာ ဗီယက်နမ်နိုင်ငံနဲ့ အဆင့်မြင့်ထိတွေ့ဆက်ဆံမှုတွေကို အရှိန်မြှင့်ဆောင်ရွက်ခဲ့ပါတယ်။ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆုရှ်မာဆွာရတ်ချ်နဲ့ သမ္မတ ပရာနပ်မူခါဂျီ (Pranab Mukherjee) တို့ဟာ ဗီယက်နမ်နိုင်ငံကို ၂၀၁၄ ခုနှစ် ဩဂုတ်လနဲ့ စက်တင်ဘာလတွေမှာ အသီးသီး သွားရောက်ခဲ့ကြပါတယ်။ အဲဒီနှစ် အောက်တိုဘာလထဲမှာ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် ငုယင်တန်ဇွန်း (Nguyen Tan Dung) ဟာ အိန္ဒိယနိုင်ငံကို သွားရောက်လည်ပတ်ခဲ့ပါတယ်။ ဝန်ကြီးချုပ်မိုဒီဟာလည်း ဗီယက်နမ်နိုင်ငံကို ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်းမှာ သွားရောက်လည်ပတ်ခဲ့ပြီး ခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံအကြား ဆိုက်ဘာလုံခြုံရေးကိစ္စ၊ ပြင်ပအာကာသကို ငြိမ်းချမ်းစွာအသုံးပြုသွားရေး အပါအဝင် သဘောတူညီချက်ပေါင်း ၁၂ ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နှစ်နိုင်ငံ ကုန်သွယ်ရေးကို ၂၀၂၀ ပြည့်နှစ်အရောက်မှာ အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံအထိ တိုးမြှင့်သွားဖို့ သဘောတူညီခဲ့ကြပါတယ်။

တကယ်ဆိုရင် အိန္ဒိယနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံအကြား ကုန်သွယ်ရေးဟာ သိပ်ပြီး ထူးထူးခြားခြား များပြားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံရဲ့ ကုန်သွယ်ဖက်အနေနဲ့ကြည့်ရင် ဗီယက်နမ်ဟာ ၂၉ နိုင်ငံမြောက်မှာ ရှိနေပါတယ်။ သို့သော် နှစ်နိုင်ငံအကြား ကုန်သွယ်မှုဟာ တဖြည်းဖြည်းနဲ့ များပြားလာနေသလို အိန္ဒိယနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေဟာ ဗီယက်နမ်နိုင်ငံရဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ သကြားထုတ်လုပ်မှုလုပ်ငန်း၊ လယ်ယာလုပ်ငန်းသုံး ဓာတုစက်မှုလုပ်ငန်း၊ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ လယ်ယာထွက်ကုန်ပစ္စည်းတွေ ကုန်ချောထုတ်လုပ်ရေးလုပ်ငန်းတွေမှာ စတင်ဝင်ရောက်ရင်းနှီးမြှုပ်နှံလာခဲ့ကြပါတယ်။ ၂၀၁၃ ခုနှစ်စာရင်းတွေအရဆိုရင် အိန္ဒိယနိုင်ငံကနေ ဗီယက်နမ်နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၂၅၂ သန်း ရှိပါတယ်။ ဒီနေရာမှာ ထူးခြားချက်တစ်ခုက အိန္ဒိယနိုင်ငံရော၊ ဗီယက်နမ်နိုင်ငံပါ ကာကွယ်ရေးကဏ္ဍမှာ ရုရှားနိုင်ငံထုတ် စစ်လက်နက်ပစ္စည်းတွေကို အသုံးပြုတာ တူညီနေခြင်းက နှစ်နိုင်ငံအကြား ပူးတွဲစစ်ရေးလေ့ကျင့်ခြင်း၊ နည်းပညာဖလှယ်ခြင်းလုပ်ငန်းတွေဟာ ပူးပေါင်းဆောင်ရွက်ဖို့ အလားအလာရှိတဲ့ အခြေအနေမှာ ရှိနေခြင်းဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်အတွင်းမှာ အိန္ဒိယရေတပ်ဟာ ဗီယက်နမ်တပ်ဖွဲ့တွေအတွက် စွမ်းရည်မြှင့်တင်ရေးသင်တန်းတွေ၊ လေ့ကျင့်ရေးအတွက် လိုအပ်တဲ့ စစ်ပစ္စည်းကိရိယာတွေ အသုံးပြုခွင့်ပေးခဲ့သလို အပြန်အလှန်အားဖြင့် ဗီယက်နမ်နိုင်ငံ၊ ငါထရန်ဆိပ်ကမ်း (Nha Trang port) မှာ အိန္ဒိယစစ်သင်္ဘောတွေ ဆိုက်ကပ်ခွင့်ကိုလည်း ရရှိခဲ့ပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ အခုလို ဗီယက်နမ်နိုင်ငံနဲ့ မဟာဗျူဟာမြောက် ထိတွေ့ဆက်ဆံမှု တိုးတက်များပြားလာခြင်းအပေါ် ဂရုတစိုက်စောင့်ကြည့်နေမှာ မလွဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမိတ်ဖက်ဆက်ဆံမှုကနေ အိန္ဒိယနိုင်ငံကို တောင်တရုတ်ပင်လယ်အတွင်း ဆွဲခေါ်လာနိုင်တဲ့ အလားအလာတွေရှိနေလို့ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် အောက်တိုဘာအတွင်းမှာ အိန္ဒိယနိုင်ငံရဲ့ နိုင်ငံပိုင်ရေနံကုမ္ပဏီကြီးဖြစ်တဲ့ ONGC Videsh Limited ဟာ တောင်တရုတ် ပင်လယ်အတွင်းမှာ ရေနံရှာဖွေရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ ဗီယက်နမ်နိုင်ငံနဲ့ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီလိုခွင့်ပြုခဲ့တဲ့အပေါ် တရုတ်နိုင်ငံဟာ ဗီယက်နမ်နိုင်ငံကို အဲဒီနှစ် နိုဝင်ဘာလအတွင်းမှာ အပြင်းအထန် ကန့်ကွက်ခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ ကန့်ကွက်မှုမှာ လုပ်ကွက် ၁၂၇ နဲ့ ၁၂၈ အတွင်းမှာ လုပ်ကိုင်ခွင့်ပြုခဲ့တာဟာ တရုတ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးချိုးဖောက်မှုဖြစ်တယ်လို့ ပြောခဲ့ပေမယ့် ONGC Videsh Limited ကတော့ လုပ်ငန်းတွေ ဆက်လက် လုပ်ဆောင်ခဲ့ပါတယ်။ ဒ့ါအပြင် ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် ငုယင်တန်ဇွန်းရဲ့ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်းမှာ ONGC Videsh Limited နဲ့ Petro Vietnam ကုမ္ပဏီတို့ဟာ တောင်တရုတ်ပင်လယ်အတွင်း လုပ်ကွက်အများအပြားမှာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

အိန္ဒိယနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံဆက်ဆံရေးဟာ တရုတ်နိုင်ငံရဲ့မူဝါဒအပေါ် သက်ရောက်မှုရှိတာကိုလည်း တွေ့မြင်နိုင်ပါတယ်။ တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင် အိန္ဒိယနိုင်ငံကို လာရောက်မလည်ပတ်မီ အချိန်အတွင်းမှာ အိန္ဒိယနိုင်ငံ သမ္မတ ပရာနပ်မူခါဂျီဟာ ဗီယက်နမ်နိုင်ငံကို ၂၀၁၄ ခုနှစ် စက်တင်ဘာလမှာ သွားရောက်လည်ပတ်ခဲ့ပါတယ်။ တရုတ်သမ္မတ ရှီကျင့်ဖျင်ဟာလည်း အိန္ဒိယခရီးစဉ်အပြီးမှာ အိန္ဒိယရဲ့အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ သီရိလင်္ကာနဲ့ မော်လ်ဒိုက်နိုင်ငံတွေကို သွားရောက်လည်ပတ်ခဲ့သလို သမ္မတရှီရဲ့တောင်အာရှခရီးစဉ်အတွင်းမှာ တရုတ်နိုင်ငံရေတပ်က ရေငုပ်သင်္ဘောတစ်စင်းဟာ သီရိလင်္ကာနိုင်ငံ ဆိပ်ကမ်းမှာ ကျောက်ချရပ်နားထားခဲ့ပါတယ်။ ဒါဟာ တမင်ရည်ရွယ်ချက်ရှိရှိ လုပ်တာလို့ မပြောနိုင်ပေမယ့် အဆင့်မြင့် ခေါင်းဆောင်ကြီးတွေရဲ့ခရီးစဉ်တွေနဲ့ အချိန်ကိုက်တိုက်ဆိုင်နေတာဟာ အိန္ဒိယအနေနဲ့ တရုတ်ရဲ့အိမ်နီးချင်းတွေနဲ့ ဆက်ဆံရေး တိုးမြှင့်နေတဲ့နည်းတူ တရုတ်နိုင်ငံကလည်း အိန္ဒိယနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးတိုးမြှင့်သွားနိုင်တယ်ဆိုတာ ဖော်ထုတ်ပြသနေတဲ့ သဘောလို့လည်း သုံးသပ်ကြပါတယ်။

အိန္ဒိယသမ္မတ ပရာနပ်မူခါဂျီရဲ့ ဗီယက်နမ်နိုင်ငံခရီးစဉ်အပြီးမှာ ထုတ်ပြန်ခဲ့တဲ့ ပူးတွဲကြေညာချက်အရ အိန္ဒိယရဲ့ အရှေ့နဲ့ ထိတွေ့ဆက်ဆံမှုမူဝါဒမှာ ဗီယက်နမ်နိုင်ငံဟာ အရေးပါတဲ့ ထောက်တိုင်တစ်ရပ်အဖြစ် ပါဝင်နေတယ်ဆိုတာ ထပ်မံအတည်ပြုခဲ့သလို ဗီယက်နမ်နိုင်ငံကလည်း အိန္ဒိယနိုင်ငံရဲ့ မူဝါဒကို ထောက်ခံခဲ့သလို အိန္ဒိယနိုင်ငံအနေနဲ့ ဒေသတွင်းနဲ့ ကမ္ဘာ့ရေးရာတွေမှာ ပိုမိုအရေးပါတဲ့ ကဏ္ဍကနေ ပါဝင်လာနေတာကို ထောက်ခံကြောင်း ဖော်ပြခဲ့ပါတယ်။

ဒီပူးတွဲကြေညာချက်မှာ တောင်တရုတ်ပင်လယ်အတွင်း လွတ်လပ်စွာရေကြောင်းသွားလာခွင့်ရှိရေးကိုလည်း နှစ်နိုင်ငံစလုံးက ထောက်ခံကြောင်း ဖော်ပြခဲ့ပါတယ်။ ဒ့ါအပြင် ဗီယက်နမ်နိုင်ငံအနေနဲ့ ကာကွယ်ရေးဆိုင်ရာပစ္စည်းတွေဝယ်ယူဖို့ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငှားမယ့် အိန္ဒိယနိုင်ငံရဲ့အစီအစဉ်ရယ်၊ အိန္ဒိယနိုင်ငံကနေ ဗီယက်နမ်နိုင်ငံကို BrahMos အမျိုးအစား သင်္ဘောပစ်ဒုံးကျည်တွေ ရောင်းချဖို့ နှစ်ဖက်ညှိနှိုင်းဆွေးနွေးသွားမှာဖြစ်ကြောင်းလည်း သတင်းတွေ ထွက်ပေါ်လာခဲ့ပါတယ်။ ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်းရဲ့ အိန္ဒိယနိုင်ငံခရီးစဉ်မှာလည်း ဗီယက်နမ်နိုင်ငံရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လေ့ကျင့်သင်ကြားမှုတွေ၊ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေ တိုးချဲ့ဆောင်ရွက်ခြင်းအပြင် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးကဏ္ဍမှာလည်း ပူးပေါင်းဆောင်ရွက်သွားမယ့် အစီအစဉ်တွေကို ထပ်မံထုတ်ဖော်လာခဲ့ပါတယ်။ အသံထက်မြန်တဲ့ BrahMos အမျိုးအစား သင်္ဘောပစ်ဒုံးကျည်တွေ ဗီယက်နမ်နိုင်ငံကို ရောင်းချမယ့်အစီအစဉ်တွေ လက်တွေ့ဖြစ်လာခဲ့ရင် ဗီယက်နမ်နိုင်ငံရဲ့ ရေကြောင်းကာကွယ်ရေးစွမ်းရည်ကို သိသိသာသာ တိုးတက်လာစေမှာ ဖြစ်ပါတယ်။

**အိန္ဒိယ-အင်ဒိုနီးရှားဆက်ဆံရေး**

အင်ဒိုနီးရှားနိုင်ငံဟာလည်း အိန္ဒိယနိုင်ငံအတွက် အရေးကြီးတဲ့ မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကွဲပြားခြားနားတဲ့ လူမှုအဖွဲ့အစည်းတွေရှိကြတဲ့ အာရှဒီမိုကရေစီနိုင်ငံကြီး နှစ်နိုင်ငံဖြစ်သလို သမိုင်းကြောင်းနဲ့ ယဉ်ကျေးမှုအရ ထိတွေ့ဆက်ဆံမှုတွေရှိခဲ့ကြတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ဒ့ါအပြင် အင်ဒိုနီးရှားနိုင်ငံအနေနဲ့ မလက္ကာရေလက်ကြားနဲ့ ဂျာဗားနဲ့ ဆူမားထရားကျွန်းနှစ်ကျွန်းအကြားရှိ ဆန်းဒါးရေလက်ကြား (Sunda Strait) စတဲ့ ပထဝီအနေအထားအရ မဟာဗျူဟာမြောက်နေရာမှာ ရှိနေခြင်းဟာ အိန္ဒိယနိုင်ငံအတွက် အင်ဒိုနီးရှားနိုင်ငံနဲ့ နီးနီးကပ်ကပ်ထိတွေ့ဆက်ဆံဖို့ အကြောင်းရင်းတွေ ဖြစ်လာစေခဲ့ပါတယ်။ တကယ်ဆိုရင် အိန္ဒိယနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့အကြား လွတ်လပ်ရေး ရရှိကြပြီးနောက်ပိုင်း စစ်အေးတိုက်ပွဲကြောင့် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ဆိုပြီး အနီးကပ်ထိတွေ့ဆောင်ရွက်မှုတွေ ရှိခဲ့ပေမယ့်လည်း သက်တမ်းကာလ ကြာရှည်သိပ် မခံခဲ့တာကိုလည်း တွေ့မြင်နိုင်ပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ အရှေ့မျှော်ဝါဒကို ဖော်ထုတ်လာချိန်မှာတော့ အိန္ဒိယနိုင်ငံဟာ အင်ဒိုနီးရှားနိုင်ငံနဲ့ ဆက်ဆံရေးကို ပြန်လည်တိုးမြှင့်လာခဲ့ပါတယ်။ အခုဆိုရင် အင်ဒိုနီးရှားနိုင်ငံဟာ အာဆီယံအဖွဲ့ကြီးအတွင်းမှာ အိန္ဒိယနိုင်ငံရဲ့ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံအထိ ရှိနေပါတယ်။

အိန္ဒိယနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံအကြားမှာ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို ၂၀၀၁ ခုနှစ်မှာ ချုပ်ဆိုခဲ့ပြီး

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ် ၂၀၀၅ ခုနှစ်မှာ တိုးမြှင့်ထားရှိခဲ့ပေမယ့် နှစ်နိုင်ငံအကြား ကာကွယ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုဟာ သိပ်ပြီး သိသာထင်ရှားမှု မရှိခဲ့တာကိုလည်း တွေ့မြင်ရပါတယ်။ နှစ်နိုင်ငံအကြား ရေတပ်သင်္ဘောများအပြန်အလှန်လည်ပတ်မှု၊ ကာကွယ်ရေးတက္ကသိုလ်တွေမှာ သင်တန်းသားတွေ အပြန်အလှန် စေလွှတ်မှု၊ မလက္ကာရေလက်ကြားအဝမှာ ပူးတွဲကင်းလှည့်မှုတွေ ပြုလုပ်တဲ့အဆင့်ကနေ ၂၀၁၂ ခုနှစ်မှာ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုတွေ စတင်ပြုလုပ်လာခဲ့ပါတယ်။ အိန္ဒိယသမုဒ္ဒရာအတွင်းမှာရှိကြတဲ့ အိန္ဒိယနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ဟာ ရေမိုင် ၈၀ ပဲ ကွာဝေးတဲ့ အိမ်နီးချင်းတွေဖြစ်ကြတဲ့အတွက် ရေကြောင်းလုံခြုံရေးကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်ဖို့ အလားအလာတွေ အများကြီးရှိနေပါတယ်။ ဒီအချက်ဟာ အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီလက်ထက်မှာ နိုင်ငံကို ကမ္ဘာ့ရေကြောင်းသွားလာမှုမှာ အဓိကကျတဲ့နိုင်ငံဖြစ်လာစေရေး ရည်မှန်းချက်ကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဖို့အတွက် အခွင့်အလမ်းကောင်းတွေ ဖြစ်လာစေခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံနဲ့ တရုတ်နိုင်ငံအကြား နာတူနာကျွန်း (Natuna Islands) ပိုင်ဆိုင်မှုအပေါ်မှာ အငြင်းပွားမှုရှိနေသော်လည်းပဲ အင်ဒိုနီးရှားနိုင်ငံဟာ တောင်တရုတ်ပင်လယ်အတွင်း နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှုမှာ တိုက်ရိုက်ပါဝင်ပတ်သက်မှုမရှိတာကိုလည်း တွေ့ရပါတယ်။ အာရှဒေသအတွင်း ရေပိုင်နက်အငြင်းပွားမှုတွေကြောင့် အိန္ဒိယနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံအကြား ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်ရှိရေးကိစ္စတွေဟာ နှစ်နိုင်ငံစလုံးရဲ့ အကျိုးစီးပွားဖြစ်တာကြောင့် ပူးပေါင်းဆောင်ရွက်သွားနိုင်မယ့် ကဏ္ဍတွေဖြစ်ပါတယ်။ ဒါကြောင့် အိန္ဒိယနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတွေဟာ တရုတ်နိုင်ငံအတွက်တော့ အထူးအလေးထားစောင့်ကြည့်သွားရမယ့်အနေအထားမှာ မရှိတာကိုလည်း တွေ့မြင်နိုင်ပါတယ်။ ၂၀၁၃ ခုနှစ်နှောင်းပိုင်းမှာ အိန္ဒိယနိုင်ငံဟာ နှစ်နိုင်ငံခေါင်းဆောင်တွေအကြား နှစ်စဉ်ထိပ်သီးဆွေးနွေးမှုတွေ ပြုလုပ်ဖို့ အင်ဒိုနီးရှားနိုင်ငံကို ကမ်းလှမ်းခဲ့ပါတယ်။ ဒီလိုဆွေးနွေးပွဲတွေကို အိန္ဒိယနိုင်ငံဟာ ယခင်က ရုရှားနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့နဲ့သာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပပြုလုပ်တဲ့ အရှေ့အာရှထိပ်သီးအစည်းအဝေးမှာ အိန္ဒိယဝန်ကြီးချုပ် မိုဒီနဲ့ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီတို့ဟာ ခေတ္တခဏတွေ့ဆုံစဉ်မှာ သမ္မတ ဂျိုကိုဝီကို အိန္ဒိယနိုင်ငံကို လာရောက်လည်ပတ်ဖို့ ဖိတ်ကြားခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံနဲ့ ဆက်ဆံရေးတိုးမြှင့်ခြင်းဟာ ဝန်ကြီးချုပ်မိုဒီအနေနဲ့ ပြည်တွင်းမှာ နိုင်ငံရေးအရ ရပ်တည်မှုကို ပိုမိုခိုင်မာလာစေမယ့် အနေအထားမှာရှိပါတယ်။ ကမ္ဘာ့ပေါ်မှာ မူဆလင်ဘာသာဝင် ဦးရေအများဆုံးရှိတဲ့ အင်ဒိုနီးရှားနိုင်ငံနဲ့ ဆက်ဆံရေးတိုးမြှင့်နိုင်ခြင်းဖြင့် မူဆလင်ဘာသာကို ဆန့်ကျင်တယ်လို့ ပြည်တွင်းမှာ သူ့အပေါ် ထင်မြင်မှုတွေကို လျော့နည်းသွားစေမှာ ဖြစ်ပါတယ်။

**"အိန္ဒိယနိုင်ငံအနေနဲ့ အခုလို ဗီယက်နမ်နိုင်ငံနဲ့ မဟာဗျူဟာမြောက် ထိတွေ့ဆက်ဆံမှု တိုးတက်များပြားလာခြင်းအပေါ် ဂရုတစိုက် စောင့်ကြည့်နေမှာ မလွဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမိတ်ဖက်ဆက်ဆံမှုကနေ အိန္ဒိယနိုင်ငံကို တောင်တရုတ်ပင်လယ်အတွင်း ဆွဲခေါ်လာနိုင်တဲ့ အလားအလာတွေရှိနေလို့ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် အောက်တိုဘာအတွင်းမှာ အိန္ဒိယနိုင်ငံရဲ့ နိုင်ငံပိုင်ရေနံ ကုမ္ပဏီကြီးဖြစ်တဲ့ ONGC Videsh Limited ဟာ တောင်တရုတ်ပင်လယ်အတွင်းမှာ ရေနံရှာဖွေရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ ဗီယက်နမ်နိုင်ငံနဲ့ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့"**

**အိန္ဒိယ-သြစတြေးလျဆက်ဆံရေး**

အိန္ဒိယနိုင်ငံရဲ့အရှေ့ဘက်နှင့်ထိတွေ့ဆက်ဆံခြင်းလုပ်ငန်းစဉ်မှာ သြစတြေးလျနိုင်ငံဟာ အရေးကြီးတဲ့နေရာက ပါဝင်နေပါတယ်။ အိန္ဒိယ-သြစတြေးလျနှစ်နိုင်ငံဆက်ဆံရေးဟာ သြစတြေးလျနိုင်ငံအတွင်းမှာ ပညာသင်ကြားနေတဲ့ အိန္ဒိယကျောင်းသားတွေကို တိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့တဲ့ ၂၀၀၉-၂၀၁၀ ကာလအတွင်းမှာ အနိမ့်ဆုံးအနေအထားကို ရောက်ရှိခဲ့ပေမယ့် နောက်ပိုင်းမှာ သိသာထင်ရှားစွာ ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာရော၊ သြစတြေးလျနိုင်ငံမှာပါ ခေါင်းဆောင်သစ်တွေ တက်လာပြီးနောက်ပိုင်း အိန္ဒိယသမုဒ္ဒရာတွင်း ဒီမိုကရေစီနိုင်ငံကြီး နှစ်နိုင်ငံအကြား ဆက်ဆံရေးပြန်လည်မြှင့်တင်ဖို့ အလားအလာတွေ ထွက်ပေါ်လာခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာ ဝန်ကြီးချုပ်မိုဒီ ကျမ်းသစ္စာကျိန်ဆိုပြီးနောက်ပိုင်း ပထမဆုံးလာရောက်လည်ပတ်တဲ့ ပြည်ပနိုင်ငံခေါင်းဆောင်ဟာ သြစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့ (Tony Abott) ဖြစ်ပါတယ်။ ခရီးစဉ်ကနေ နှစ်နိုင်ငံအကြား အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒီစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံအကြား စီးပွားရေးအရ အကျိုးအမြတ်တွေ ရရှိလာစေမယ့်အပြင် အိန္ဒိယနိုင်ငံကို တာဝန်ယူတဲ့ အဏုမြူနိုင်ငံတစ်နိုင်ငံအဖြစ် သြစတြေးလျနိုင်ငံက အသိအမှတ်ပြုရာလည်း ရောက်တဲ့အတွက် နှစ်နိုင်ငံအကြား နိုင်ငံရေးအရ အပြန်အလှန် မယုံကြည်မှုတွေကိုလည်း ပယ်ဖျက်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီ သြစတြေးလျနိုင်ငံကို ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတက်ရောက်ရင်း နှစ်နိုင်ငံခရီးစဉ်ကိုလည်း ဆက်လက် ပြုလုပ်ခဲ့ပါတယ်။ ခရီးစဉ်အတွင်း သြစတြေးလျဝန်ကြီးချုပ် အက်ဘော့နဲ့တွေ့ဆုံပြီး သြစတြေးလျလွှတ်တော်မှာလည်း မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ဝန်ကြီးချုပ် မိုဒီရဲ့ ခရီးစဉ်ဟာ သြစတြေးလျနိုင်ငံကို နှစ်ပေါင်း ၃၀ နီးပါးကာလအတွင်း ပထမဆုံးသွားရောက်ခဲ့တဲ့ အိန္ဒိယဝန်ကြီးချုပ်တစ်ဦးရဲ့ ခရီးစဉ်ဖြစ်လာခဲ့ပါတယ်။ သြစတြေးလျလွှတ်တော်မှာ ပြောကြားတဲ့ မိန့်ခွန်းမှာလည်း ဝန်ကြီးချုပ်မိုဒီက သြစတြေးလျနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့ မျှော်မှန်းချက်တွေထဲမှာ အချက်အချာကျကျနေရာကနေ ပါဝင်လာပြီဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံရဲ့ ဦးစားပေးလုပ်ငန်းစဉ်တွေတိုင်းမှာ သြစတြေးလျနိုင်ငံဟာ အဓိကမိတ်ဖက်နိုင်ငံ ဖြစ်လာပြီဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ ခရီးစဉ်အတွင်း ဝန်ကြီးချုပ်မိုဒီဟာ အိန္ဒိယနွယ်ဖွား သြစတြေးလျနိုင်ငံသား ၁၆၀၀၀ ကျော်ကိုလည်း ဆစ်ဒနီမြို့မှာ တွေ့ဆုံခဲ့ပါတယ်။ ဒီခရီးစဉ်နောက်ပိုင်း အိန္ဒိယနိုင်ငံခြားရေးမူဝါဒမှာ သြစတြေးလျနိုင်ငံကို အလေးထားတဲ့ လက္ခဏာတွေလည်း ထွက်ပေါ်လာခဲ့ပါတယ်။

ဝန်ကြီးချုပ်မိုဒီရဲ့ ခရီးစဉ်အတွင်း ရရှိခဲ့တဲ့ သဘောတူညီချက်တွေအနက် နှစ်နိုင်ငံအကြား ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်သဘောတူညီချက်ကလည်း အရေးပါပါတယ်။ ဒီသဘောတူညီချက်က နှစ်နိုင်ငံအကြား ၂၀၀၉ ခုနှစ်မှာ တိုးမြှင့်ထားတဲ့ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအတွက် လက်တွေ့ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွေ ပေါ်ထွက်လာစေမှာ ဖြစ်ပါတယ်။ ခရီးစဉ်အတွင်းမှာပဲ သြစတြေးလျ - အိန္ဒိယ နှစ်နိုင်ငံအကြား လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ် ချုပ်ဆိုသွားဖို့ စတင်ခဲ့ရာကနေ အခုဆိုရင် နှစ်နိုင်ငံအကြား ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တစ်ရပ် (Comprehensive Economic Partnership Agreement) ရရှိရေး ညှိနှိုင်းဆွေးနွေးနေကြပြီ ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**ယခုဆောင်းပါးတွင် ဖော်ပြထားသည့်အချက်အလက်များသည် စာရေးသူအပါအဝင် လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၏ မူဝါဒများ၊ အယူအဆများကို လေ့လာရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။**

**(စာရေးသူ)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကြိုဆိုထောက်ခံပွဲ ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁- ရာစု ပင်လုံကြိုဆိုထောက်ခံပွဲ အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁) ကနောင်ခန်းမ၌ ယမန်နေ့က ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဦးမြတ်မင်းသူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

လှိုင်သာယာမြို့နယ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁- ရာစု ပင်လုံကြိုဆိုထောက်ခံပွဲကို အမှတ်(၆) ရပ်ကွက် အောင်မြေသာယာအားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက်၊ ၁၃ ရက် မွန်းလွဲ ၂ နာရီမှ ည ၁၀ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါပွဲတွင် တေးဂီတဖျော်ဖြေပွဲနှင့် ဈေးရောင်းပွဲတော်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ် နန့်မြစ်ခတံတား တည်ဆောက်

မြစ်ကြီးနား ဇန်နဝါရီ ၂၈

**နန့်မြစ်ခတံတားသည် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနား သွားကားလမ်းပေါ် မိုင်တိုင်အမှတ် (၄၈၀/၇ နှင့် ၄၈၁/၀) ကြား ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ နန့်မြစ်ခချောင်းပေါ်ဖြတ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစောဇာနည်လှနှင့်အဖွဲ့ တည်ဆောက်နေသော တံတားဖြစ်သည်။**

တံတား တည်ဆောက်ခဲ့သည့် အဆိုပါ နေရာတွင် ယခင်မူလတံတားဟောင်းမှာ သုံးလွှာတစ်ထပ် တစ်လမ်းမောင်း ပေ ၂၆၀ သည် ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်ပြီး အများပြည်သူများ ဖြတ်သန်းသွားလာရာတွင် နှောင့်နှေးကြန့်ကြာမှုနှင့် မကြာမကြာရင်ဆိုင်တွေ့ကြုံခဲ့ရသဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် တံတားအထူးအဖွဲ့(၁)မြစ်ကြီးနားက တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

တံတားအမျိုးအစားမှာ သံကူကွန်ကရစ် ရေလယ်တိုင်၊ သံကူကွန်ကရစ်ကမ်းကပ်ခုံ၊ သံမဏိရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း၊ တံတားအရှည် ၃၀၂ ပေ၊ ယာဉ်သွားလမ်း အကျယ် ၄၈ ပေ၊ လူသွားလမ်းတစ်ဖက် သုံးပေ၊ ခွင့်ပြုယာဉ် အလေးချိန် ယာဉ်တစ်စီးချင်း ၇၅ တန်၊ စီမံကိန်းတန်ဖိုးမှာ ပင်မတံတား ငွေကျပ် ၂၃၁၀ သန်း၊ ချဉ်းကပ်လမ်းနှင့် မြေထိန်း နံရံအတွက်ငွေကျပ် ၈၄၀ သန်းဖြစ်ပြီး တံတားကို ၂၀-၂-၂၀၁၇ က စတင်တည်ဆောက်ခဲ့ပြီး ၂၈-၅-၂၀၁၈ မှာ အပိုင်း (၁) ကိုတည်ဆောက်ပြီးစီးခဲ့သည်။ အပိုင်း (၂) ကို ၃၁-၃-၂၀၁၉ တွင် အပြီးတည်ဆောက်သွားမည်ဟု သိရသည်။



မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်မှ နန့်မြစ်ခတံတား

အဆိုပါ တံတားကြီးပြီးသွားလျှင် ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးဂိတ်မှ မြစ်ကြီးနားသို့လည်းကောင်း၊ ပန်ဝါ၊ ချီဖွေ၊ ဆော့လော်၊ ပန်ဝယ်၊ လွယ်ဂျယ် မြို့များမှ မြစ်ကြီးနားသို့ သွားလာရာတွင် လွယ်ကူချောမွေ့တော့မည်ဖြစ်သည်။

**ခရမ်း-စိုးမြင့်**

# ကန့်ဘလူမြို့နယ်၌ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ် ခွဲစိတ်ကုသပေးမည်

**ကန့်ဘလူ ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ကျန်းမာရေးဦးစီးဌာန ခုတင် ၁၀၀ ပြည်သူ့ဆေးရုံ၌ အေးမြစိုးဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် မျက်စိဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးခြင်းနှင့်ခွဲစိတ်ကုသခြင်းများ ဖေဖော်ဝါရီ ၆ ရက်မှ ၁၈ ရက်အထိ မျက်စိအထူးကုဆရာဝန်ကြီးများ၊ မျက်မှန်ကျွမ်းကျင်ပညာရှင်များနှင့် ကျန်းမာရေးဝန်ထမ်းများက အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ခုတင် ၁၀၀ ပြည်သူ့ဆေးရုံမှ သိရသည်။

မျက်စိစမ်းသပ်စစ်ဆေးခြင်းများကို လောလောဆယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံ၌ စမ်းသပ်စစ်ဆေးပြီး ဖေဖော်ဝါရီ ၁၃ ရက် နောက်ပိုင်းတွင် ကန့်ဘလူမြို့ ညောင်အိုင် အထက(ခွဲ)ကျောင်း ဒေါက်တာဉာဏဝရခန်းမ၌ စမ်းသပ်စစ်ဆေးကာ အသေးစား၊ အကြီးစားခွဲစိတ်ကုသရန်လိုအပ်သည့်လူနာများအား မြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း ဆေးရုံအုပ်ဒေါက်တာနေမိုးက ပြောသည်။

ထိုသို့ မျက်စိစမ်းသပ်စစ်ဆေးကုသပေးရာတွင် ရောဂါဝေဒနာရှင်အလိုက် အကြီးစား၊ အသေးစားခွဲစိတ်ခြင်း၊ ပါဝါမျက်မှန်များ ပေးအပ်ခြင်း၊ စားဆေး၊ သောက်ဆေးနှင့် မျက်စဉ်းခတ်ရန်ဆေးများကို အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

# ကိုရီးယား-မြန်မာ ငြိမ်းချမ်းရေးဓာတ်ပုံပြပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၈**

ကိုရီးယား-မြန်မာ ငြိမ်းချမ်းရေးဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၂၆ ရက် ညနေ ၃ နာရီမှ ၅ နာရီအထိ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၄၁ လမ်း ၇၀×၇၁ ကြားရှိ UCFA တက္ကသိုလ် ခရစ်ယာန်မိဿဟာ အသင်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲကို ဒေါက်တာဦးဝင်းမြင့်နှင့် ခလီဖွာ ဦးသိန်းဝင်းအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဒေါက်တာဦးဝင်းမြင့်က အခမ်းအနား ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်သန်း (ဆိုင်းတန်း) DBCW က ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့စစ်ပွဲများ ရပ်စဲရေးကြေညာစာတမ်း ဥပဒေများကို ရှင်းလင်းတင်ပြသည်။ အခမ်းအနားသို့ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များ၊ စိတ်ပါဝင်စားသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

# အလောင်းမင်းတရားနှင့် မိဖုရားခေါင်ကြီး ခေါင်းလောင်းတော်များ

မောင်သာ(ရှေးဟောင်းသုတေသန)

**သမိုင်းစဉ်ရှည်လျားခဲ့သည့် မြန်မာနိုင်ငံတွင် ရှေးဟောင်းယဉ်ကျေးမှု ဒြပ်ရှိဒြပ်မဲ့ အမွေအနှစ်များစွာသည် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့မှုများကြောင့် ယခုတိုင်ကျန်ရှိနေပေသည်။ ယင်းအမွေအနှစ်များတွင် သမိုင်းမှတ်တမ်းအထောက်အထားများ ရေးထိုးထားသည့် ခေါင်းလောင်းများလည်း ပါဝင်လျက်ရှိရာ ပုဂံ ရွှေစည်းခုံစေတီတွင် ချိတ်ဆွဲထားသည့် ဘုရင့်နောင်မင်းတရား၏ အလှူတော် ခေါင်းလောင်းတွင် ရေးထိုးထားသည့် စာသားများသည် ကမ္ဘာ့ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) ၏ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းတွင် ထည့်သွင်းခြင်းခံခဲ့ရသည်။**



ရွှေချထားသည့် ခြင်္သေ့ရုပ်များပါရှိသည့် အလောင်းမင်းတရားခေါင်းလောင်းတော်။

မြန်မာအဘိဓာန်က ခေါင်းလောင်းဟူသည့် ဝေါဟာရကို "ကြေး၊ ငွေ စသည်ဖြင့် သွန်းလုပ်ထားသည့် လုံးပတ်ဝန်း၍ အဝကားသော တီးခတ်စရာပစ္စည်း"ဟု လည်းကောင်း၊ "အခေါင်းအတွင်းရှိ အဆန်ကိုခတ်လှုပ်၍ အသံမြည်စေသော ခွက်ပုံသတ္တုကိရိယာ"ဟု လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

မြန်မာနိုင်ငံ မြို့ရွာအနှံ့ရှိ စေတီပုထိုးများတွင် အရွယ်မျိုးစုံ ခေါင်းလောင်းများ ချိတ်ဆွဲလှူဒါန်းထားကြသည့်အနက် အများစုသည် ရွှေ၊ ငွေ၊ ကြေးခေါင်းလောင်းငယ်များ ဖြစ်ကြသည်။ ဘုရားစေတီများ၏ ထီးတော်များတွင် အဆန်ပါသော ခေါင်းလောင်းငယ်များကို ဆည်းလည်းများအဖြစ် ချိတ်ဆွဲပူဇော်ကြသကဲ့သို့ အဆန်မပါသော ခေါင်းလောင်းကြီးများကို စေတီတော်အဝန်းအဝိုင်းများအတွင်း၌ ချိတ်ဆွဲထားလေ့ရှိကြသည်။ မြန်မာလူမျိုးများသည် ခေါင်းလောင်းများကို လှုပ်ခတ်၍ဖြစ်စေ၊ ထိုးတံတစ်ခုခုဖြင့် ထိုး၍ဖြစ်စေ ထွက်ပေါ်လာသောအသံများကို နှစ်ခြိုက်လေ့ရှိကြပေသည်။

## ခေါင်းလောင်းသွန်းဓလေ့

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့အခြားနိုင်ငံများတွင်လည်း ခေါင်းလောင်းများကို ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သတ္တု စသည့် ကျိုချက် သွန်းလောင်းနိုင်သည့် တွင်းထွက်ပစ္စည်းများဖြင့် ပြုလုပ်၍ ချိတ်ဆွဲလေ့ရှိခဲ့ကြသည်။ ခေါင်းလောင်းသွန်းလောင်းခြင်းဓလေ့ကို ခရစ်တော်မပေါ်မီ နှစ် ၂၀၀၀ က တရုတ်နိုင်ငံတွင် စတင်ခဲ့သည်ဟု ဆိုကြသည်။ မြန်မာနိုင်ငံသမိုင်းတွင် ပျူခေတ်၌ ခေါင်းလောင်းသွန်းလုပ်ခဲ့သည့် အထောက်အထားတစ်ရပ်အဖြစ် ပျူမြို့ဟောင်းသရေခေတ္တရာမှ တူးဖော်ရရှိခဲ့သည့် ကြေးခေါင်းလောင်းကို ရည်ညွှန်းနိုင်ပေသည်။ ၁၉၆၆ -၁၉၆၇ ခုနှစ်တွင် ဆရာကြီး ဦးစိန်မောင်ဦး ဦးဆောင်သောအဖွဲ့သည် သရေခေတ္တရာတွင် တူးဖော်မှုများဆောင်ရွက်ခဲ့စဉ် ဘုရားမာစေတီ၏ အရှေ့မြောက်ဘက် ပေ ၁၀၀ ရှိ တူးဖော်မှုကုန်းအမှတ် (HMA -8 ) မှ ၁၁ လက်မအမြင့်ရှိကာ သီရိဝစ္ဆနှင့် ဘီလူးပန်းဆွဲပုံများပါရှိပြီး စာသားများ ရေးသားထားခြင်းမရှိသည့် ကြေးခေါင်းလောင်းတစ်လုံးကို ရရှိခဲ့သည်။(ယင်းခေါင်းလောင်းအောက်မှ ကမ္ဘာကျော် ကချေသည်ရုပ်ငါးရုပ်ကို ရရှိခဲ့သည်။)

မှတ်တမ်းများအရ ကွမ်းခြံကုန်းမြို့နယ် လက်ခိုက်ကျေးရွာရှိ မြန်မာသက္ကရာဇ် ၈၀၀ ပြည့်နှစ်ထိုး ခေါင်းလောင်းသည် မြန်မာနိုင်ငံ၏ အစောဆုံးခေါင်းလောင်းဖြစ်ပြီး ဒုတိယအစောဆုံးခေါင်းလောင်းမှာ မော်လမြိုင်မြို့ မြသိန်းတန်စေတီရှိ မြန်မာသက္ကရာဇ် ၈၉၉ ခုနှစ်ထိုး ခေါင်းလောင်းဖြစ်၍ ဘုရင့်နောင်ခေါင်းလောင်းသည် တတိယအစောဆုံးဖြစ်သည်။ ပုဂံ သဗ္ဗညုစေတီတော်အနီးရှိ အုတ်ထောက်တိုင်ကြီး နှစ်ခုကို ထောက်ဆ၍ ပုဂံခေတ်တွင် ခေါင်းလောင်းများ သွန်းလုပ်ခဲ့ဖွယ်ရှိနိုင်ကြောင်း ယူဆကြသော်လည်း ပုဂံခေတ်လက်ရာ ခေါင်းလောင်းများကိုမူ မတွေ့ရှိကြရသေးပါချေ။ သို့သော် ပုဂံခေတ် ကျန်စစ်သားမင်းလက်ထက်တွင် ကြေးစင် ၁၀၀၀ စီသွန်းလုပ်သော ခေါင်းလောင်းကြီး ငါးလုံးကို ရွှေစည်းခုံဘုရားတွင် သုံးလုံး၊ အာနန္ဒာဘုရားတွင် တစ်လုံး၊ မင်းအိုချမ်းသာဘုရားတွင် တစ်လုံးလှူဒါန်းခဲ့ကြောင်းနှင့် အလောင်းစည်သူမင်းလက်ထက်တွင် ကြေးစင် တုလာ ၁၀၀၀၀ ကို သွန်းသောခေါင်းလောင်းကြီးနှစ်လုံးကို သဗ္ဗညုဘုရားတွင် တစ်လုံး၊ ရွှေကူဘုရားတွင် တစ်လုံးလှူခဲ့ကြောင်း ဦးကုလား မဟာရာဇဝင်တွင် ရေးသားထားသည်။

မြန်မာနိုင်ငံတွင် အစောဆုံးတွေ့ရှိရသော ကမ္ပည်းစာများ ရေးထိုးထားသည့် ခေါင်းလောင်းသည် ၁၉၁၈ ခုနှစ်တွင် ရခိုင်ပြည်နယ် ဝေသာလီမြို့ဟောင်းအနီး ပြိုင်းထောင်းကျေးရွာမှ တွေ့ရှိခဲ့သည့် အမြင့် ၁၁ ဒသမ ၈ စင်တီမီတာ၊ အဝ ၁၀ ဒသမ ၅ စင်တီမီတာနှင့်အထူ ၁ စင်တီမီတာရှိသည့် ကြေးခေါင်းလောင်းဖြစ်သည်။ ယင်းခေါင်းလောင်းကို ဂုဏ်ထူးဆောင် ကျောက်စာဝန်ဦးစံရွှေဘုက တွေ့ရှိခဲ့ပြီး ခေါင်းလောင်းပေါ်တွင် ရေးထိုးထားသည့် ကမ္ပည်းစာကြောင်းနှစ်ကြောင်းကို အေဒီ ခုနှစ်ရာစုတွင် ရေးထိုးခဲ့ကြောင်း အိန္ဒိယနိုင်ငံ ကမ္ပည်းကျောက်စာဌာနမှ ပညာရှင် ခရစ်ချ်နားရှပ်စ်ထရီက မှတ်ချက်ပြုခဲ့သည်။

အလားတူ ကမ္ပည်းစာရေးထိုးထားသည့် ခေါင်းလောင်းတစ်လုံးကို ၁၉၆၆ ခုနှစ်တွင် ရခိုင်ပြည်နယ် ဝေသာလီမြို့ဟောင်း အနောက်တောင်ဘက် အပြင်မြို့ရိုးအနီး ခတ်တော်စေတီမှ ထပ်မံရရှိခဲ့သည်။ ယင်းခေါင်းလောင်းပါ စာသားများကို အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာနက အေဒီ ခြောက်ရာစုအက္ခရာ အရေးအသားများဟု ခန့်မှန်းခဲ့သည်။

## ကုန်းဘောင်ခေတ် ခေါင်းလောင်းများ

မြန်မာနိုင်ငံတွင် အင်းဝနှင့် တောင်ငူခေတ်က သွန်းလောင်းခဲ့သည့် ခေါင်းလောင်းအချို့သည် နယ်ချဲ့တို့ ယူဆောင်သွားခဲ့မှုများကြောင့် ဆုံးရှုံးခဲ့ရသည်။ နယ်ချဲ့များသည် အချို့ခေါင်းလောင်းများကို ယင်းတို့ နိုင်ငံသို့ သယ်ယူရန် ကြိုးပမ်းခဲ့ကြရာ စဉ့်ကူးမင်း ခေါင်းလောင်းတော်ကဲ့သို့ သယ်ယူ၍ မရသောခေါင်းလောင်းများရှိသကဲ့သို့ ပြည်ပရောက်ရှိပြီးမှ ပြည်တော်ပြန်ခဲ့သည့် ခေါင်းလောင်းများလည်း ရှိခဲ့ပေသည်။

မြန်မာနိုင်ငံတွင် ယနေ့တည်ရှိနေသည့် ရှေးခေတ်ခေါင်းလောင်းများအနက် မင်းကွန်းခေါင်းလောင်း၊ သာယာဝတီမင်း ခေါင်းလောင်းတော်နှင့် စဉ့်ကူးမင်းခေါင်းလောင်းတို့သည် အထူးထင်ရှားကြကာ ယင်းခေါင်းလောင်းများကို ကုန်းဘောင်ခေတ်တွင် သွန်းလောင်းခဲ့သည်။ သာယာဝတီမင်း ခေါင်းလောင်းတော်၊ စဉ့်ကူးမင်းခေါင်းလောင်းတော်များကို ရန်ကုန်မြို့ ရွှေတိဂုံစေတီရင်ပြင်ပေါ်တွင် မြင်တွေ့နိုင်သကဲ့သို့ မင်းကွန်းခေါင်းလောင်းကြီးကို စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းတွင် မြင်တွေ့ကြရပေသည်။

ကုန်းဘောင်ခေတ်အတွင်းက ဘုရင်များ၊ အမတ်များနှင့် ပြည်သူများသည် ဘုရားစေတီများနှင့် သာသနိက အဆောက်အအုံများစွာကို လှူဒါန်းခဲ့ကြကာ ခေါင်းလောင်းများကိုလည်း သွန်းလောင်းခဲ့ကြသည်။ ခရစ်နှစ် ၁၇၅၂ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ ၁၃၃ နှစ် ကြာရှည်ခဲ့သည့် ကုန်းဘောင်ခေတ်အတွင်း အလောင်းဘုရား ဦးအောင်ဇေယျမှ သီပေါဘုရင်အထိ ဘုရင် ၁၁ ပါး စိုးစံခဲ့ရာ ဘုရင်ခုနစ်ပါးသည် သမိုင်းဝင် ခေါင်းလောင်းတော် ကိုးလုံးကို သွန်းလုပ်ခဲ့သည်။ ယင်းခေါင်းလောင်းများကို ကမ္ပည်းစာများ ရေးထိုး၍ စေတီပုထိုးများတွင် လှူဒါန်းချိတ်ဆွဲထားခဲ့ကြရာ ရန်ကုန်မြို့တွင် နှစ်လုံး၊ မန္တလေးမြို့တွင် နှစ်လုံး၊ ရွှေဘိုမြို့၊ စစ်ကိုင်းမြို့၊ မြန်အောင်မြို့၊ အမရပူရမြို့နှင့် မင်းကွန်းတွင် တစ်လုံးစီ တည်ရှိနေကြသည်။

## ငါးမည်ရ ပြည်ရွှေဘို

အလောင်းမင်းတရား ဦးအောင်ဇေယျ တည်ထောင်ခဲ့သည့် ရွှေဘိုမြို့သည် ကုန်းဘောင်ခေတ် ပထမဆုံးမြို့တော်အဖြစ် မုဆိုးဖို၊ ကုန်းဘောင်၊ ရန်ကြီးအောင်၊ ရတနာသိင်္ခ၊ ရွှေဘိုဟူ၍ အမည်ငါးမျိုးဖြင့် ထင်ရှားခဲ့သည်။ ရွှေဘိုသည် အလောင်းမင်းတရားဦးအောင်ဇေယျလက်ထက် (ခရစ်နှစ် ၁၇၅၂- ၁၇၆၀) နှင့် သားဖြစ်သူ တပယင်းမင်းလက်ထက် (ခရစ်နှစ် ၁၇၆၀- ၁၇၆၃) တွင် မင်းနေပြည်တော်ဖြစ်ခဲ့သည်။ သို့သော် ဆင်ဖြူရှင်မင်း(ခရစ်နှစ် ၁၇၇၃- ၁၇၇၆ ) သည် ရွှေဘိုတွင် နှစ်နှစ်နန်းစံပြီး အင်းဝသို့ ပြောင်းရွှေ့နန်းစိုက်ခဲ့သဖြင့် ရွှေဘိုသည် ခရစ်နှစ် ၁၇၇၅ ခုနှစ်တွင် ကုန်းဘောင်ခေတ်မြို့တော်အဖြစ်မှ အဆုံးသတ်ခဲ့သည်။

> **"ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ရွှေဘိုမြို့ရှိ မြို့ရိုးဟောင်း၊ ကျောက်စာရုံများ၊ အလောင်းမင်းတရား ပြာသာဒ်ဂူနှင့် ရွှေဘုံရတနာ မင်္ဂလာနန်းတော်တို့ကို ထိန်းသိမ်းထားပြီး အလောင်းမင်းတရားနှင့် မိဖုရားခေါင်ကြီးတို့၏ အလှူတော် ခေါင်းလောင်းတော်နှစ်လုံးကို ရွှေချက်သိုစေတီတော် ဂေါပကအဖွဲ့ စောင့်ရှောက်ထား"**

လက်ရှိအချိန်တွင် ရွှေဘိုမြို့သည် မန္တလေးမြို့မှ မြောက်ဘက်သို့ ၇၉ မိုင်ကွာဝေးကာ မီးရထား၊ မော်တော်ကားတို့ဖြင့် အလွယ်တကူ သွားရောက်နိုင်သည်။ ရွှေဘိုမြို့နယ်ကို ရပ်ကွက် ၁၄ ခု၊ ကျေးရွာအုပ်စု ၇၂ အုပ်စု၊ ကျေးရွာ ၁၆၉ ရွာဖြင့် ဖွဲ့စည်းထားကာ ၂၀၁၇ ခုနှစ် မတ်လတွင် ထုတ်ပြန်သည့် စာရင်းများအရ လူဦးရေ ၂၆၁၈၇၅ ဦး နေထိုင်လျက်ရှိသည်။

ရောဝတီမြစ်နှင့် မူးမြစ်ကြားတွင်တည်ရှိသည့် ရွှေဘိုမြို့သည် ဒီပဲယင်း၊ ခင်ဦးနှင့် ဝက်လက်မြို့နယ်တို့နှင့် ထိဆက်နေကာ ကုန်းဘောင်ခေတ် သမိုင်းအထောက်အထားများစွာ ကျန်ရှိနေသည့် ဒေသဖြစ်သည်။ ရွှေဘိုမြို့တွင် အလောင်းမင်းတရား ဦးအောင်ဇေယျ တည်ထားခဲ့သည့် မော်ခေါမြင်သာ ခေါ်မြို့ထောင့်၊ ရွှေချက်သိုနှင့် ရွှေတန်ဆာတို့သည် အထူးထင်ရှားသည့် စေတီတော်များဖြစ်ကြသည်။ ချမ်းသာကြီးချမ်းသာရ၊ ရွှေသိမ်ဦးနှင့် နိဗ္ဗာန်ဆိပ်ဦး စေတီတို့သည်လည်း ရွှေဘိုမြို့၏ ထင်ရှားသော ဘုရားများဖြစ်ကြသည်။

အလောင်းမင်းတရားသည် ရွှေဘိုမြို့ကို ကျုံး၊ မြို့ နန်းနှင့်၊ နတ်ကွန်း ပဟိုရ်၊ ရွှေချက်သိုက၊ ရေညိုမြဟန်နန္ဒကန်ဟု အမှတ်အသားပြုသည့်အတိုင်း နန်းတော်၊ မြို့ ၊ ကျုံး၊ နတ်ကွန်း၊ ရေကန်၊ ပဟိုရ်စင်နှင့် ရွှေချက်သို စေတီဟူသည့် မြို့နန်းတည် ခုနစ်ဌာနကို တစ်ပြိုင်တည်း တည်ခဲ့သည်။



မနုသီဟနှင့် နရားရုပ်များပါရှိသည့် မယ်ယွန်းစံ ခေါင်းလောင်း။

အလောင်းမင်းတရား နောက်ပိုင်းတွင် စစ်ကိုင်း၊ အမရပူရ၊ အင်းဝနှင့် မန္တလေးတို့သည် ကုန်းဘောင်မြို့တော်များဖြစ်ခဲ့သော်လည်း ရွှေဘိုသည် အောင်မြေနန်းရာဌာနအဖြစ် ထင်ရှားခဲ့ကာ ဘိုးတော်ဘုရားဗဒုံမင်း၊ သာယာဝတီမင်းနှင့် မင်းတုန်းမင်းတို့သည် မင်းသားဘဝများတွင် ရွှေဘိုအောင်မြေကိုနင်းကာ ထီးနန်းကို ကြံစည်ခဲ့ကြသည်။ ယခုတိုင် ရွှေဘိုတွင် အောင်မြေကိုးဌာနရှိကာ အောင်မြေလာနင်းကြသူများကို နေ့စဉ်တွေ့မြင်နိုင်ကြပေသည်။ အောင်မြေများသို့ လာရောက်ကြသူများသည် မိမိတို့ ယုံကြည်မှုများအရ အောင်မြေများတွင် စိုက်ထူထားသည့် မဏ္ဍိုင်ကို ကိုးပတ်လှည့်၍ မြေကြီးကိုနင်းကာ ဆုတောင်းလေ့ရှိကြသည်။

## အလောင်းမင်းတရား ခေါင်းလောင်းတော်

အလောင်းမင်းတရားဦးအောင်ဇေယျ (ခရစ်နှစ် ၁၇၅၃- ၁၇၆၀) သည် မုဆိုးဖိုရွာကို အခြေပြုလျက် အရှေ့ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်တွင် ရခိုင်ဒေသမပါ ချင်းပြည်နယ်၊ မြောက်ဘက်တွင် ကချင်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီကမ်းရိုးတန်းအဆုံး အထိကျယ်ဝန်းသော မြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည်။

ရွှေဘိုမြို့ရှိ ရွှေချက်သိုစေတီဝင်းအတွင်း ချိတ်ဆွဲထားသည့် ခေါင်းလောင်းနှစ်လုံးသည် အလောင်းမင်းတရား သွန်းလုပ်ခဲ့သည့် ခေါင်းလောင်းနှင့် အလောင်းမင်းတရားကြီး၏ မိဖုရားခေါင်ကြီး၏ မယ်ယွန်းစံ လှူဒါန်းခဲ့သည့် ခေါင်းလောင်းတို့ ဖြစ်ကြသည်။

အလောင်းမင်းတရား ခေါင်းလောင်း၏ ခါးစည်းအထက်တွင် ခေါင်းလောင်းစာများကို မြန်မာဘာသာဖြင့် ရေးထိုးထားရာ ဇေယျတု၊ တရာတပါး၊ လူမျိုးများလည်း၊ ကျော်ကြားသတင်း၊ စောရန်ခွင်ကို၊ မညင်မဆန်၊ ပုံကန်မဝန်၊ စောင်မန်ညန်လျက်၊ အလှန်ပတ်ကုန် ဇမ္ဗူလုန်ကို၊ ယူကြုန်၊ ပိုင်တော်မူစေသော်ဝ် (မူရင်းသတ်ပုံအတိုင်း) ဟု ဖတ်ရှုနိုင်ကြသည်။ သို့သော် လက်ရှိအချိန်တွင် နှစ်ကာလရှည်ကြာလာမှုကြောင့် စာသားများ မှေးမှိန်စပြုနေပြီဖြစ်သည်။

အလောင်းမင်းတရား ခေါင်းလောင်းတွင် ခြင်္သေ့၊ ကျား၊ ဆင်နှင့် နဂါးရုပ်များပါရှိကာ ယင်းအရုပ်များပတ်လည်တွင် ဥုံ စတုဒီသာ အစချီသော ဂါထာကို ရေးထိုးထားသည်။ ခြင်္သေ့ရုပ်၏ ဝမ်းဗိုက်အောက်ရှိ သုံးကွက်ပတ်လည် အင်းကွက်အတွင်း၌ ပါဠိဂါထာ စကားလုံးတစ်လုံးစီကို ရေးသားထားသည်။

အလောင်းမင်းတရား၏ ခေါင်းလောင်းသည် အခြားကုန်းဘောင်ဘုရင်များလှူဒါန်းသည့် ခေါင်းလောင်းများကဲ့သို့ မဂ်ဖိုလ် နိဗ္ဗာန်ကို တောင်းဆုပြုသည့် သဒ္ဒါန အလှူတော်မဟုတ်ဘဲ လောကီအကျိုးစီးပွားအတွက် လှူဒါန်းခဲ့သည့် ခေါင်းလောင်းဖြစ်သည်။

*စာမျက်နှာ ၂၁ သို့*

# အင်းတော်မြို့နယ် ကြာအင်းရွာအနီးရှိ ဂျပန်မြေအောက်ဆေးရုံ ဆက်လက်တူးဖော်ရန် နည်းပညာနှင့် ငွေကြေးလိုအပ်နေ

အင်းတော် ဇန်နဝါရီ ၂၈

**စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကြာအင်းကျေးရွာအနီးရှိ ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သည့် ဂျပန်မြေအောက်စစ်ဆေးရုံဟောင်းကို ဒေသခံများက ကိုယ့်အားကိုယ်ကိုး တူးဖော်နေရာ နည်းပညာနှင့် ငွေကြေးလိုအပ်နေကြောင်း တူးဖော်ရာတွင် ပါဝင်သည့် ဒေသခံများက ပြောသည်။**

အင်းတော်မြို့နယ် ကြာအင်းကျေးရွာအနီးရှိ ဒုတိယကမ္ဘာစစ် ခေတ်ကျန် ဂျပန်မြေအောက်ဆေးရုံကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်းက စတင်တွေ့ရှိခဲ့ပြီး ဒေသအာဏာပိုင်များနှင့် ဒေသခံတို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး တူးနေရာ ယခုအချိန်အထိ တူးဖော်ထားသည့် ဂူပေါက်ဝ သုံးခုရှိပြီး နောက်ထပ် တူးဖော်ရမည့် ဂူပေါက် ၁၀ ခုခန့် ကျန်ရှိနေကြောင်း သိရသည်။

"စတူးဖော်ရာမှာ ဓား၊ ဦးထုပ်၊ ကျည်ဆန်ခွံတို့ကို တွေ့ရတယ်။ ဂူပေါက်ရဲ့ အဝ ဘေးဝဲယာမှာ ဆေးပုလင်းတွေလည်း တွေ့ရတယ်။ ဒီနေရာမှာ မြေအောက်ဆေးရုံတွေ့ရှိခဲ့ရင် ဒီနေရာဟာ ခရီးသွားတွေ လည်ပတ်စရာဖြစ်လာမယ်။ နိုင်ငံခြားသားတွေလည်း လာလေ့လာမယ်။ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေတိုးမယ်။ ဒေသခံတွေလည်း အလုပ်တွေ ပေါ်လာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တူးတာပါ။ ဆက်လက်တူးဖော်ဖို့ နည်းပညာနဲ့ ငွေကြေးလိုအပ်နေပါတယ်"ဟု ကြာအင်းရွာမှ ကိုဝင်းကိုက ပြောသည်။

ဂျပန်စစ်ဆေးရုံဟောင်း တူးဖော်သည့်နေရာသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်သည် ဒီဇင်ဘာ ၂၅ ရက်က လာရောက်ကြည့်ရှုခဲ့ပြီး အင်းတော်မြို့နယ်ရှိ ဒုတိယကမ္ဘာစစ်ခေတ်ကျန် ဂျပန်မြေအောက် ဆေးရုံကို ဆက်လက်တူးဖော်ရန် ပြည်ထောင်စုအစိုးရနှင့် ချိတ်ဆက်ကာ ညွှန်ကြားမှုခံယူ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘတ်ဂျက်ရရှိရေးအတွက်တင်ပြသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်က ပြောကြားသည်။ **ကိုမင်း(အင်းတော်)**



မြေအောက်စစ်ဆေးရုံဟောင်း တူးဖော်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

## ခင်ဦးမြို့နယ်ရှိ ခြသေ့်ဂူအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ လေ့လာ

**ခင်ဦး ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် သမိုင်းဝင်အညာသီဟတောစေတီအနီးရှိ ခြသေ့်ဂူအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ (ဟန်လင်း)မှ ဦးစီးအရာရှိ ဦးစောနိုင်ဦးနှင့်အဖွဲ့သည် ယမန်နေ့က သွားရောက်လေ့လာသည်။

အဆိုပါအဖွဲ့သည် ခြသေ့်ဂူရှိ ဆင်းတုတော်များ၏ ပုံသဏ္ဌာန်နှင့် အုတ်ရိုးများကို လေ့လာခဲ့ရာ ကုန်းဘောင်ခေတ်ဦးက လက်ရာများဟု ယူဆကြောင်း၊ ခင်ဦးမြို့တွင် ကုန်းဘောင်ခေတ် ဦးအောင်ဇေယျ အဆင့်မြှင့်တင် တူးဖော်ခဲ့သည့် တူးမြောင်းနှင့် ရှေးခေတ် ရေအရင်းအမြစ်များ ရရှိအောင် ဆောင်ရွက်ခဲ့မှုများကို သမိုင်းကွင်းဆက် ချိတ်ဆက်နိုင်ရန် လေ့လာနေကြောင်း၊ ပင်တင်းကျေးရွာ၊ ညောင်ကန်ကျေးရွာ၊ ကွမ်းတိုင်းကျေးရွာနှင့် သံဘိုကျေးရွာတို့ကိုလည်း ဆက်လက်လေ့လာနေကြောင်း ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ (ဟန်လင်း)မှ ဦးစီးအရာရှိက ပြောသည်။

**စိုးဝေအောင် (ခင်ဦး)**



ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ ခြသေ့်ဂူအား လေ့လာရေးဆောင်ရွက်နေစဉ်။

## ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် လူစီးအမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ ပုံမှန်ပြေးဆွဲပေး

**မုံရွာ ဇန်နဝါရီ ၂၈**

ချင်းတွင်းမြစ်ဝမှ အထက်ပိုင်း ရေမိုင် (၃၅၀) အထိသည် ရေလမ်းကြောင်း ကောင်းမွန်သဖြင့် ကုန်တင်ရေယာဉ်များ၊ လူစီးအမြန်ရေယာဉ်များနှင့် တွဲသင်္ဘောကြီးများ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်း၏ ပြောကြားချက်အရ သိရသည်။

"ပြီးခဲ့တဲ့မိုးရာသီမှာ ချင်းတွင်းမြစ်ရေက တစ်ကြိမ်တည်းပဲ မြင့်တက်ခဲ့တယ်။ အဲဒီတစ်ကြိမ်တည်းနဲ့ ချင်းတွင်းမြစ်ရေက ဧရာဝတီမြစ်နဲ့သွားဆုံတဲ့အခါမှာ သဲတွေက ချင်းတွင်းမြစ်အောက်ပိုင်းဖြစ်တဲ့ ချောင်းဦးမြို့နယ် (အမြင့်မြို့ဟောင်း)အတွင်းမှာ ဧရာဝတီမြစ်ရေထောက်တော့ သဲတွေကမြစ်ဝကို ကျော်လွန်ပြီး မျောပါသွားတာနည်းပြီး သဲတင်ကျန်မှုများတယ်။ ချင်းတွင်းမြစ်ရဲ့ သဘောက အမြဲတမ်းမြစ်ကြောင်းကျပ်တာလည်း မဟုတ်ဘူး။ သုံးရက်လောက် ရေကြောင်းကျပ်ပြီးရင် ပြန်ကောင်းသွားပြန်တယ်။ မြစ်ရေကလည်း တစ်ကြိမ်တည်းပဲ ကြီးခဲ့တာဆိုတော့ မြစ်ကြောင်းတစ်လျှောက်မှာ သဲတွေက တင်ကျန်နေခဲ့တယ်။ သဲတွေတင်ကျန်ခဲ့တော့ ရေခွဲ၊ ရေဝေလို့ခေါ်တဲ့ ၁၂ လပိုင်းနဲ့ တစ်လပိုင်းအချိန်မှာ တင်ကျန်တဲ့သဲတွေက များတဲ့အတွက် ရေကြောင်းကျပ်တာပါ"ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး)မှ လက်ထောက် ညွှန်ကြားရေးမှူးက ပြောသည်။

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် မြစ်ရေနည်းပါးချိန်များတွင် ကုန်တင်ရေယာဉ်များ၊ လူစီးအမြန်ရေယာဉ်များ လမ်းခရီးတွင် အဆင်ပြေချောမွေ့စေရန်နှင့် အန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ် ရေလမ်းကြောင်းအတိုင်း ရေပေါ်အမှတ်အသား၊ ကမ်းပေါ် အမှတ်အသားများကို ကြည့်ရှုပြီး ဂရုပြုမောင်းနှင်ကြရန် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**



မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းတွင် ဆိုက်ကပ်ထားသော အမြန်ရေယာဉ်များကို တွေ့ရစဉ်။

## ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေး

**ပုသိမ် ဇန်နဝါရီ ၂၈** - ပုသိမ်မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ (သစ္စာ)စီမံချက်ဖြင့် ပုသိမ်မြို့ အမှတ်(၁၃)ရပ်ကွက် မြက်သိုအခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် ယနေ့ နံနက်မှစပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ပုသိမ်မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ၂၀၁၈ ခုနှစ်အတွင်း မြို့ပေါ်ရပ်ကွက်များအားလုံးနှင့် အခြေခံပညာကျောင်းများအပါအဝင် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ၄၇၀၀ ကျော်ကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း (သစ္စာ)စီမံချက်ဖြင့် ဆက်လက်ဆောင်ရွက်ပေးခဲ့ရာ အခြေခံပညာကျောင်းနှစ်ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၄၀၀ခန့်ကို ပြုလုပ်ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။ **မင်းထွန်းဇော်**

*စာမျက်နှာ ၂၀ မှ*

အလောင်းမင်းတရားသည် အတုလယသ မဟာ ဓမ္မရာဇာဓိ ရာဇာဂုရု ဘွဲ့တံဆိပ်တော်ရ အတုလဆရာတော် အရှင်ယသ၏ အကြံဉာဏ်များအတိုင်း တိုင်းရေးပြည်မှုများကို ဆောင်ရွက်ခဲ့ရာ ခက်ခဲသောကိစ္စများတွင် အောင်မြင်မှုများ ရရှိခဲ့သည်။ ထို့ကြောင့် အလောင်းမင်းတရားသည် မိမိ၏ ဘုန်းတန်ခိုးအာဏာကြီးထွား၍ ရန်အပေါင်းကို အောင်နိုင်ရန် ရည်ရွယ်လျက် အတုလဆရာတော်၏ ညွှန်ကြားမှုအတိုင်း ခေါင်းလောင်းကို သွန်းလုပ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ဆရာကြီး ဦးစိန်မောင်ဦးက ကောက်ချက်ချခဲ့သည်။

ရွှေချက်သိုစေတီဝင်းအတွင်းရှိ အလောင်းမင်းတရား ခေါင်းလောင်းတော်သည် အမြင့် ၂၈ လက်မ၊ အချင်းဝက် ၂၅ လက်မ၊ အထူ သုံးလက်မရှိပြီး ခေါင်းလောင်းလုံးပတ်သည် အောက်ခြေတွင် ၇၇ လက်မ၊ ခါးပတ်နေရာတွင် ၆၇ လက်မနှင့် ထိပ်တွင် ၅၇ လက်မရှိသည်။ ခေါင်းလောင်းချိတ်၌ ရှစ်လက်မစီ အမြင့်ရှိသည့် ခြသေ့်ရုပ်နှစ်ရုပ် သွန်းလုပ်ထားသည်။

### မိဖုရားခေါင်ကြီး ခေါင်းလောင်းတော်

အလောင်းမင်းတရား၏ မိဖုရားခေါင်ကြီး မယ်ယွန်းစံ၏ ခေါင်းလောင်းတော်သည် အလောင်းမင်းတရား၏ ခေါင်းလောင်းအောက် အနည်းငယ်သေးငယ်ကာ အမြင့် ၂၆ လက်မ၊ အချင်းဝက် ၂၃ လက်မ၊ အထူ နှစ်လက်မရှိပြီး လုံးပတ်အဝန်းသည် အောက်ခြေတွင် ၇၅ လက်မ၊ ခါးပတ်နေရာတွင် လက်မ ၆၀ နှင့် ထိပ်တွင် ၅၁ လက်မရှိသည်။ ခေါင်းလောင်းချိတ်၌ ၁၁ လက်မစီ အမြင့်ရှိသည့် နရားရုပ် နှစ်ရုပ်နှင့် ၁၂ လက်မစီ မြင့်သည့် မနုသီဟရုပ် နှစ်ရုပ်ကို ပြုလုပ်ထားသည်။

အလောင်းမင်းတရား ခေါင်းလောင်းတော်တွင် သွန်းလုပ်သည့် သက္ကရာဇ်ကို ရေးထိုးထားခြင်း မရှိသော်လည်း မိဖုရားခေါင်ကြီး မယ်ယွန်းစံ၏ ခေါင်းလောင်းတွင် မြန်မာသက္ကရာဇ် ၁၁၂၈ ခုနှစ် တော်သလင်းလဆန်း ၆ ရက်တွင် သွန်းလုပ်လှူဒါန်းခဲ့ကြောင်း ရေးထိုးထားခဲ့ရာ ယင်းရက်စွဲသည် ခရစ်နှစ် ၁၇၆၆ ခုနှစ် စက်တင်ဘာလ ၉ ရက် ဖြစ်သဖြင့် နှစ်ပေါင်း ၂၅၀ ကျော်ခဲ့ပြီဖြစ်ပေသည်။

မိဖုရားခေါင်ကြီး မယ်ယွန်းစံခေါင်းလောင်းတွင် အထက်ဖောင်းရစ်အပေါ်၌ ပါဠိဘာသာ ကမ္ဗည်းစာသုံးကြောင်းနှင့် အောက်တွင် ပါဠိတစ်ချက်၊ မြန်မာဘာသာပြန် နိဿယ တစ်ချက် ကမ္ဗည်းစာ ၁၀ ကြောင်း ရေးထိုးထားသည်။ ခေါင်းလောင်းစာတွင် သာသနာသက္ကရာဇ် ၂၂၉၇ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၁၂၈ ခုနှစ် တော်သလင်းလဆန်း ၆ ရက် အင်္ဂါနေ့တွင် ပြီးစီးအောင်မြင်ကြောင်း ရေးထိုးထားသည်။

ထို့အတူ ရွှေချက်သို စေတီတော်သည် သာသနာတော်နှစ် ၅၀၀၀ ကြာ တည်တံ့ပါစေကြောင်းအပါအဝင် တောင်းဆုများကို ရေးထိုးခဲ့ရာ ယင်းတို့သည် ကုန်းဘောင်ခေတ်၏ သမိုင်းမှတ်တမ်းအထောက်အထားများ ဖြစ်လာခဲ့ပေသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ရွှေဘိုမြို့ရှိ မြို့ရိုးဟောင်း၊ ကျောက်စာရုံများ၊ အလောင်းမင်းတရား ပြာသာဒ်ဂူနှင့် ရွှေဘုံရတနာ မင်္ဂလာနန်းတော်တို့ကို ထိန်းသိမ်းထားပြီး အလောင်းမင်းတရားနှင့် မိဖုရားခေါင်ကြီးတို့၏ အလှူတော် ခေါင်းလောင်းတော်နှစ်လုံးကို ရွှေချက်သိုစေတီတော် ဂေါပကအဖွဲ့ စောင့်ရှောက်ထားသည်။ သို့သော် ခေါင်းလောင်းများထားရှိသည့် နေရာသည် အမိုးအကာများ မရှိသဖြင့် ခေါင်းလောင်းများသည် ရာသီဥတုဒဏ်ကြောင့် ထိခိုက်မှုများရှိလာခဲ့ကာ အလောင်းမင်းတရား ခေါင်းလောင်းတော် ခြသေ့်ရုပ်မှ အင်းကွက်နှင့် စာများသည် မှေးမှိန်စပြုနေကာ မိဖုရားခေါင်ကြီး မယ်ယွန်းစံခေါင်းလောင်းတွင် စာသားအချို့သည်လည်း မှုန်ဝါးစပြုလာခဲ့သည်။

မည်သို့ပင်ဖြစ်စေ ရွှေဘိုမြို့သို့ ရောက်ရှိလာကြသူများသည် ကုန်းဘောင်မင်းဆက်ကို ထူထောင်ခဲ့သည့် အလောင်းမင်းတရား ဦးအောင်ဇေယျနှင့် မိဖုရားခေါင် မယ်ယွန်းစံတို့ လှူဒါန်းခဲ့သည့် သမိုင်းအမွေအနှစ် ခေါင်းလောင်းတော်များကို သွားရောက်လေ့လာသင့်ကြပါပေသည်။

**ကိုးကား- ကုန်းဘောင်ခေတ်လက်ရွေးစင် ခေါင်းလောင်းစာများ (ဦးစိန်မောင်ဦး)၊ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး (ဦးမောင်မောင်တင်)**

# စာကြည့်တိုက်ဆိုတာက ဖွင့်ရတာ လွယ်ပါတယ်။ ထိန်းသိမ်းရတာ ခက်ပါတယ်။ ရေရှည်တည်တံ့ဖို့အတွက် လုပ်သင့်တဲ့ အချက်လေးတွေ ရှိပါတယ်

အမှုဆောင်ဒါရိုက်တာ ဒေါက်တာ သန့်သော်ကောင်း
(မြန်မာစာပေပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု ပရဟိတအဖွဲ့)

## စာကြည့်တိုက်အသုံးပြုမှုဆိုင်ရာ ပညာရေးစကားဝိုင်း

**စာကြည့်တိုက်အသုံးပြုမှုဆိုင်ရာ ပညာရေးစကားဝိုင်း အပိုင်း (၁) နှင့် (၂) ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ စကားဝိုင်းဆွေးနွေးပွဲတွင် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သစ်သစ်ခိုင်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် စာကြည့်တိုက်မှူးကြီး ဒေါ်ယုယုတင်၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်မြတ်စမ်းငြိမ်း၊ မြန်မာစာပေပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု ပရဟိတအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ သန့်သော်ကောင်းတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်-**

> **"ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းစာကြည့်တိုက်မှူး သီးသန့်တစ်ယောက် ခန့်ထားနိုင်ရင် တကယ့်ကို Functional ဖြစ်နေတဲ့ စာကြည့်တိုက်ကောင်း တစ်ခုကို အမြဲတမ်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံမှာလည်း စာကြည့်တိုက်ဘွဲ့ရကလေးတွေ အများကြီးရှိနေပါတယ်။ ဒီလိုဘွဲ့ရပညာတတ်တွေ ကို ကျောင်းရဲ့ဖွဲ့စည်းပုံထဲမှာ စာကြည့်တိုက်မှူးတစ်ယောက် ခန့်ထားနိုင်မယ်ဆိုရင် ကျောင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်တိုးတက်ရေး လမ်းကြောင်းမှာ အင်အားတစ်ရပ်ဖြစ်သွားမှာ ဖြစ်ပါတယ်"**

*ယမန်နေ့မှအဆက်*

အပိုင်း (၂)

**အစီအစဉ်မှူး ။ ။ စာကြည့်တိုက်တွေ ရေရှည်တည်တံ့ရေးအတွက် လူမှုအဖွဲ့အစည်းဆိုင်ရာ စာကြည့်တိုက်များဆိုတဲ့ Community Library ပူးပေါင်းပါဝင်မှုကိုလည်း ဆရာမကဆက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

**ဒေါ်မြတ်စမ်းငြိမ်း ။ ။** ဒါက သိပ်အရေးကြီးပါတယ်။ Beyond Access Myanmar Project ဆိုတာ Community Librarian တွေနဲ့ တွဲပြီးတော့ မိတ်ဖက်အနေနဲ့ လုပ်နေကြတာ ဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့စာကြည့်တိုက်မှူးတွေရဲ့ အကူအညီနဲ့ ကျွန်မတို့ ကျောင်းစာကြည့်တိုက်တွေ အကောင်အထည်ဖော်ရတာ ဖြစ်ပါတယ်။ ကျောင်းစာကြည့်တိုက်တွေမှာ ကျောင်းအုပ်ကြီးတွေ၊ ဆရာဆရာမတွေ၊ မိဘတွေအားလုံးနဲ့အတူ တွဲဖက်လုပ်ကိုင်နေတာကတော့ Community စာကြည့်တိုက်မှူးတွေပါ။ ပြည်သူ့စာကြည့် တိုက်မှူးတွေ၊ ရပ်ရွာအခြေပြုစာကြည့်တိုက်မှူးတွေက ဒီကျောင်းတွေမှာ သွားပြီးတော့ ဒီကျောင်းတွေရဲ့လိုအပ်ချက်တွေ၊ အောင်မြင်မှုတွေကို Record လုပ်ထားတာပါ။ အောင်မြင်မှုရော၊ လိုအပ်ချက်ရော Record လုပ်ပြီး ဘယ်နေရာမှာ ဝိုင်းဝန်းဖြည့်ဆည်းပေးရမလဲဆိုတာကို အမြဲအဖြေရှာပါတယ်။ ဒီ Library Observation Form ဆိုတဲ့ဟာကို Let's Read Project က ချမှတ်ထားပြီးဖြစ်ပါတယ်။

ဒီနေရာမှာ Community စာကြည့်တိုက်မှူးတွေ၊ ပြည်သူ့စာကြည့်တိုက်မှူးတွေကို Credit ပေးရမှာဖြစ်ပါတယ်။ သူတို့က တစ်လကို နှစ်ခါ၊ သုံးခါ တတ်နိုင်သလို သွားပါတယ်။ သွားပြီးတော့ ကျောင်းအုပ်ကြီးနဲ့ ဆွေးနွေးတယ်။ ဆရာ ဆရာမတွေနဲ့ ဆွေးနွေးတယ်။ ရေရှည်တည်တံ့ဖို့အတွက် အဓိကအရေးကြီးဆုံးက ဘယ်သူလဲ။ ကျောင်းစာကြည့်တိုက်တစ်ခုက ဒီ Generation ကနေ Next Generation အထိ Forever အသက်ရှင်နိုင်ဖို့ ရေရှည်တည်တံ့ဖို့က ဆရာ ဆရာမတွေနဲ့ မိဘတွေပဲ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဆရာမအနေနဲ့ အခြေခံပညာကျောင်းတွေမှာ ကျောင်းစာကြည့်တိုက် အသုံးပြုမှုနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်နေတာလေးတွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

**ဒေါ်သစ်သစ်ခိုင် ။ ။** ကျောင်း စာကြည့်တိုက်တွေမှာဆိုရင် ကလေးတွေက ကလေးဘဝကတည်းက ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်နဲ့ ပညာဗဟုသုတတွေ ရှာမှီးတတ်တဲ့ အလေ့အကျင့်တွေ ရရှိလာဖို့အတွက် အထူးလိုအပ်ပါတယ်။ ကလေးဘဝကတည်းက စာဖတ်တတ်တဲ့ အလေ့အကျင့်တွေရဖို့ အများကြီးလိုအပ်ပါတယ်။ အဲဒီလို ကလေးတွေ စာဖတ်လာဖို့ဆိုရင် ကျွန်မတို့က စာကြည့်တိုက်တွေကို သွားချင်အောင်၊ စာဖတ်ချင်အောင် တစ်ယောက်နဲ့ တစ်ယောက်ပြန်ပြီး Share လုပ်ချင်အောင်၊ သူတို့သိခဲ့တဲ့ အသိလေးတွေကို ပြန်ပြီးတော့ ပြောကြမယ်။ ဆရာ ဆရာမကလည်း သူတို့မဖတ်နိုင်တဲ့ အကြောင်းအရာလေးတွေ ပြောပြပြီး ရှင်းပြမယ်ဆိုရင် ဒီစာကြည့်တိုက်က သူတို့အတွက် အကျိုးရှိတဲ့နေရာ၊ ပျော်စရာကောင်းတဲ့နေရာ၊ သူတို့မသိတာတွေကို သိဖို့အတွက် လုပ်ပေးတဲ့နေရာလို့ သူတို့က ခံယူထားကြမှာပါ။

ကလေးတွေအနေနဲ့ စာကြည့်တိုက်တွေကို သွားပြီးတော့ အသုံးပြုမယ့်အချိန်ကို သတ်မှတ်ပေးမယ်ဆိုရင် ပိုပြီးတော့ အဆင်ပြေမယ်ဆိုပြီးတော့ ဆရာကြီးတို့ဘက်ကနေ တောင်းဆိုပါတယ်။ ဒါကြောင့် ကျွန်မတို့ အခြေခံပညာဦးစီးဌာနအနေနဲ့ အခြေခံကျောင်းတွေမှာ တစ်ပတ်ကိုတစ်ကြိမ် စာကြည့်တိုက်အသုံးပြုချိန်အနေနဲ့ အသုံးပြုပြီးတော့ ကလေးတွေကို စာဖတ်ခန်း၊ စာကြည့်တိုက်ကို လွှတ်ပေးပါဆိုပြီးတော့ ညွှန်ကြားပါတယ်။ အဲဒီအတိုင်းပဲ ကျောင်းတော်တော်များများမှာတော့ လိုက်နာဆောင်ရွက်နေတာ တွေ့ရပါတယ်။ နောက်တစ်ခုက ကလေးတွေ စာကြည့်တိုက်အသုံးပြုလာဖို့အတွက်က ဆရာ ဆရာမတွေအနေနဲ့လည်း အများကြီးလိုအပ်ပါတယ်။ ဆရာ ဆရာမတွေက စာကြည့်တိုက်ကိုသွားဖို့အတွက် ကြိုးကြပ်ပြီးတော့ လမ်းညွှန်ဆောင်ရွက်မယ့် အခုလက်ရှိ ပြဋ္ဌာန်းစာအုပ်မှာ သင်ရတဲ့ အကြောင်းအရာတွေနဲ့ ချိတ်ဆက်ပြီးတော့ စာကြည့်တိုက်က ထပ်မံလေ့လာနိုင်မယ့် အကြောင်းအရာလေးတွေကို ကျွန်မတို့က သင်ခန်းစာခေါင်းစဉ်လေးပေးပြီး သူတို့ကို လေ့လာခိုင်းမယ်၊ လုပ်ငန်းလေးတွေ ပေးမယ်ဆိုရင် ကလေးတွေက မဖြစ်မနေ စာကြည့်တိုက်ကိုသွားပြီး လေ့လာကြမှာပါ။

အဲဒီလို လုပ်ငန်းလေးတွေပေးဖို့ ဒီဘက်မှာလည်း ဆရာ ဆရာမတွေကို အစည်းအဝေးတွေမှာ ညွှန်ကြားတယ်။ ပြောပြတယ်။ ဆွေးနွေးတယ်။ အခုလည်း ကျောင်းတော်တော်များများမှာ ဆောင်ရွက်လာပါပြီ။ ကလေးတွေ စာဖတ်တတ်တဲ့ အလေ့အကျင့်ရရှိဖို့ဆိုရင် အသက်ကြီးမှ ဒီလုပ်ငန်းကို လုပ်လို့ မရပါဘူး။ မူလတန်းအဆင့်အရွယ်ကတည်းက ကလေးဟာ စာဖတ်ခြင်းအလုပ်ကို သူသည်ပျော်မယ်၊ ဒီစာကြည့်တိုက်ကို သွားချင်တဲ့စိတ်ဖြစ်အောင် လေ့ကျင့်ပေးရပါမယ်။ အခုလည်း ကျောင်းတွေမှာ ကလေးမိတ်ဆွေ စာကြည့်တိုက်လေးတွေ ဖြစ်လာဖို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး ။ ။ စာကြည့်တိုက် အသုံးပြုသူတွေ များပြားပြီးတော့ ရေရှည်တည်တံ့အောင် ဆောင်ရွက်သင့်တဲ့ လုပ်ငန်းတွေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာသန့်သော်ကောင်း ။ ။** ဒါဟာ အင်မတန် အရေးကြီးပါတယ်။ စာကြည့်တိုက်ဆိုတာက ဖွင့်ရတာ လွယ်ပါတယ်။ ထိန်းသိမ်းရတာ ခက်ပါတယ်။ ရေရှည်တည်တံ့ဖို့အတွက် လုပ်သင့်တဲ့ အချက်လေးတွေ ရှိပါတယ်။ အဓိက (၆) ချက်လောက် ဆွေးနွေးချင်ပါတယ်။ နံပါတ် (၁) ကတော့ Fresh ဖြစ်ဖို့ လိုပါတယ်။ စာကြည့်တိုက်တွေဟာ အမြဲ သစ်လွင်ရမယ်။ စာကြည့်တိုက်ရဲ့ အခန်းကလည်း သစ်လွင်နေဖို့လိုသလို စာအုပ်တွေကလည်း သစ်လွင်ဖို့လိုပါတယ်။ ကျွန်တော်တို့ ပေးထားတဲ့ စာအုပ်တစ်အုပ်ဟာ ခြောက်လလောက်ဆိုရင် ကလေးတွေက အကုန်ဖတ်ပြီးသွားပြီ ဖြစ်ပါတယ်။ အဲဒီအခါကျရင် အသစ်တွေက ထပ်လိုလာလိမ့်မယ်။ ဒါကြောင့် နောက်ထပ် စာအုပ်အသစ်ထပ်ရနိုင်ဖို့ကို သင်တန်းတွေမှာလည်း ပို့ချပါတယ်။ ကျွန်တော်တို့ဘက်ကလည်း လှူနိုင်ရင်လှူမယ်၊ မလှူနိုင်လည်း ဒီကျောင်းမှာရှိတဲ့ မိတ်ဖက်အဖွဲ့တွေ ရှိတယ်။ မိဘဆရာအသင်းတို့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့နဲ့ ချိတ်ဆက်ပြီးတော့ စာအုပ်တွေကို လှူနိုင်အောင်၊ ရနိုင်အောင် ကြိုးစားဖို့ပါ။ အခန်းရော၊ စာအုပ်ရော၊ လူကလည်း Fresh ဖြစ်နေဖို့ လိုပါတယ်။

Regular Activities က အခုဆိုရင် တစ်ပတ် တစ်ကြိမ်ကို ပုံမှန်စာကြည့်တိုက် မသွားမနေရပေ့ါ။ ကလေးတွေက တက်တက်ကြွကြွနဲ့ မတိုက်တွန်းဘဲကို သွားတာပါ။ ပျော်လို့ကို သွားတာပါ။ အဲဒီအချိန်မှာ စာဖတ်ခြင်း လေးမျိုးကို အလှည့်ကျ လုပ်တယ်။ နောက်ပိုင်းကျရင်တော့ Read Review လေးတွေ လုပ်တာမျိုးတွေ ရှိလာမယ်။ ပြိုင်ပွဲလေးတွေလုပ်တာမျိုးတွေ ရှိလာမယ်။ ဒါက ပုံမှန်လှုပ်ရှားမှုပါ။ အရေးကြီးတဲ့ တစ်ချက်ကတော့ Ownership ပြန်ပေးဖို့ လိုပါတယ်။ ကျောင်းသူ ကျောင်းသားတွေပိုင်တဲ့ စာကြည့်တိုက်လေးဖြစ်ပါတယ်။ ဒီစာကြည့်တိုက်လေး ရေရှည်တည်တံ့ဖို့ သားတို့သမီးတို့က ဒါကို မွမ်းမံပါ။ ထိန်းသိမ်းပါဆိုတဲ့အခါ ကလေးတွေကိုယ်တိုင်က ပါဝင်လာပြီး စာအုပ်ကို ဝိုင်းစီပေးတာ၊ လုပ်အားပေးဝင်လုပ်ပေးတာ ဒါမျိုးလေးတွေကို တွေ့ရပါတယ်။ ဒါကျွန်တော်တို့က Ownership ပေးတာပါ။ ဒါမှသာလျှင် ဒီစာကြည့်တိုက်လေးသည် သူတို့ပိုင်တဲ့ စာကြည့်တိုက်လေးပါလားဆိုတဲ့ အမြင်လေးဖြစ်မှသာလျှင် သူတို့ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်မှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ Ownership ကို ရပ်ရွာကိုလည်း ပေးဖို့လိုပါတယ်။ ဒါမှလည်း ရပ်ရွာကလည်း တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ပေးလို့ရမှာပါ။

နံပါတ် (၄) အချက်က Partnership ပူးပေါင်းဆောင်ရွက်မှုပါ။ ဒီ Project ဆိုရင်လည်း ကျွန်တော်တို့ တစ်ဖွဲ့တည်းလုပ်တာ မဟုတ်ပါဘူး။ ပြည်တွင်းမှာဆိုရင် MBAPF အပြင် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ ပညာရေးဝန်ကြီးဌာနက အဓိကပါတယ်။ နိုင်ငံတကာမှာတော့ Room to Read က အဓိကပါပါတယ်။ အခုရက်ပိုင်းမှာတော့ MAX Power ဆိုတဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအဖွဲ့ကလည်း စာကြည့်တိုက် ၁၅ လုံးကို ရင်းနှီးမြှုပ်နှံထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးကလည်း စာကြည့်တိုက် ၁၆ လုံးအထိ လှူထားတာ ရှိပါတယ်။ ဒီ Partnership က ကျွန်တော်တို့ရဲ့တာဝန်ပါ။ ကျွန်တော်တို့က အမြဲတမ်းရှာရတာပေ့ါ။ အခုဆိုရင် UNICEF နဲ့ စကားပြောနေတာ ရှိတယ်။ ကျောင်းပေါင်း နောက်ထပ် ၄၉ ကျောင်းလောက် ထပ်ပြီးတိုးချဲ့ဖို့တွေ ရှိနေပါတယ်။ ကျွန်တော်တို့ ပံ့ပိုးတဲ့သူတွေက Partnership လုပ်ဖို့လိုသလို ကျောင်းတွေဘက်ကလည်း ကျောင်းအကျိုးတော်ဆောင်တွေနဲ့ Partnership တွေ ရှာဖို့လိုပါတယ်။

နောက်တစ်ချက်က Capacity Building လို့ခေါ်ပါတယ်။ စာကြည့်တိုက်မှူး စွမ်းဆောင်ရည်မြှင့်သင်တန်းတွေ ပေးဖို့လိုပါတယ်။ အဓိကက စာကြည့်တိုက်တစ်ခုကို ဘယ်လို Management လုပ်ရမလဲ၊ စာဖတ်ချိန်ကို ဘယ်လိုအကျိုးရှိအောင် အသုံးချရမလဲ။ ကိုယ့်စာကြည့်တိုက်တွေကို ကောင်းကောင်းဘယ်လိုလုပ်ရမလဲ။ ဒါမျိုးတွေကို Training ကောင်းကောင်းပေးပါတယ်။ ဒါမှသာလျှင် စာကြည့်တိုက်တွေကို သွားတဲ့အခါမှာ သေချာလုပ်တတ်မယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ အရေးကြီးဆုံးကတော့ M and E လို့ခေါ်ပါတယ်။ Monitory and Evaluations ပေ့ါ။ ကိုယ်လုပ်နေတဲ့ အလုပ်က ဘယ်လောက်ထိ အောင်မြင်နေလဲ၊ ဘယ်လောက်အတိုင်းအတာအထိ ဖြစ်နေပြီလဲ။ စောစောကပြောခဲ့တဲ့ Observation Form လေးကို Community Librarian နဲ့ ရပ်ရွာစာကြည့်တိုက်မှူးတွေက ယူရမယ်။ ကျောင်းတွေကို ယူသွားပြီးတော့ ကြည့်မယ်။ နောက် ခြောက်လလောက်ဆိုရင် အခုလုပ်နေတဲ့ Project မှာ ၇၁ ကျောင်းမှာ Categories သုံးမျိုး ကွဲသွားပါလိမ့်မယ်။ တစ်ခုကတော့ Developing လို့ခေါ်တဲ့ ဖွံ့ဖြိုးဆဲ စာကြည့်တိုက်တစ်ခုကတော့ Functional လို့ခေါ်တဲ့ လုပ်ငန်းလည်ပတ်နေပြီးတဲ့ စာကြည့်တိုက်၊ နောက်တစ်မျိုးကတော့ Highly Functional လို့ခေါ်တဲ့ အစွမ်းကုန်လည်ပတ်နေပြီးတဲ့ စာကြည့်တိုက်ဆိုပြီးတော့ Categories သုံးမျိုး ကွဲသွားပါတယ်။ ဒါမျိုးတွေကို နောက် ခြောက်လလောက်ဆို မြင်ရပါလိမ့်မယ်။ ဒီရေရှည်တည်တံ့ဖို့အတွက်က ဒီ ခြောက်မျိုးက အရေးအကြီးဆုံးဖြစ်ပါတယ်ဆိုတာကို တင်ပြချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ အဆင့်မြင့်ပညာ ကဏ္ဍမှာ ကျောင်းသား ကျောင်းသူတွေရဲ့ စာကြည့်တိုက် အသုံးပြုမှုနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုစာပေမျိုးတွေ လေ့လာဖတ်ရှုနေတယ်ဆိုတာ သိပါရစေ။**

**ဒေါ်ယုယုတင် ။ ။** အဆင့်မြင့်ပညာ ကဏ္ဍရဲ့ တက္ကသိုလ်ကောလိပ်တွေမှာဆိုရင် ကျောင်းသူ ကျောင်းသားတွေက သုတစာပေရော၊ ရသစာပေရော မျှမျှတတ ဖတ်ကြပါတယ်။ ပညာရပ်ဆိုင်ရာ စာအုပ်တွေကိုလည်း လေ့လာဖတ်ကြတယ်။ နောင်သူတို့ရဲ့ Major နဲ့ ဆိုင်တဲ့ Psychology, Philosophy, Chemistry တို့၊ Maths တို့နဲ့ပတ်သက်တဲ့ စာအုပ်တွေလည်း ဖတ်တယ်။ ဗဟုသုတရမယ့် ဉာဏ်စမ်းပဟေဠိစာအုပ်မျိုး၊ ကျန်းမာရေးနဲ့ ပတ်သက်တာမျိုး၊ ကမ္ဘာ့နိုင်ငံအကြောင်း၊ စီးပွားရေး၊ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ စာအုပ်မျိုးတွေ ဖတ်ကြပါတယ်။ ရသအနေနဲ့ဆိုရင် မြသန်းတင့်တို့၊ ဂျူးတို့၊ ဂျာနယ်ကျော်မမလေးစတဲ့ ဘာသာပြန်စာအုပ်မျိုးလည်း ဖတ်ကြပါတယ်။ နောက်ပြီးတော့ ကျမ်းပြုတဲ့သူတွေ၊ သုတေသနပြုနေတဲ့သူတွေ အားလုံးကလည်း လာပြီးတော့ အရင်က မဂ္ဂဇင်းဟောင်းတွေ၊ သတင်းစာတွေ သူတို့နဲ့ပတ်သက်ရာ လိုအပ်တဲ့ information တွေကို လာပြီးတော့ ဖတ်ကြပါတယ်။ နောက်ပြီးတော့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှာ စာအုပ်စာတမ်းအပြင် ပေ၊ ပုရပိုက်တွေလည်း စုဆောင်းထားတဲ့အတွက်ကြောင့် ပြင်ပသုတေသီတွေရော လာပြီး ပေ၊ ပုရပိုက်တွေကို လေ့လာပြီး အဲဒီမှာပါတဲ့ ဆေးကျမ်းတို့၊ ဓမ္မသတ်တို့၊ ဘာသာရေးဆိုင်ရာတို့၊ နက္ခတ်တို့နဲ့ ဗေဒင်ကျမ်းနဲ့ ပတ်သက်တာ မျိုးတွေလည်း လာပြီးတော့ ဖတ်ကြပါတယ်။

**အစီအစဉ်မှူး ။ ။ ဆရာမတို့ရဲ့စာကြည့်တိုက်ကို လူတိုင်းက အသုံးပြုနိုင်ပါသလား။ နောက် ကျောင်းသားမဟုတ်တဲ့ လူတွေအတွက်ရော ဘယ်လိုမျိုး စီစဉ်ထားလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

**ဒေါ်ယုယုတင် ။ ။** ကျွန်မတို့ စာကြည့်တိုက်က ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာရှိပြီး ရန်ကုန်တက္ကသိုလ်က ကျောင်းသူ ကျောင်းသားတွေလည်း ဖတ်နိုင်ပါတယ်။ ပြင်ပလူတွေအနေနဲ့ ဖတ်ဖို့အတွက် မှတ်ပုံတင်ကတ်ပြားကို ပြသပြီး ဖတ်လို့ရပါတယ်။ မိတ္တူကူးလို့ရတယ်။ Scan ဖတ်ပေးတယ်။ Digital Type လုပ်ပေးတယ်။ အိမ်ကိုငှားသွားမယ်ဆိုရင်တော့ နှစ်အုပ်ပေးငှားပါတယ်။ ပြင်ပလူတွေအတွက်လည်း အငှားကတ်လေးတွေ လုပ်ပေးထားပါတယ်။

**အစီအစဉ်မှူး ။ ။ ဒီစကားဝိုင်းနဲ့ ပတ်သက်ပြီး မိဘပြည်သူတွေ၊ ကျောင်းသား ကျောင်းသူတွေကို အသိပေးပြောကြားလိုတဲ့ အကြောင်းအရာလေးတွေရှိရင်လည်း ဖြည့်စွက်ပြောကြားပေးစေလိုပါတယ်။**

**ဒေါ်သစ်သစ်ခိုင် ။ ။** ပညာရေး ဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေနဲ့ ဖြည့်စွက်ပြောချင်တာကတော့ စာကြည့်တိုက်တွေ အသုံးပြုမှုနဲ့ ပတ်သက်ပြီး အဓိကကတော့ ကျောင်းအုပ်ကြီးပါ။

*စာမျက်နှာ ၂၃ သို့*

*စာမျက်နှာ ၂၂ မှ*

ကျောင်းအုပ်ကြီးရဲ့စွမ်းဆောင်ရည်အပေါ် မူတည်ပြီး ကိုယ့်ကျောင်းရဲ့စာကြည့်တိုက်တစ်ခုရဲ့သက်ဝင်လှုပ်ရှားမှု၊ Functional ဖြစ်မှုတွေဟာ ဒီကျောင်းအုပ်ကြီးပေါ်မှာ အလွန်အရေးကြီးပါတယ်။ ဒီကျောင်းအုပ်ကြီးက စာကြည့်တိုက်လုပ်ငန်းကို စိတ်ဝင်တစားနဲ့ ဆရာ၊ ဆရာမတွေနဲ့ရော မိဘ၊ ဆရာတွေနဲ့ရော ပြင်ပ Community အဖွဲ့တွေနဲ့ပါ ပူးပေါင်းပြီးတော့ ကလေးတွေအတွက်ကိုလည်း မိတ်ဆွေစာကြည့်တိုက်တစ်ခုဖြစ်ဖို့ဆိုတာ လိုအပ်တဲ့ စာအုပ်တွေက Update နဲ့ ပတ်သက်ပြီး ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာ ကျောင်းအုပ်ကြီးက သူ့ရဲ့ အဖွဲ့တွေနဲ့ ပူးပေါင်းပြီး သူသည် အမြဲတမ်း စဉ်းစားပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းအုပ်ကြီးတွေသည် ကျောင်းတွေမှာ သင်ကြားရေးသာမကဘဲနဲ့ ကလေးဘဝကတည်းကနေ သူတို့ အသက်ကြီးလာတဲ့အထိ အကျိုးရှိသွားမယ့် စာဖတ်ခြင်းအလေ့အကျင့်ကို ရှင်သန်နိုင်ဖို့က လုပ်ပေးရမယ့် တာဝန်ရှိပါတယ်။ ဒါကြောင့်မို့ ကျောင်းတစ်ကျောင်းရဲ့ စာကြည့်တိုက်ဖွံ့ဖြိုးဖို့အတွက်ဆိုရင် ကျောင်းအုပ်ကြီးအပါအဝင် ဆရာ ဆရာမတွေ၊ မိဘ၊ ဆရာအဖွဲ့တွေ၊ ရပ်မိရပ်ဖတွေ အကုန်လုံးက ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းအကြံပြုလိုပါတယ်။

**ဒေါက်တာသန့်သော်ကောင်း ။ ။** ဒီ စီမံကိန်းတွေ ရေရှည်တည်တံ့ခိုင်မြဲဖို့ အရေးကြီးဆုံးက ပူးပေါင်းဆောင်ရွက်မှုပါ။ ပူးပေါင်းဆောင်ရွက်မှုဆိုတဲ့နေရာမှာ ကျောင်းအုပ်ကြီးက အရေးကြီးပါတယ်။ သူ့ရဲ့ စိတ်ဝင်စားမှု၊ တက်တက်ကြွကြွရှိမှု၊ ဘယ်လောက်ထိ စွမ်းဆောင်နိုင်မှုရှိသလဲ၊ တခြားအဖွဲ့အစည်းတွေနဲ့ ဘယ်လောက်အထိ ပူးပေါင်းဆောင်ရွက်ချင်စိတ် ရှိသလဲဆိုတာ မူတည်နေပါတယ်။ ဒါကြောင့် ပူးပေါင်းဆောင်ရွက်မှုက အရေးကြီးပါတယ်။ ကျွန်တော်တို့ တစ်ဖွဲ့တည်းနဲ့ လုပ်လို့ မရပါဘူး။ ကျောင်းပေါင်း ၄၇၀၀၀ လောက်ရှိပါတယ်။ အဲဒီထဲမှာ ၂၆၀၀၀ လောက်ပဲ စာကြည့်တိုက်ရှိသေးတယ်။ ဒီစီမံကိန်းတွေဆိုတာက နိုင်ငံနဲ့ အဝန်း လုပ်ရမယ့် စီမံကိန်းတွေဖြစ်တဲ့အတွက်ကြောင့် ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ ဝိုင်းဝန်းဆောင်ရွက်ပေးကြတဲ့ ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ မြို့နယ်ပညာရေးမှူးတွေ၊ ကျောင်းအုပ်တွေ၊ ဆရာ ဆရာမတွေ၊ Community Librarian တွေပါ အထူးကျေးဇူးတင်ရှိကြောင်း ပြောချင်ပါတယ်။

**ဒေါ်မြတ်စမ်းငြိမ်း ။ ။** မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းအနေနဲ့ကတော့ Non-Professional တွေ Para-Professional တွေ ခုလိုပြောတဲ့ စာကြည့်တိုက်မှူးတွေ သူတို့က စာကြည့်တိုက်မှူးတွေ လုပ်နေကြတယ်။ ဒါပေမယ့် စာကြည့်တိုက်သင်တန်း မတက်ရသေးတဲ့ ဆရာ ဆရာမတွေ အများကြီးရှိပါတယ်။ အဲဒီအတွက် ကျွန်မတို့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းတွေက အခြေခံစာကြည့်တိုက်ပညာနဲ့ အဆင့်မြင့်စာကြည့်တိုက်ပညာဆိုပြီး နှစ်ပိုင်းခွဲပြီး တစ်နှစ်ကို နှစ်ကြိမ် အမြဲပြုလုပ်နေတာ ရှိပါတယ်။ စာကြည့်တိုက်လုပ်ငန်းကို လုပ်နေသောသူတွေ၊ စာကြည့်တိုက်လုပ်ငန်းကို ဝါသနာပါသူတွေ၊ စာပေကိုချစ်မြတ်နိုးသူတွေ မည်သူမဆို တက်ရောက်လို့ရပါတယ်။ ဒီဇင်ဘာမှာ တစ်လသင်တန်း ဖွင့်မှာဖြစ်တယ်။ အဲဒီအတွက်လည်း ဝန်ကြီးဌာနတွေ အကုန်လုံးကို စာပို့ထားပြီး ဖြစ်ပါတယ်။ ဒါက အခြေခံကစပြီး လုပ်ငန်းကျွမ်းကျင်အောင်နဲ့ စာကြည့်တိုက်ကို ချစ်မြတ်နိုးအောင် သင်ပေးလိုက်တာ ဖြစ်ပါတယ်။ တော်တော်များများ စာကြည့်တိုက်မှူးတွေ၊ ဆရာ ဆရာမတွေ လာတက်ကြပါတယ်။ အဲဒီလို တက်ပြီးတဲ့အခါမှာ သူတို့ဟာ ကျောင်းစာကြည့်တိုက်ကို စိတ်ဝင်စားသွားတယ်။

ပြောချင်တာက ယခင်တုန်းကရှိတဲ့ စာကြည့်တိုက်ဆိုတာ စာအုပ်ငှားရုံသက်သက်ပဲ ရှိတဲ့ စာကြည့်တိုက်တွေ ဖြစ်ခဲ့တယ်။ အခုအခါမှာ တကယ့်ကို အသွင်ပြောင်းလာတဲ့အချိန်မှာ စာကြည့်တိုက်ဆိုတာ တကယ်ကို အားလုံးပျော်ရွှင်ပြီးတော့ စိတ်ချမ်းမြေ့မှုရတဲ့ နေရာတစ်ခုဖြစ်တယ်။ ကလေးတွေ ပျော်တဲ့စာကြည့်တိုက်၊ ကလေးမိတ်ဆွေ စာကြည့်တိုက်ဖြစ်အောင် ကြိုးစားတဲ့နေရာမှာ အခက်အခဲတွေ အများကြီးရှိပါတယ်။ ပထမဆုံး Budget အခက်အခဲရှိတယ်။ နောက်တစ်ခါ စာကြည့်တိုက်ဖွင့်ချိန်နည်းတယ်။ စာကြည့်တိုက်မှူး သီးသန့်မရှိဘူး။ ကျောင်းစာကြည့်တိုက် ဆရာ၊ ဆရာမတွေက တာဝန်နှစ်ခုကို ထမ်းနေရတယ်။ အဲဒီတော့ ကျောင်းစာကြည့်တိုက်အလုပ်ကိုလည်း သူတို့ လုပ်ရတယ်၊ စာသင်ခန်းထဲမှာလည်း စာသင်ရတယ်။ ဒီ Work Group နှစ်ခုကို လုပ်နေရတာက သူတို့ဝါသနာပါလို့ သူတို့လုပ်နေကြတာ ဖြစ်ပါတယ်။ သူတို့ကို ဒီ Capabilities built လုပ်တဲ့အနေနဲ့ ဒီလို Training တွေ ပေးလိုက်ရင် သူတို့က စာကြည့်တိုက်လုပ်ငန်းတွေကို Highly Function တွေအဖြစ် လုပ်သွားနိုင်မှာဖြစ်တယ်။ ဒါက တစ်ချက်ပါ။

နောက်ရွေးချယ်စရာတစ်ခုက ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းစာကြည့်တိုက်မှူး သီးသန့် တစ်ယောက်ခန့်ထားနိုင်ရင် တကယ့်ကို Functional ဖြစ်နေတဲ့ စာကြည့်တိုက်ကောင်းတစ်ခုကို အမြဲတမ်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံမှာလည်း စာကြည့်တိုက်ဘွဲ့ရကလေးတွေ အများကြီးရှိနေပါတယ်။ ဒီလိုဘွဲ့ရပညာတတ်တွေကို ကျောင်းရဲ့ ဖွဲ့စည်းပုံထဲမှာ စာကြည့်တိုက်မှူး တစ်ယောက် ခန့်ထားနိုင်မယ်ဆိုရင် ကျောင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်တိုးတက်ရေး လမ်းကြောင်းမှာ အင်အားတစ်ရပ် ဖြစ်သွားမှာ ဖြစ်ပါတယ်။ မူလတန်း၊ အလယ်တန်း၊ အခြေခံပညာအထက်တန်းအဆင့်မှာ ကျောင်းစာကြည့်တိုက်တွေကို စနစ်တကျ အသုံးပြုလာတတ်ပြီဆိုရင် အဆင့်မြင့်ပညာတက္ကသိုလ်တွေ ရောက်သွားတဲ့အခါမှာ သူတို့ရဲ့သင်ကြားရေး၊ သင်ယူရေး၊ သုတေသနပြုရေးအတွက် စာကြည့်တိုက်ကို ကောင်းကောင်း အသုံးချတတ်သွားမှာ ဖြစ်တယ်လို့ နိဂုံးချုပ်အနေနဲ့ ပြောလိုပါတယ်။

**ဒေါ်ယုယုတင် ။ ။** ကလေးတွေကို မူလတန်း၊ အလယ်တန်းကတည်းက ဒီလိုစာကြည့်တိုက်ကို သုံးတတ်အောင်၊ ချစ်အောင်၊ စာပေကို ချစ်မြတ်နိုးလာအောင် လုပ်လာပြီဆိုတဲ့နောက် သူတို့တွေက အဆင့်မြင့်ပညာကျွေရောက်လာမယ်၊ တက္ကသိုလ်ရောက်လာပြီဆိုရင် စာကြည့်တိုက်ကို မလွဲမသွေ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်အနေနဲ့ Information တစ်ခုပေးချင်တာက ကျွန်မတို့ရဲ့ Website ဖြစ်တဲ့ www.uclmyanmar.org အခု လောလောဆယ်မှာတော့ တက္ကသိုလ်ကောလိပ် ၂၃ ကျောင်းရဲ့ Catalogue တွေ၊ e-resources တွေ တင်ထားပါတယ်။ ဒါတွေကို ကြည့်ကြပါ။ အသုံးပြုကြပါ။ information တွေ၊ သုတေသီတွေ စာတမ်းပြုစုတဲ့သူတွေ၊ ကျောင်းသား ကျောင်းသူတွေ ကြည့်ကြပါ၊ အဲဒါလေးတွေကိုလည်း Information ပေးချင်ပါတယ်။

ကျွန်မတို့ စာကြည့်တိုက်ကို မလာဘဲနဲ့လည်း e-mail တို့၊ Fax တို့၊ ဖုန်းတို့နဲ့ လိုချင်တဲ့ information တွေလည်း ဖြေပေးပါတယ်။ ကျွန်မတို့ရဲ့ e-mail ကတော့ uclmyanmarlibrary @ gmail.com ဖြစ်ပါတယ်။ စာကြည့်တိုက်မှာ ခေတ်မီနည်းပညာတွေနဲ့ လုပ်ထားတဲ့ စာအုပ်တွေ၊ ရှေးဟောင်းစာပေတွေလည်း ရှိနေပါတယ်။ ဒါကြောင့် စာကြည့်တိုက်ကို လာရောက်ပြီး အသုံးပြုကြပါ။ စာကြည့်တိုက်မှာ လာရောက်ပြီး စာပေဆွေးနွေးလို့ရပါတယ်။ နောက်ပြီး ကျောင်းသားကျောင်းသူတွေအတွက် တစ်ခါတလေမှာ Laptop တွေ မရှိရင် စာကြည့်တိုက်အတွင်းမှာ သုံးဖို့ service ဝန်ဆောင်မှုပေးနေပါတယ်လို့ သတင်းကောင်းပေးချင်ပါတယ်။ ။

**သတင်းအဖွဲ့**



## စံပြမြစိမ်းရောင်ကျေးရွာဆုချီးမြှင့်ပွဲ ကျင်းပ

**ရေစကြို ဇန်နဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြမြစိမ်းရောင်ကျေးရွာ ဆုချီးမြှင့်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးတင်သောင်းနှင့် ဦးမင်းဟန်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်စိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးပွဲကျင်းပရခြင်းအကြောင်းနှင့် စံပြမြစိမ်းရောင်ကျေးရွာ ရွေးချယ်ရေးအခြေခံမူများနှင့်အညီ ရွေးချယ်ပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန့်စင်ထွန်းက စံပြမြစိမ်းရောင် ကျေးရွာပထမဆုရ ရှစ်အိမ်တန်းကျေးရွာများကို လည်းကောင်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမြင့်သိန်းက စံပြမြစိမ်းရောင်ကျေးရွာ ဒုတိယဆုရ မင်းရွာကျေးရွာကိုလည်းကောင်း၊ မြို့နယ်စာရင်းရုံးမှ ဦးစီးအရာရှိ ဒေါ်ဆွေဇင်သန်းက တတိယဆုရ မြေစွန်းတော်ကျေးရွာကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော် (ရေစကြို)**

## ဂွမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး အပါအဝင် ငါးဦး၊ ဂွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငယ်တန်းစာရေး တစ်ဦးနှင့် မြေပွဲစားများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၈

**ရခိုင်ပြည်နယ် ဂွမြို့နယ် ကင်းပုံကျေးရွာအုပ်စုနှင့် ဆတ်သွားကျေးရွာအုပ်စုတို့တွင် အုန်းဥယျာဉ်ခြံမြေများကို ရောင်းချရာ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ ငွေကြေး ရယူခဲ့ခြင်းအပေါ် ဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားစာနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။**

**အဂတိလိုက်စားခြင်း စစ်ဆေးပေါ်ပေါက်**

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ရခိုင်ပြည်နယ် ဂွမြို့နယ် ကင်းပုံကျေးရွာအုပ်စုနှင့် ဆတ်သွားကျေးရွာအုပ်စုရှိ အုန်းခြံမြေများ ရောင်းချသည့်ကိစ္စနှင့်စပ်လျဉ်း၍ ကုမ္ပဏီတစ်ခုက လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်လျှောက်ထားခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်း၊ Special Power of Attorney များပြုလုပ်ခြင်း၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိရေး လုပ်ငန်းစဉ်များတွင် ဂွမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းမင်းဇော်သည် မြေပွဲစားများထံမှ ငွေကျပ် ၃၅ သိန်းကို လည်းကောင်း၊ လ/ထ ဦးစီးမှူး ဦးမောင်မောင်လွင်သည် မြေပွဲစားများထံမှ အမှုတွဲ တည်ဆောက်ရန်အတွက် ငွေကျပ် ငါးသိန်း၊ မြေတိုင်းလုပ်ငန်းအတွက် ငွေကျပ် ၆၅ သိန်းနှင့် မြေတိုင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် GPS တစ်လုံးကို လည်းကောင်း၊ မြေတိုင်း-၄ ဦးကျော်နိုင်ထွန်းသည် မြေပွဲစားများထံမှ ငွေကျပ် ၃၀၀၀၀ ကို လည်းကောင်း၊ မြေတိုင်း-၄ ဦးသန့်ဇော်လင်းသည် ငွေကျပ် ရှစ်သိန်းကို လည်းကောင်း၊ စာရင်းကိုင်-၄ ဒေါ်အေးအေးလွင်သည် ငွေကျပ် ၃၉၉၀၀၀၀ ကို လည်းကောင်း၊ ဂွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငယ်တန်းစာရေး ဦးစန်းယုအောင်သည် မြေပွဲစားများထံမှ ငွေကျပ် ၁၅၆၀၀၀၀ ကို လည်းကောင်း လက်ခံရယူခဲ့ခြင်းတို့သည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

**တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ**

ဂွမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းမင်းဇော်၊ လ/ထ ဦးစီးမှူး ဦးမောင်မောင်လွင်၊ မြေတိုင်း-၄ ဦးကျော်နိုင်ထွန်း၊ မြေတိုင်း-၄ ဦးသန့်ဇော်လင်း၊ စာရင်းကိုင်-၄ ဒေါ်အေးအေးလွင်နှင့် ဂွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငယ်တန်းစာရေး ဦးစန်းယုအောင်တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ လည်းကောင်း၊ အချင်းဖြစ် ဥယျာဉ်ခြံမြေများ ရောင်းချခြင်း လုပ်ငန်းစဉ်နှင့် ပတ်သက်၍ မြေပွဲစားများဖြစ်သည့် ဒေါ်ညွန့်ညွန့်သော်၊ ဦးအောင်နိုင်နှင့် ဦးရဲကျော်စွာ (ခ)ကျော်ကျော် (ခ)သားကြီးတို့သည် တောင်သူများထံမှ ငွေကျပ် ၂၆၅ ဒသမ ဝ၆၈ သိန်းကို တောင်းခံရယူခဲ့ပြီး ဝန်ထမ်းများအား ငွေကြေးများ ပေးခဲ့ကြခြင်းသည် ဝန်ထမ်းများ အဂတိလိုက်စားမှုဖြစ်စဉ်အပေါ် ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် အားပေးကူညီခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဒေါ်ညွန့်ညွန့်သော်၊ ဦးအောင်နိုင်နှင့် ဦးရဲကျော်စွာ (ခ)ကျော်ကျော် (ခ)သားကြီးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆၊ ၆၃ အရ လည်းကောင်း ရခိုင်ပြည်နယ် ဂွမြို့မရဲစခန်း၌ ယနေ့ရက်စွဲဖြင့် ပထမ သတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## ရထားခဲပေါက်မှုဖြစ်စဉ် မဖြစ်ပွားစေရေး ပညာပေးဟောပြော

**ညောင်လေးပင် ဇန်နဝါရီ ၂၈**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ခွဲ တပ်စု(၁) (ညောင်လေးပင်) တပ်စုမှူး ရဲအုပ်ဝင်းဆန်း ဦးစီးအဖွဲ့သည် ဇန်နဝါရီ ၂၈ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ညောင်လေးပင်ဘူတာအတွင်း ရထားနှင့် ယာဉ် တိုက်မိသည့်ဖြစ်စဉ်များ၊ ရထားကြိတ်/တိုက်မိသည့်ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ လျော့နည်းကျဆင်းရေး၊ မှုခင်းကျဆင်းရေးနှင့် ရထားခဲပေါက်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောမှုပြုလုပ်ခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေများ ရှင်းလင်းခြင်းများဆောင်ရွက်ရာ ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျင်ဆွေသောင်း၊ ရာအိမ်မှူး ဦးခင်မောင်ထွေး၊ ညောင်လေးပင်ရုံပိုင် (တာဝန်ခံ) ဦးစံမြွေးနှင့် ဒေသခံပြည်သူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## မောင်တောမြို့နယ်တွင် တန်ဖိုးငွေကျပ် ၆၀၄၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၈ ရက် နံနက် ၇ နာရီခွဲခန့်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ် နယ်မြေ(၅)၊ မင်္ဂလာကြီး ချောင်းဝအနီး မသင်္ကာဖွယ် လောင်းလှေတစ်စင်းကို အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က လှော်ခတ်နေသည်ကို တွေ့ရှိသဖြင့် စစ်ဆေးရန် အချက်ပြခေါ်ယူသော်လည်း လာရောက်ခြင်းမရှိဘဲ တစ်ဖက်နိုင်ငံ ရေပိုင်နက်အတွင်း ကူးခတ်ထွက်ပြေးသွားသဖြင့် လှေကို ပူးပေါင်းအဖွဲ့ဖြင့် သိမ်းဆည်းရမိစစ်ဆေးရာ WY/R စိတ်ကြွရူးသွပ်ဆေးပြား ၃၀၂၂၅၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၆၀၄၅ သိန်းဖိုး) ကို တွေ့ရှိသဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး ကွင်းဆက်ဖော်ထုတ်လျက်ရှိသည်။ **ရဲပြန်ကြား**



**ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် လောင်းလှေအား တွေ့ရစဉ်။**

# ခွေး ဗျ ခွေး (ခွေးရူးရောဂါကာကွယ်ရေး)

**ကိုတိုးကြီး(မွေး/ကု)**



ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးနေစဉ်။

"ခွေး ဗျ ခွေး"

ကျုပ်အလုပ်က သခင်ကို သစ္စာရှိဖို့နဲ့ ကိုက်ဖို့။ ကျုပ်က သော်တာဆွေ ဘာသာပြန်ထားတဲ့ 'ခွေးရွှေဝါ' စာအုပ်ကို သိပ်ကြိုက်တာ၊ အကြိုက်ဆုံးက စာအုပ်ရဲ့နောက်ဆုံးအခန်း၊ ခွေးရွှေဝါက သူ့သခင်အငယ်ဆုံးလေးကိုကယ်ဖို့ သူ့ထက် အများကြီးအင်အားလည်းကြီး၊ ရူးလည်းရူးနေတဲ့ ဝံပုလွေနဲ့ အပြတ်ကိုက်၊ အပြတ်ဖိုက်တာ၊ နောက်ဆုံး နိုင်ရောဆိုပါတော့။ ဒါပေမယ့် ကျုပ်မကြိုက်တာက ခွေးရွှေဝါကို သခင်လေးက ပစ်သတ်တာပဲ။ လူတွေက သူတို့အတွက်ပဲ ကြည့်တာဗျ။ ခွေးရူးရောဂါကူးမှာစိုးလို့ သူတို့အသက်ကိုကယ်ခဲ့တဲ့ ခွေးရွှေဝါကို ပစ်သတ်တာလေ။

အဲဒါကြောင့် ကျုပ်က သခင်ကို သစ္စာမရှိချင်ဘူး။ သစ္စာရှိစရာလည်း မလိုဘူးလေ။ ကျုပ်မှာ သခင်မှမရှိဘဲ။ ကျုပ်က လူတွေပြောနေတဲ့ ခွေးလေခွေးလွင့်ဗျာ။ အဲဒီတော့ ကျုပ်ရဲ့လောလောဆယ်အလုပ်က ကိုက်ဖို့၊ ဖိုက်ဖို့ပဲ။ ကျုပ်ရဲ့အသက်ရှင်နေထိုင်ရေးအတွက် ကိုက်ရမယ်၊ ဖိုက်ရမယ်။ လျှင်မြန်ဖျတ်လတ်ပြီး အကင်းပါးနေရမယ်။

မလည်ရင် ခံရမှာဗျ။ အခုတလော တိရစ္ဆာန်ဆေးကုဆရာဝန်ဆိုတဲ့လူတွေက သိပ်ဆိုးနေတာ။ ပိုင်ရှင်ရှိတဲ့ခွေးတွေရော၊ ကျုပ်တို့လို ခွေးလေခွေးလွင့်တွေကိုရော ခွေးရူးရောဂါကာကွယ်ဆေး လိုက်ထိုးနေတယ်ဗျ။

အဲဒါကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)တို့ ပူးပေါင်းပြီး လုပ်တာတဲ့ဗျ။ ခွေးရူးရောဂါကာကွယ်ဆေး အလုံးအရင်းနဲ့ အခမဲ့ထိုးနှံတဲ့ အစီအစဉ်တဲ့။ ခင်ဗျားတို့ကို မြင်စေချင်တယ်။ ကျုပ်တို့ကိုဖမ်းပြီး ဆေးထိုးဖို့ ဘတ်စကက်ဘောခြင်းလို ကွင်းနဲ့ ပိုက်အရှည်ကိုတပ်ပြီး လက်ကိုင်အရှည်နဲ့ လုပ်ထားတာ။ ကျုပ်ဘော်ဒါတစ်ကောင်ကို အဲဒီခြင်းနဲ့အုပ်စွပ်ပြီး ပိုက်ထဲရောက်သွားတော့ လက်ကိုင်ကို လှည့်လိမ်လိုက်တာ လှုပ်လို့ကိုမရဘူး။

လှုပ်လို့မရတော့မှ ဆေးထိုးထည့်လိုက်တာ။ ပြီးတော့ လည်ပတ် တပ်လွှတ်လိုက်သေးတယ်။ ထိုးပြီးကြောင်းပေါ့ဗျာ။ ကျုပ်ဘော်ဒါပြောတာတော့ ကျုပ်တို့အချင်းချင်း ကိုက်တာထက် နာသေးတယ်တဲ့၊ ဟုတ်လောက်တယ်ဗျ၊ အဲဒီကောင် အော်လိုက်တာ ဂိန်-ဂိန်-ဂိန်-ဂိန်နဲ့ မပြီးနိုင်ဘူး။

မှတ်မှတ်ရရ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့က စထိုးတာဗျ။ ကျုပ်တို့ လယ်ဝေးတစ်မြို့နယ်လုံး လှည့်နေလေ့အောင်း မြင်းဇောင်းမကျန်ပေါ့၊ မျှားလိုက်တဲ့ ခွေးတွေဗျာ၊ ၃၅၆၁၈ ကောင် အထိုးခံရတယ်တဲ့။ ဒီကြားထဲ ကြောင် ၅၁၇ ကောင်က အဆစ်ပါသွားသေးဆိုပဲ။ ၂၀၁၇ ခုနှစ်မှာတော့ခွေး ၂၇၉၁၇ ကောင်နဲ့ ကြောင် ၁၄၇ ကောင်၊ ၂၀၁၈ ခုနှစ်မှာတော့ ခွေး ၂၅၆၁၈ ကောင်နဲ့ ကြောင် ၉၀၉၂ ကောင် အထိုးခံရတယ်တဲ့။

ကျုပ်လား- ကျုပ်က လျှင်လို့ အထိုးမခံရပါဘူးဆို။ ကျုပ်က အမြဲ သတင်းယူတယ်။ တိရစ္ဆာန်ဆရာဝန်တွေကိုလည်း အမြဲ စောင့်ကြည့်တယ်။ မနေ့က အဲဒီဆရာတွေ လက်ဖက်ရည်ဆိုင်မှာ ပြောနေတာကိုကြားရတော့ ကျုပ်အလွန်အံ့သြသွားတယ်၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနဲ့ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့တို့ ခွေးရူးရောဂါကာကွယ်ဆေးထိုးနေတာ လယ်ဝေးတစ်မြို့နယ်တည်းမှ မဟုတ်ဘဲ။ မော်ဘီမြို့နယ်နဲ့ ပုဂံ-ညောင်ဦးမြို့နယ်တို့လည်း ပါတာကိုး။ ၂၀၁၈ ခုနှစ်မှာတော့ FOUR PAWS ဆိုတဲ့အဖွဲ့တောင် ပါလာတယ်တဲ့။

ကျုပ်လည်း တိရစ္ဆာန်ဆရာဝန်တွေ ပြောနေကြတာကို အသာလေး ဆက်ပြီး နားထောင်နေလိုက်တယ်၊ အမယ်လေး-ခုမှ ခွေးရူးရောဂါအကြောင်း သိရတော့တာဗျို့။ ခွေးရူးရောဂါဖြစ်စေတာက Rabies Virus (ခွေးရူးပိုင်းရပ်)ကြောင့်။ အဖြစ်များတဲ့ သတ္တဝါတွေက ခွေး၊ ကြောင်၊ မြေခွေး၊ ဝံပုလွေ၊ ခွေးအ စတဲ့သတ္တဝါတွေ။ ခွေးကိုက်ခံရတာကနေ လူကိုကူးတာများလို့ မြန်မာလို ခွေးရူးရောဂါ ဖြစ်လာတာ။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)ရဲ့ စစ်တမ်းအရ လူတွေမှာ ခွေးရူးရောဂါဖြစ်တာ ၉၉ ရာခိုင်နှုန်းအထက်က ခွေးကိုက်လို့တဲ့။

ခွေးရူးအကိုက်ခံရတဲ့သူမှာ ခွေးရူးရောဂါပိုး ကူးစက်ခဲ့ရင် ရောဂါပိုးက အကိုက်ခံရတဲ့ဒဏ်ရာကနေ နာဗ်(Nerves)လို့ခေါ်တဲ့ အာရုံခံဆဲလ်တွေကတစ်ဆင့် ဦးနှောက်ဆီကို တစ်ရက် တစ်စင်တီမီတာနှုန်းလောက်နဲ့ သွားတာတဲ့ဗျာ။ ဦးနှောက်ကို ရောက်သွားရင်တော့ ဦးနှောက်အမှေးရောင်ပြီး သေတော့တာပေါ့ဗျာ။ အဲဒီအချိန်ရောက်ရင်တော့ ကုရာနတ္ထိ ဆေးမရှိဘဲဗျ။ ခွေးရူးကိုက်ရင်ကိုက်ချင်း ခွေးရူးရောဂါကာကွယ်ဆေး ထိုးထားရင်တော့ ဘာမှမဖြစ်ဘူး။ ၁၀၀ ရာနှုန်းပြည့် စိတ်ချရတယ်ဆိုပဲ။

လူမှာတွေ့ရတဲ့ ခွေးရူးပြန်ရောဂါ လက္ခဏာတွေကတော့-

(က) ကူးစက်ခံရသောဒဏ်ရာမှ စူးခနဲ နာကျင်ခြင်း
(ခ) ရေကြောက်ခြင်း
(ဂ) ဂဏှာမငြိမ်ခြင်း
(ဃ) သွားရည်များစွာထွက်ခြင်း
(င) တက်ခြင်း
(စ) ဦးနှောက်အမှေး ပြင်းထန်စွာရောင်ခြင်း
(ဆ) သေဆုံးခြင်းတို့ပဲဗျ။

လူတွေကတော့ ခွေးရူးကိုက်ခံရရင်

(က) ဒဏ်ရာကို ရေများများသုံးပြီး ဆပ်ပြာ(သို့မဟုတ်) ပိုးသတ်ဆေးတစ်မျိုးမျိုးနဲ့ ငါးမိနစ်၊ ၁၀ မိနစ်လောက် အချိန်ယူပြီး ဆေးကြတယ်။
(ခ) ခွေးရူးရောဂါကာကွယ်ဖို့ ဆေးဘက်ဆိုင်ရာဆရာဝန်နဲ့ တိုင်ပင်တယ်။
(ဂ) ညွှန်ကြားချက်အတိုင်း လိုက်နာတယ်။
(ဃ) ကာကွယ်ဆေးကို ဆေးပတ်လည်အောင် အပြည့်ထိုးတယ်ဆိုတဲ့ အချက်တွေကို လုပ်ကြတယ်ဗျ။ အလွန်အရေးကြီးတယ်နော်။

အဲဒီတော့ ကျုပ်တို့လို ခွေးတွေမှာလည်း ခွေးရူးရောဂါဖြစ်ရင် ဘယ်လိုလက္ခဏာတွေ တွေ့ရလဲဆိုတာ သိထားရမယ်ဗျ။ ခွေးရူးရောဂါဖြစ်နေတဲ့ ခွေးမှာ-

-ရုတ်တရက် အမူအရာပြောင်းသွားခြင်း
-ထိုင်းမှိုင်းခြင်း၊ အစာမစားခြင်း
-စိတ်ဆိုးအမျက်ထွက်အောင် မလုပ်ဘဲနှင့် ရန်လိုနေပြီး ကိုက်တတ်ခြင်း
-တုတ်ချောင်း၊ စက္ကူစသဖြင့် တွေ့ကရာကို ကိုက်စားခြင်း
-ဦးတည်ရာမဲ့ ပြေးသွားနေခြင်း
-အသံအက်ဖြင့် အူခြင်း၊ ဟောင်ခြင်း
-အစာနှင့် ရေကို မျိုချရန် ခက်ခဲခြင်း
-သွားရည်(သို့မဟုတ်) တံတွေးများ၊ အမြှုပ်များ လွန်ကဲစွာထွက်ကျခြင်း စတဲ့ လက္ခဏာတွေ တွေ့ရတယ်ဗျ။

ကျုပ်ကတော့ အဲဒီလိုဖြစ်နေတဲ့ အကောင်တွေကို သွားမဖိုက်၊ သွားမကိုက်တော့ဘူး၊ ရှောင်မှဖြစ်မယ်။ ခွေးရူးရောဂါဖြစ်တဲ့ကောင်နဲ့ကိုက်မိလို့ ကာကွယ်ဆေးမထိုးနိုင်ရင် အသက်ဆုံးမယ့်ရောဂါဗျ။ အဲဒီတော့ ကျုပ်ပထမဆုံးပြောခဲ့တဲ့ ခွေးရွှေဝါကို သခင်လေးက ပစ်သတ်တာကို မအံ့သြတော့သလို ကာကွယ်ဆေးမရှိသေးတဲ့အချိန်၊ အလွယ်တကူမရနိုင်တဲ့ အချိန်အခါမှာ ဒီလိုပဲလုပ်ရမှာလို့ ထောက်ခံလိုက်တယ်။

ဘာ့ကြောင့်လဲဆိုတော့ ဒီရောဂါက ဆင့်ကဲဆင့်ကဲကူးစက်ပြီး လူတွေ၊ တိရစ္ဆာန်တွေကို မကြည့်ရက်စရာအဖြစ်မျိုးနဲ့ သေကျေစေနိုင်တာဗျ။ အဲဒါကြောင့်ပဲ လူတွေက ခွေးရူးရောဂါကိုတိုက်ဖျက်ဖို့ ကြိုးစားနေကြတာ။ ကာကွယ်ဆေးကလည်း တိရစ္ဆာန်အတွက်ရော လူတွေအတွက်ပါ ပေါ်ပေါက်နေပြီပဲ။ ကာကွယ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ သုံးရမှာပေါ့။ ကာကွယ်ဆေးသုံးခြင်းအားဖြင့် ၁၀၀ ရာနှုန်းပြည့် ကာကွယ်နိုင်တယ်ဗျ။

ခွေးရူးရောဂါအန္တရာယ်ရှိတဲ့နေရာမှာ ရှိနေတဲ့ ခွေးကောင်ရေရဲ့ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရင် ရောဂါဖြစ်ပွားတဲ့ သံသရာစက်ဝန်းကို ဖြတ်နိုင်တယ်။ အဲ့ဒါကြောင့် ခွေး၊ ကြောင်တွေရဲ့ပိုင်ရှင်အားလုံး ကာကွယ်ဆေးထိုးဖို့ တာဝန်ရှိတယ်ဗျာ။

ထိုးအောင်လည်း အသိပညာပေးကြရတာပေါ့။ ခွေးရူးရောဂါကို အမြစ်ဖြတ်နိုင်ဖို့ နှစ်စဉ် စက်တင်ဘာလ ၂၈ ရက်နေ့ကို ကမ္ဘာ့ ခွေးရူးရောဂါကာကွယ်ရေးနေ့(World Rabies Day)အဖြစ် သတ်မှတ်ပြီး မြန်မာနိုင်ငံမှာတော့ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနက ဦးဆောင်လို့ လှုပ်ရှားမှုတွေလည်း တိုးမြှင့်ဆောင်ရွက်နေကြတယ်တဲ့။

ကဲ-ကျုပ်လား၊ ခွေး ဗျ ခွေး၊ ခွေးမှ အင်မတန်လျှင်တဲ့ ခွေးလေ ခွေးလွင့်ဗျ။ ဒီတစ်ခါ တိရစ္ဆာန်ဆေးကုဆရာဝန်တွေ ဆေးထိုးဖို့ လိုက်ဖမ်းရင် သွားအဖမ်းခံပြီး ကာကွယ်ဆေးထိုးတာခံလိုက်မယ်ဗျာ။ ဘာလို့လဲ ဟုတ်လား။

ကျုပ်မှ မသေချင်သေးပဲ။ ။

**(မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ လှုပ်ရှားဆောင်ရွက်မှုများအား ထောက်ခံကြိုဆိုလျက်)**




ခွေးရူးရောဂါကာကွယ်ရေး ကွင်းဆင်းကုသသည့် ဝန်ထမ်းများ မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။



## ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ်အကြို ဗိုလ်ချုပ်ပုံတူပန်းချီဆွဲပြိုင်ပွဲ ကျင်းပ

**လှိုင်းဘွဲ့ ဇန်နဝါရီ ၂၈**

ကျောင်းသား ကျောင်းသူများသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ် ပုံတူပန်းချီဆွဲပြိုင်ပွဲကို ယနေ့နံနက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဗိုလ်ချုပ်ပုံတူပန်းချီဆွဲပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စန်းမြင့်က ဗိုလ်ချုပ်၏ ဖြောင့်မတ်တည်ကြည်သည့်စိတ်၊ အမှန်တရားကိုမြတ်နိုးသည့်စိတ်၊ ရဲစွမ်းသတ္တိရှိမှု၊ အများအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်တတ်မှု စသည့်အကြောင်းအရာများ ပေါ်လွင်စေရန်နှင့် နိုင်ငံသူ နိုင်ငံသားများနှင့် ကလေးငယ်များ၏ စိတ်ထဲတွင် ဗိုလ်ချုပ်အား စွဲမြဲသွားပြီး အတုယူတတ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ကျောင်းသားကျောင်းသူ ၂၂ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယ ရရှိသော ကျောင်းသား ကျောင်းသူများကို ဗိုလ်ချုပ်မွေးနေ့ အထိမ်းအမှတ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲအခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းသန်း**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း စတုတ္ထအကြိမ်မြောက် ဒေသတွင်းမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

# အာဆီယံနိုင်ငံများအနေဖြင့် ဒေသတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများရရှိရေး ထိထိရောက်ရောက်ဆောင်ရွက်ပေး

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စတုတ္ထအကြိမ်မြောက် ဒေသတွင်းမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာဆွေးနွေးပွဲ တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဇန်နဝါရီ ၂၈**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ Park Royal Hotel ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် IFEF တို့ ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ်မြောက် ဒေသတွင်းမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးစိုးအောင်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊လွှတ်တော်ကိုယ်စားလှယ်များ၊သံအမတ်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊အစိုးရမဟုတ်သောပြည်တွင်း၊ ပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ 

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍

### အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဇာတ်လမ်းတွဲများ MRTV ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(ACC-Myanmar)၊ ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ အဂတိ လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (ICAC)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)တို့ပူးပေါင်းစီစဉ်တင်ဆက်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေး ဇာတ်လမ်းတွဲများဖြစ်သည့် "အမှန်တရားဘက်တော်သား၊ ICAC အဖွဲ့သားများ" ICAC Investigators ၂၀၁၆ အပိုင်း(၁)ကို ဖေဖော်ဝါရီ ၂ ရက် ည ၉ နာရီ၌ လည်းကောင်း၊ အပိုင်း(၂) ကိုဖေဖော်ဝါရီ ၉ ရက်ည ၉ နာရီ၌လည်းကောင်း၊ 

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆

Times City

Times City ၏

Jewellery & Luxury Mall တွင် မြန်မာနိုင်ငံ၏ကြီးကျယ်ခမ်းနားဆုံးသော ကျောက်မျက်ရတနာနှင့် ရွှေဆိုင်များ၊ Gold Stock Exchange၊ ကျောက်မျက်ရတနာနှင့် ရွှေစမ်းသပ်ခန်းများကို တစ်စုတစ်ဝေးတည်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကမ္ဘာ့အဆင့်မီ Branded ဆိုင်များကိုလည်း ပါဝင်ရောင်းချ သွားမည်ဖြစ်ပါသည်။

စိတ်ပါဝင်စားသော မိတ်ဆွေများအတွက် နေ့စဉ်နံနက် ၉း၀၀ နာရီမှညနေ ၅း၀၀ နာရီအထိ Information Centre အားဖွင့်လှစ်ပေးထားပါသဖြင့် မိတ်ဆွေများသိရှိလိုသည့် အချက်အလက်များ၊ငှါးရမ်းဝယ်ယူလိုသည့် ဆိုင်ခန်းများအား လာရောက်ကြည့်ရှုစုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် Times City မိသားစုမှ အကောင်းဆုံးဝန်ဆောင်မှုများ၊ အထူးဈေးနှုန်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

*Soft opening on 01 May 2019*

| | | | |
|---|---|---|---|
| ဆက်သွယ်ရမည့်လိပ်စာ | - Times City ဟော်သာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ | Website | - http://www.timescity.com.mm |
| | | Facebook | - Times City Yangon - Myanmar |
| ဖုန်းနံပါတ်များ | - 09-765800800 , 09-764800800 , 09-5045777 | Email | - timescityproject@gmail.com |